# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည့် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)**


၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် ၂၀၁၇ ခုနှစ်၊ မေ ၁၃ ရက်၊ စနေနေ့၊ အတွဲ (၅၆)၊ အမှတ် (၂၂၂)


# နိုင်ငံတော်သမ္မတဦးထင်ကျော် ICRC ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံနှင့် ICRC အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်


စာမျက်နှာ - ၃




# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးကျင်းပ

## မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးကလည်း စိတ်ဝင်စားမှုရှိနေ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

**နေပြည်တော် မေ ၁၂**

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ (၁၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းနှင့် ဦးသုဝေ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယနေ့ ကျင်းပသည့် အစည်းအဝေး၌ အဓိကအားဖြင့် မေ ၂၄ ရက်တွင် စတင်မည့် ညီလာခံအတွက် ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ ယင်းနှင့် ဆက်နွယ်နေသည့် အခြားကိစ္စများကိုလည်း ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့ကြိုးပမ်းခဲ့သည်မှာတစ်နှစ်ကျော်ရှိပြီ ဖြစ်ပါကြောင်း။

တစ်နှစ်ကျော် ကာလအတွင်း အားလုံးခြုံကြည့်လျှင် တိုးတက်မှုရှိသည်ဟု ယူဆပါကြောင်း၊ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ တစ်ကမ္ဘာလုံးကလည်း စိတ်ဝင်စားမှု ရှိနေပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့နိုင်ငံအတွက်သာမက အခြား


*စာမျက်နှာ ၃ ကော်လံ ၁* ❁



ပထမ အမျိုးသားအာမခံ

FNI

FIRST NATIONAL INSURANCE

ASSURING PEACE OF MIND, THE ESSENCE OF LIFE

www.fnipublic.com

သောက ကင်းဝေး စိတ်အေးစေနိုင် FNI

မော်တော်ယာဉ် အာမခံ

မီး အာမခံ

မြေငလျင် အာမခံ

လေမုန်တိုင်း အာမခံ

ရေကြီးရေလျှံ အာမခံ

ဖောက်ထွင်းခိုးယူမှု အာမခံ

ခရီးသွား အာမခံ

ကျန်းမာရေး အာမခံ

ကုန်စည်သယ်ယူပို့ဆောင်မှု အာမခံ

နှင့်

အခြားအာမခံများ



လျော်ကြေးနှင့် Survey ဝန်ဆောင်မှုများကို (၂၄)နာရီဝန်ဆောင်မှုပေးနေပါသည်။

ရန်ကုန် (ရုံးချုပ်) 01-8610661~5

ရန်ကုန် (မရမ်းကုန်းရုံးခွဲ) 01-9666163~4

မန္တလေး 02-2844525, 09-423687900

မော်လမြိုင် 057-26538, 09-442258990~1

မုံရွာ 071-26281, 09-442258992~3

ပြည် 053-24220, 09-442258994~5

မြန်မာ့အလင်း

# အချိန်ပိုယူခြင်းနှင့် ရေရှည်တွင် ကောင်းမည့်အစဉ်အလာချမှတ်ခြင်း

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)၏ လုပ်ငန်းကော်မတီများအစည်းအဝေးကို မေလ ၇ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးများသို့ အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့၊ အနိုင်ရနိုင်ငံရေးပါတီများ အစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှ တင်သွင်းလာသောအချက်များကို လုပ်ငန်းကော်မတီ ငါးခုမှစိစစ်ပြီး အပြီးသတ်အဆိုပြုလွှာအဖြစ် တင်သွင်းရမည်ဖြစ်ပါသည်။ ထိုလုပ်ငန်းကော်မတီများမှာ နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ၊ စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ၊ လူမှုရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးမှု လုပ်ငန်းကော်မတီတို့ဖြစ်ကြသည်။

အခြားသောကဏ္ဍများနှင့် နှိုင်းယှဉ်ပါက နိုင်ငံရေးကဏ္ဍသည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ အကြံပြုချက်ဖြင့် အဆိုပြုချက်များ အများဆုံးတက်လာသည်ဟုသိရသည်။ စာတမ်းများအနေဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုပွဲများမှ စာတမ်းငါးစောင်၊ တပ်မတော်အစုအဖွဲ့မှ စာတမ်းတစ်စောင်နှင့် နိုင်ငံရေးပါတီများမှ စာတမ်းများကိုအခြေခံဆွေးနွေးခဲ့ကြပြီး အခြေခံမူအချက် ၂၀ ရရှိခဲ့သည်။ ထိုအချက်များထဲမှ အတူညီဆုံး၊ အကောင်းဆုံးဖြစ်မည့် အချက်များကို ရွေးထုတ်ကာ ဘာကြောင့် အသင့်တော်ဆုံးဖြစ်သည်ဆိုသော အကြံပြုချက်နှင့်အတူ UPDJC သို့ တင်သွင်းရမည်ဖြစ်သည်။

နိုင်ငံရေးဆွေးနွေးပွဲဖြစ်စဉ်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်စဉ်များမှာ NCA စာချုပ်ကို အခြေခံ၍ဆွေးနွေးရခြင်းဖြစ်သည်။ အကြံပြုချက်များထဲမှ ဖက်ဒရယ်စနစ်၊ ဒီမိုကရေစီစနစ်တို့နှင့် ဆန့်ကျင်သော၊ ပြည်ထောင်စုစနစ်နှင့် ကွဲလွဲသောအချက်များကို ချန်ထားပြီး ဒီမိုကရေစီစနစ်နှင့် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များအား အပြည့်အဝ အာမခံချက်ပေးသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလိုအပ်ဆုံးသောအချက်များကို ရွေးထုတ်ကြရခြင်းဖြစ်ပါသည်။

လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဟူ၍ ခေါင်းစဉ်နှစ်ခုရှိရာ နိုင်ငံတော်ကာကွယ်ရေးကိစ္စရပ်များ ခေါင်းစဉ်အောက်မှ ကာကွယ်ရေးဆိုင်ရာမူဝါဒများကို အဓိကဆွေးနွေးခဲ့ကြသည်ဟု သိရသည်။ ကာကွယ်ရေးဆိုင်ရာမူဝါဒများနှင့်ပတ်သက်၍ အစိုးရအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် နိုင်ငံရေးပါတီများအဖွဲ့တို့မှ စာတမ်းတစ်စောင်စီကိုဆွေးနွေးပြီး ပြည်ထောင်စုအဆင့်သို့ဆက်လက်တင်ပြဆွေးနွေးမည်ဟု သိရသည်။ လူမှုရေးကော်မတီအနေဖြင့် ဒုက္ခသည်များအား ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးပြီး အခြေခံမူများ ရရှိအောင်ပြုလုပ်သွားမည်ဟု သိရသည်။

NCA စာချုပ်ပါ သဘောတူညီချက်များအရ ညီလာခံများ၏ကြားကာလတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပပြီး ထိုဆွေးနွေးပွဲများမှတင်သွင်းသော အဆိုပြုချက်များကို စိစစ်၍ နောက်တစ်ကြိမ်ညီလာခံတွင် အများသဘောညီသော အနိမ့်ဆုံးသဘောတူနိုင်သည့်အချက်များကို ညီလာခံဆုံးဖြတ်ချက်အနေဖြင့် ရွေးချယ်အတည်ပြုရန်ဖြစ်သည်။ ၎င်းအချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန်၊ ဖြည့်စွက်ရန်အချက်များ ဖြစ်လာမည်ဖြစ်ပါသည်။

၎င်းကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဗြိတိန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် မေလ ၉ ရက်နေ့က တွေ့ဆုံရာတွင် အခြေခံဥပဒေပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်သည် အလွန်ဆက်နွှယ်နေကြောင်း၊ NCA စာချုပ်မှာပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု၊ ဒီမိုကရေစီပြည်ထောင်စုတစ်ခုသို့ ပြုပြင်ပြောင်းလဲသွားရမည်ဆိုသော အချက်ပါပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးကို လွှတ်တော်ထဲတွင် ပြုလုပ်ရမှာဖြစ်ပြီး လမ်းပေါ်ထွက် ပြုလုပ်လို့မရနိုင်ကြောင်း၊ သို့ဖြစ်၍ အချိန်ယူကာ တကယ်ကောင်းမွန်သည့် အစဉ်အလာများချမှတ်မည်လား သို့မဟုတ် ဖြတ်လမ်းနည်းဖြင့် ရေတိုတွင် ကိုယ်လိုချင်တာရပြီး ရေရှည်တွင် နိုင်ငံအတွက် မကောင်းသည့် အစဉ်အလာများကို ချမှတ်သွားမည်လားဆိုသည်ကို ရွေးမည်ဆိုပါက အချိန်ပိုလာ၍ နိုင်ငံအတွက် ရေရှည်တွင်ကောင်းမည့် အစဉ်အလာများကိုသာ ချမှတ်သွားချင်ကြောင်း ပြောကြားခဲ့ပါသည်။

ယခုအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ UPDJC ၏ လုပ်ငန်းကော်မတီအစည်းအဝေးများတွင် အကောင်းဆုံး၊ အသင့်တော်ဆုံးနှင့် အများဆုံးသဘောတူညီနိုင်မည့် အချက်များကို ရရှိအောင် စိတ်ရှည်စွာဆွေးနွေးနေကြခြင်းမှာ ဤသဘောပင်ဖြစ်ပါသည်။ ဆက်လက်၍ UPDJC အစည်းအဝေးများ၊ ထိုမှတစ်ဆင့် (၂၁) ရာစု ပင်လုံညီလာခံတို့တွင် ဆွေးနွေးရမည်ဖြစ်ပါသည်။ ထိုညီလာခံကြီးမျိုး အကြိမ်အချို့ ပြုလုပ်ခြင်းဖြင့်သာ အချိန်ပိုယူခြင်းဖြင့် ရေရှည်တွင်ကောင်းမည့် အစဉ်အလာများ ချမှတ်နိုင်မည်ဖြစ်ပါကြောင်း တင်ပြရပါသည်။ ။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်း လုံးဝမရှိတော့စေရန် ၂၇.၆.၂၀၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခြင်းကို မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။

တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို တပ်မတော်မှ ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခု စနစ်တကျ ထွက်ခွာခွင့်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခံရကြောင်း၊ တာဝန်ပေးခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉၄၂၁၁၆၆၇၀၁၊ ၀၉၄၂၁၁၆၆၇၀၂၊ စာတိုက်သေတ္တာအမှတ် ၆၇၉

Save the Children
World Vision

## (၁၂)ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် မေ ၁၂**

စွယ်စုံမီဒီယာဂရု(ပ်) (Swesone Media Group)၏ သုတစွယ်စုံစာအုပ်တိုက်ကချီးမြှင့်မည့် (၁၂)ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆုရရှိသူများမှာ သုတစွယ်စုံ တစ်သက်တာစာပေဆုအတွက်စည်သူဒေါက်တာသော်ကောင်း(ဆရာဦးသော်ကောင်း)၊ နိုင်ငံတကာရေးရာဘာသာရပ်အတွက် ဦးသိန်းလှိုင်၏ **ခေတ်သစ်အရှေ့တောင်အာရှ**၊ ရည်ညွှန်းစာပေဘာသာရပ်အတွက် မောင်ခေတ်ထွန်း၏ **မြန်မာအမျိုးသမီးစာရေးဆရာများ၏ စာပေရုပ်ပုံလွှာ**၊ ဘာသာပြန်စာပေဘာသာရပ်အတွက် သန်းစိုးနိုင်၏ **သမိုင်းနှင့်လမ်းလျှောက်ခြင်း**၊ ဝိဇ္ဇာဘာသာရပ်အတွက် မောင်ရဲလူ၏ **မြန်မာစာ မြန်မာမှု ကောင်းကွက်လှကွက်များ (စာပေသုတေသန၊ စာပေအတွေး၊ စာပေအရေး)**၊ အသုံးချသိပ္ပံဘာသာရပ်အတွက် ဒေါက်တာယုဇနေစောမြင့်(ကလေးအထူးကုဆရာဝန်ကြီး)၏ **အန္တရာယ်မကင်းတဲ့အချစ် (ကလေးတို့ ကျန်းမာရေး သိမှတ်ဖွယ်ရာများ)** တို့ ဖြစ်ကြသည်။

အထက်ပါဆုများကို တစ်သက်တာစာပေဆုအတွက် ငွေကျပ် သိန်း ၂၀ နှင့် စာအုပ်ဆုများအတွက် စာရေးဆရာတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

သုတစွယ်စုံစာပေဆုကို ၂၀၀၆ခုနှစ်မှ စတင်၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် (၁၂) ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကာ ၂၀၁၅ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်စာအုပ်များမှ ရွေးချယ်ခြင်းဖြစ်သည်။ စုစုပေါင်း၁၂ ဆုချီးမြှင့်ရန် လျာထားသော်လည်း ယခုနှစ်အတွက် အတ္ထုပ္ပတ္တိစာပေ၊ စာပဒေသာ၊ လူမှုစီးပွား၊ နိုင်ငံရေးစာပေ၊ လူငယ်စာပေနှင့် သုတသိပ္ပံဘာသာရပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိ၍ ဆုခြောက်ဆုသာ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့တွင် ဇွန် ၁၀ရက်၌ ကျင်းပရန် စီစဉ်ထားသဖြင့် ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်) ဖုန်း- ၀၁-၃၈၅၂၉၃၊ ၃၉၂၇၃၉၊ ၃၇၄၄၀၀သို့ အမြန်ဆက်သွယ်သတင်းပို့ကြရန် သက်ဆိုင်ရာက အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပမည်

**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ၂၀၁၇ ခုနှစ် ဇွန်၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိမ်(၂၀)မြောက် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

**ကာတွန်းပြိုင်ပွဲ**

မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကာတွန်းပြိုင်ပွဲနှင့် အလွတ်တန်းကာတွန်းပြိုင်ပွဲကို ဇွန် ၃ ရက်တွင် လသာမြို့နယ်အထက(၂) မြသီလာခန်းမ၌ နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

**ကွန်ပျူတာပန်းချီပြိုင်ပွဲ**

အလယ်တန်း၊ အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၄ ရက်တွင် ဗဟန်းမြို့နယ် ရွှေတောင်ကြား၂ရပ်ကွက် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲကို လသာမြို့နယ် အထက(၂) မြသီလာခန်းမ၌ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

**အခမဲ့ထုတ်ယူနိုင်**

ပြိုင်ပွဲဝင်ပုံစံများကို မေ ၁၁ ရက်မှ စတင်၍ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းရှိ မူးယစ်ဆေးဝါးအထိမ်းအမှတ်ပြတိုက်(ရန်ကုန်)တွင် အခမဲ့ထုတ်ယူနိုင်ပြီး ဖြည့်စွက်ပြီးပုံစံများအား ဇွန် ၂ ရက်အထိ နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၂-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၇၅/၇၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၈၅/၇၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၄၈၀ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၂ . ၂၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ . ၁၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁၀ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၃ . ၀၀ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာနိုင်ငံနှင့် ICRC အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဂျီနီဗာမြို့အခြေစိုက် International Committee of the Red Cross (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် ညှိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရေးကိစ္စ၊ မြန်မာနိုင်ငံနှင့် ICRC အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂျီနီဗာမြို့အခြေစိုက် International Committee of the Red Cross (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

❁ *ရှေ့ဖုံးမှ*

ပဋိပက္ခဖြစ်နေသည့် နိုင်ငံများအတွက်လည်း အရေးကြီးသည့် သင်ခန်းစာရနိုင်မည့်ဖြစ်စဉ်ဟု ၎င်းတို့ ယူဆထား၍ ဖြစ်ပါကြောင်း။

**အားလုံးတွင်တာဝန်ရှိ**

မိမိတို့၏ အောင်မြင်မှုသည် မိမိတို့နိုင်ငံတစ်ခုတည်း၏ အောင်မြင်မှုမဟုတ်ဘဲ တစ်ကမ္ဘာလုံး၏ ငြိမ်းချမ်းရေးဖြစ်စဉ်များအတွက် အောင်မြင်မှုဟု သတ်မှတ်သည့်ပုဂ္ဂိုလ်များလည်း ရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒုတိယအကြိမ်ကျင်းပမည့် (၂၁)ရာစုပင်လုံညီလာခံ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို အောင်မြင်အောင် လုပ်ဆောင်ရန်အတွက် အားလုံးတွင် တာဝန်ရှိသည်ဟု ယူဆပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီလိုငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်လို့ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဟာ နောက်ဆုံးက ဆန္ဒနဲ့ပဲဆိုင်ပါတယ်။ ဆန္ဒကလွဲလို့ တခြားမဖြစ်နိုင်စရာ အကြောင်းဘာမှမရှိပါဘူး။ အောင်မြင်ခြင်းတရားလေးပါးဆိုတာ ဆန္ဒနဲ့ပဲစတာပါ။ ငြိမ်းချမ်းရေးလိုချင်ရင် ဘယ်လိုနည်းနဲ့မဆို ကျွန်မတို့ ရယူလို့ရပါတယ်။ ငြိမ်းချမ်းရေးမလိုချင်ရင်တော့ နည်းအမျိုးမျိုးနဲ့ ငြိမ်းချမ်းရေးကြန့်ကြာအောင် လုပ်တယ်ဆိုတာ ဖြစ်နိုင်ပါတယ်။

ကျွန်မတို့ဟာ တကယ်ပဲ ဆန္ဒရှိရဲ့လား။ တကယ်ဆန္ဒရှိမှ တခြားဝီရိယ၊ စိတ်ဓာတ်၊ ပညာတို့နဲ့ ကျွန်မတို့ ပံ့ပိုးပြီး အောင်မြင်ခြင်းကို ရနိုင်မှာပါ။ ဒါကြောင့် အစည်းအဝေးကို ရောက်ရှိနေတဲ့ ပုဂ္ဂိုလ်များ အားလုံးဟာ ငြိမ်းချမ်းရေးအတွက် စစ်မှန်တဲ့ ဆန္ဒရှိတယ်ဆိုတာ ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်။

**ပြည်ထောင်စုစိတ်ဓာတ်**

ဆန္ဒရှိတာ၊ မရှိတာက နောက်ဆုံးဘယ်သူကဆုံးဖြတ်မလဲဆိုတော့ ပြည်သူလူထုနဲ့ သမိုင်းက ဆုံးဖြတ်မှာဖြစ်ပါတယ်။ ပြည်သူလူထုဆိုတာ ပစ္စုပ္ပန်ကာလပြည်သူမဟုတ်ဘူး။ နောင်လာမယ့် နောင်လာနောက်သားများ၊ မျိုးဆက်များကဆုံးဖြတ်မယ်ဆိုတာ သမိုင်းက ဆုံးဖြတ်ခြင်းပဲဖြစ်မှာပါ။ ကျွန်မတို့အားလုံးဟာ အောင်မြင်မှုအတွက်ကို ဝိုင်းဝန်းပြီးတော့ တတ်အားသမျှ စေတနာမှန်မှန်နဲ့ ကြိုးစားသွားကြမယ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝနဲ့ ကြိုးစားသွားကြမယ်လို့ ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက နိုင်ငံရေးဆွေးနွေးပွဲတွင် ဆွေးနွေးသည့် အချက်အလက်များကို တန်းတူရည်တူနှင့် အမြင်သဘောထားများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး အဖြေရှာသွားရမည် ဖြစ်ပါကြောင်း၊ အဖြေဆိုသည့် နေရာတွင်လည်း တစ်နိုင်ငံလုံးအကျိုးအတွက်၊ အစုအဖွဲ့များ၏ အကျိုးအတွက် မဆန့်ကျင်သည့်၊ တစ်နိုင်ငံလုံးအကျိုးရှိသည့် အဖြေရလဒ်ဖြစ်ရန် လိုအပ်ပါကြောင်း၊ အကောင်အထည်ဖော်နိုင်သည့် အဖြေရလဒ်ကို ရရန်လည်း လိုအပ်ပါကြောင်း၊ ယနေ့ လုပ်ငန်းကော်မတီမှ တစ်ဆင့်တင်လာသည့် အဆိုပြုလွှာများ ဆွေးနွေးရမည့် ခေါင်းစဉ်များကို အတွင်းရေးမှူးများအတွက် စုစည်းပြီး မိမိတို့ UPDJC အစည်းအဝေးမှ တင်ပြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အားလုံးကလိုလား**

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးသုဝေက မိမိတို့ UPDJC သည် အရေးကြီးသည့် ပြည်ထောင်စု၏ ကိစ္စရပ်များ၊ တာဝန်များကို ထဲထဲဝင်ဝင် ပါဝင်ထမ်းဆောင်နေသည်မှာ ထင်ရှားပါကြောင်း၊ မိမိတို့၏ မျှော်လင့်ချက်များ အောင်မြင်မည်ဆိုလျှင် ပြည်သူများအတွက် ပိုပြီးဝမ်းသာကြရမည်ဖြစ်ပါကြောင်း၊ ထို့နောက် မိမိတို့ညီလာခံကြီးမှ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးကို ဆက်ပြီးသွားရမည် ဖြစ်ပါကြောင်း၊ ထို့အတွက် နိုင်ငံတော်အစိုးရနှင့်တကွ NCA တွင် လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရော၊ လက်မှတ်မထိုးထားသေးသည့် အဖွဲ့အစည်းများပါ ထိုအချက်အလက်များကို အားလုံး လိုလိုလားလားရှိကြသည်၊ ကြိုက်နှစ်သက်ကြသည်ဟု မိမိအနေဖြင့် နားလည်ပါကြောင်း၊ နိုင်ငံရေးပါတီ ၉၃ ဖွဲ့ကလည်း ဒီမိုကရေစီအရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို အားလုံးလက်ခံသဘောတူသည်၊ အားလုံးကလိုလားသည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ လုပ်ငန်းကော်မတီများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများမှ ကဏ္ဍအလိုက် အခြေခံရမည့်မူများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီဝင်များက UPDJC သို့ တင်ပြဆွေးနွေးကြပြီး အတည်ပြုချက်များ ရယူသည်။

ဆက်လက်၍ NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးသို့ ဖိတ်ကြားသွားမည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

**တင်ပြဆွေးနွေး**

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပမည့်ကာလနှင့် ပုံစံ၊ ညီလာခံ၌ အတည်ပြုခြင်းကိစ္စရပ်တွင် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ညီလာခံ သဘာပတိအဖွဲ့နှင့် အကျိုးဆောင်အဖွဲ့များ ဖွဲ့စည်းမည့် အစီအစဉ်၊ ညီလာခံသို့ ဖိတ်ကြားရေးကိစ္စရပ်များ၊ ညီလာခံဖြစ်မြောက်ရန် ပံ့ပိုးမှုကိစ္စများနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာတို့ အပါအဝင် အထွေထွေကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသုဝေ၊ ပဒိုစောကွယ်ထူးဝင်းနှင့် ဒေါက်တာတင်မျိုးဝင်းတို့က ဆွေးနွေးသဘောတူညီမှုများအပေါ် ဝမ်းမြောက်စကားပြောကြား၍ အစည်းအဝေးကို ညနေ ၆ နာရီတွင် ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် နိုင်ငံရေးကဏ္ဍ ခေါင်းစဉ်ကြီး ခြောက်ခု၌ အချက်ပေါင်း (၂၁)ချက်ကို သဘောတူညီမှု ရရှိသည်။ အဆိုပါ သဘောတူညီချက်များမှာ အချုပ်အခြာအာဏာ၌ (၁)ချက်၊ အချုပ်အခြာအာဏာ ကျင့်သုံးမှု၌ (၁) ချက်၊ တန်းတူရေး၌ (၂) ချက်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၌ (၅)ချက်၊ ဖက်ဒရယ်ပြည်ထောင်စုမူ (ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှု)၌ (၁၀) ချက်၊ ပါတီစုံဒီမိုကရေစီစနစ်၌ (၂)ချက် စုစုပေါင်း (၂၁) ချက်ကို နိုင်ငံရေးကဏ္ဍတွင် အတည်ပြုနိုင်ခဲ့သည်။

ထို့ပြင် စီးပွားရေးကဏ္ဍ ခေါင်းစဉ်ကြီး (၇)ခု၌ အချက်ပေါင်း (၁၀) ချက်၊ လူမှုရေးကဏ္ဍ၌ အချက်ပေါင်း (၄)ချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ၌ အချက်ပေါင်း (၆)ချက် စုစုပေါင်း (၄၁) ချက်ကို သဘောတူညီမှု ရရှိခဲ့သည်။

ယနေ့ရရှိခဲ့သည့် နိုင်ငံရေးကဏ္ဍ ခေါင်းစဉ်ကြီး (၆)ခု၌ သဘောတူညီခဲ့သည့် အချက်ပေါင်း (၂၁) ချက်၌ မြန်မာ့သမိုင်းတွင်မရှိခဲ့ဖူးသည့် ဖက်ဒရယ်ဆိုင်ရာ သဘောတူညီချက်များကို ရရှိခဲ့ကြောင်း သိရသည်။

**ဆောင်ရွက်သွားမည်**

အဆိုပါ သဘောတူညီချက် (၄၁) ချက်အား ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁)ရာစုပင်လုံသို့ တင်သွင်းပြီး အတည်ပြုချက်များ ရယူသွားမည်ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံကို မေ ၂၄ ရက်မှ ၂၈ ရက်အထိ (၅)ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးကျင်းပရာတွင် ကဏ္ဍအလိုက် ဆွေးနွေးပွဲများ၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများနှင့် ညီလာခံတွင် အတည်ပြုခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းအဖွဲ့)**



**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ (၁၀) ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်** (သတင်းစဉ်)

# မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မိတ္ထီလာ မေ ၁၂

**နယ်သာလန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ရေအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာရေးထိုးထားမှုအရ ဆောင်ရွက်သည့် မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၂ ရက် နံနက် ၉ နာရီတွင် မိတ္ထီလာမြို့ ဝန်ဇင်းဟိုတယ်ခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

အလုပ်ရုံဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအရင်းအမြစ်အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်ထွန်းက မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်ရာတွင် အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် မိတ္ထီလာကန်ပတ်ဝန်းကျင်အနေအထား၊ ဒေသခံပြည်သူများအနေဖြင့် မိတ္ထီလာကန်၏ အရေးပါမှုတို့အကြောင်းကို ရှင်းလင်းပြောကြားသည်။

သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်သူက မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်က မိတ္ထီလာကန်ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးကြသည်။



ဆက်လက်၍ နယ်သာလန်နိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အဆောက်အအုံ ထိန်းသိမ်းရေးဌာန မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအဖွဲ့ခေါင်းဆောင် Mr.Luuk Brinkman၊ နယ်သာလန်နိုင်ငံ ရေအရင်းအမြစ်ဆိုင်ရာသံမှူး Mr.Armand Evers တို့က မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ထည့်သွင်းရေးဆွဲထားသည့် ပြဋ္ဌာန်းချက်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူး ဦးဝင်းထိန်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအဖွဲ့ခေါင်းဆောင် Mr.Luuk Brinkman၊ နယ်သာလန်နိုင်ငံ ရေအရင်းအမြစ်ဆိုင်ရာသံမှူး Mr. Armand Evers၊ ခရိုင်ဆည်မြောင်းနှင့် ရေအရင်းအမြစ်အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမင်းထွန်းနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် စီမံကိန်းနှင့် သက်ဆိုင်သောဌာနဆိုင်ရာတာဝန်ရှိသူများက မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း အကောင်အထည် ဖော်ရေးကော်မတီ လမ်းညွှန်ချက်များ စာတမ်းပေါ်တွင် သဘောတူ လက်မှတ်ရေးထိုးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီလမ်းညွှန်ချက်များ စာတမ်းနှင့်အတူ စုပေါင်းရေးဆွဲထားသည့် မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း နောက်ဆုံးအဆင့် လုပ်ငန်းစဉ်ကို ယခုလကုန်ပိုင်းတွင် မြန်မာနှင့်နယ်သာလန် နှစ်နိုင်ငံအစိုးရ တာဝန်ရှိသူများထံ ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

---

# မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို

မိတ္ထီလာ မေ ၁၂

**နယ်သာလန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဆောက်အအုံထိန်းသိမ်းရေးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီတို့အကြား ၂၀၁၃ ခုနှစ် မေလအတွင်းက နှစ်နိုင်ငံအကြား ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း နည်းပညာများ အပြန်အလှန်နီးနီးနှောဖလှယ်ဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ ( MOU) ရေးထိုးခဲ့သည်။ ယင်းနားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံအတွင်း ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးငါးခုကို နယ်သာလန်နိုင်ငံမှ လာရောက်ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ရာတွင် မိတ္ထီလာကန်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ တစ်နှစ်တာရေရှည်ပြေးစီမံချက်ကာလ၏ နောက်ဆုံးအကြိမ် မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၂ ရက် နံနက် ၉ နာရီက မိတ္ထီလာမြို့နယ် ဝန်ဇင်းဟိုတယ်ခန်းမ၌ ကျင်းပခဲ့ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူတချို့၏ ပြောကြားချက်ကို တင်ပြလိုက်ပါသည်။**



ဦးဝင်းထိန်



ဦးတင့်ဝေသုံ





Mr.Armand Evers





Mr.Luuk Brinkman



ဦးစံမင်းထွန်း





ဦးစိုးလွင်သူ

**ဦးဝင်းထိန်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊**
**ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူး**

မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်တဲ့လုပ်ငန်းစဉ်မှာ သက်ဆိုင်ရာဌာနတွေ၊ ပူးပေါင်းဆောင်ရွက်တဲ့ နယ်သာလန်နိုင်ငံက ရေအရင်းအမြစ်ပညာရှင်တွေအပြင် လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုပါတယ်။ သူတို့နဲ့လည်း သက်ဆိုင်ပါတယ်။

နောက်ပြီး မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် သက်ဆိုင်တဲ့ လုပ်ငန်းကော်မတီဝင်တွေသာမက ဒေသခံပြည်သူတွေ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

**ဦးတင့်ဝေသုံ (ခရိုင်အုပ်ချုပ်ရေးမှူး)**

မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ခရိုင်အဆင့် မြို့နယ်အဆင့် ကော်မတီဖွဲ့စည်းဆောင်ရွက်တဲ့အခါ အမှန်တကယ်လုပ်ငန်းဆောင်ရွက်ရတာက မြို့နယ်အဆင့်တွေဖြစ်လို့ သူတို့ရဲ့တာဝန်ကို တိတိကျကျသတ်သတ်မှတ်မှတ်ဖြစ်အောင် ချမှတ်ထားသင့်ပါတယ်။ ခရိုင်အဆင့်အနေနဲ့ မြို့နယ်အဆင့်က လိုအပ်ချက်ရှိလို့တင်ပြလာခဲ့ရင် ခရိုင်က တစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုတင်ပြပေးမှာပါ။ အဲဒီလို တစ်ဆင့်ပြီးတစ်ဆင့်သွားတော့ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါ ပိုမိုအဆင်ပြေနိုင်ပါတယ်။

**Mr.Armand Evers (ရေအရင်းအမြစ်ဆိုင်ရာ သံမှူး)**
**နယ်သာလန်ဘုရင့်နိုင်ငံ သံရုံး**

မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်ခြင်းကြောင့် မိတ္ထီလာကန်အတွင်း သဲနုန်းပို့ချမှုလျော့နည်းလာပြီး ကန်အတွင်း ရေဝင်ပမာဏများလာပြီး ဒေသခံပြည်သူတွေအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေ အရင်ကထက် ပိုမိုဖူလုံလာမယ်။ ပြီးတော့ မိတ္ထီလာကန်ရဲ့ သက်တမ်းကလည်း ပိုမိုရှည်ကြာတည်တံ့လာမယ်။ ပြီးတော့ မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ကနေရရှိလာတဲ့ အတွေ့အကြုံတွေကို အလားတူ နိုင်ငံအတွင်းက ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရေးမှာ ပြန်လည်မျှဝေပေးနိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိလာမှာ ဖြစ်ပါတယ်။

**Mr.Luuk Brinkman**
**မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အဖွဲ့ခေါင်းဆောင်**
**နယ်သာလန်နိုင်ငံသား ရေအရင်းအမြစ်ပညာရှင်**

မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်တဲ့အခါ ရေတိုပြေးစီမံကိန်းသုံးခု နဲ့ ကာလရှည်ဆောင်ရွက်ရမယ့် စီမံကိန်းဆိုပြီး အပိုင်းနှစ်ပိုင်းခွဲခြားထားပါတယ်။ ၂၀၁၆ မေလကနေ ၂၀၁၇ မေလကုန်အထိ ရေတိုပြေးစီမံကိန်းတစ်နှစ်တာကာလမှာ လုပ်ငန်းစဉ် သုံးခုဖြစ်တဲ့ ရေဝေရေလဲဒေသမှာ မြေဆီလွှာကာကွယ်ဖို့၊ မိတ္ထီလာကန်ပတ်ဝန်းကျင်မှာ အမှိုက်သန့်ရှင်းရေး၊ ကန်အောက်ပိုင်း စိုက်ပျိုးမြေတွေမှာ စိုက်ပျိုးရေ အနည်းဖြင့် စိုက်ပျိုးနိုင်တဲ့ သီးနှံတွေ ပြောင်းလဲစိုက်ပျိုးရန် ပညာပေးဖို့လုပ်ငန်းစဉ်တွေ ဆောင်ရွက်တာပါ။ ရေရှည်စီမံကိန်းအတွက် ဘယ်လိုပြဿနာတွေ ကြုံတွေ့နိုင်သလဲ၊ ဘယ်လိုဖြေရှင်းဆောင်ရွက်ရမလဲဆိုပြီး ပူးပေါင်းဆွေးနွေးအဖြေရှာခြင်း၊ လက်တွေ့ကွင်းဆင်းစစ်ဆေး ကြည့်ရှုခြင်းတွေလုပ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ် ၁၉ ခု ရရှိလာပါတယ်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ဖို့ရရှိလာတဲ့ အဲဒီလုပ်ငန်းစဉ် ၁၉ ခုပါဝင်တဲ့ မူကြမ်းကို ဒီမေလကုန်မှာ နှစ်နိုင်ငံအစိုးရတာဝန်ရှိသူတွေထံပေးပို့တင်ပြသွားမှာပါ။ မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ဘတ်ဂျက်လိုအပ်တော့ အဲဒီအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကပဲ ချပေးမလား၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကပဲ ခွင့်ပြုမလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

**ဦးစံမင်းထွန်း**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မိတ္ထီလာခရိုင် ဆည်မြောင်းနှင့် ရေအရင်းအမြစ်အသုံးချမှု**
**စီမံခန့်ခွဲရေးဦးစီးဌာန**

မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်ရာမှာ ကန်အတွင်း သဲနုန်းပို့ချမှု လျော့နည်းသက်သာစေဖို့အတွက် မိတ္ထီလာကန်ရေဝင်ချောင်းတွေမှာ နုန်းဖမ်းဆည်ငယ်တွေ တည်ဆောက်ပြီး တောင်သူတွေအနေနဲ့ စိုက်ပျိုးရေးအနည်းငယ်နဲ့ စိုက်ပျိုးလို့ရနိုင်တဲ့ သီးနှံတွေရွေးချယ်စိုက်ပျိုးဖို့ အသိပညာပေးတာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းက မိတ္ထီလာကန်သဘာဝပတ်ဝန်းကျင်နဲ့ ဒေသခံပြည်သူတွေအတွက် စိုက်ပျိုးရေ၊ သောက်သုံးရေ ပိုမိုရရှိရေးကိုများစွာ အကျိုးပြုမယ့် စီမံကိန်းဖြစ်ပါတယ်။

**ဦးစိုးလွင်သူ (မြို့နယ်ဦးစီးမှူး၊ သစ်တောဦးစီးဌာန)**

မိတ္ထီလာကန်ရေဝေရေလဲဒေသမှာ သစ်တောသစ်ပင်တွေ တိုးချဲ့စိုက်ပျိုးသွားပြီး မြေဆီလွှာထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်း၊ ကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကို ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာပါ။ သစ်တောသစ်ပင်တိုးချဲ့စိုက်ပျိုးတာမှ မဟုတ်ဘဲ ဒေသခံပြည်သူတွေအနေနဲ့ မိမိတို့ နေအိမ်ခြံဝင်းအတွင်းမှာ တစ်ပိုင်တစ်နိုင် အရိပ်ရပင်၊ သီးနှံပင်နဲ့ ပန်းမန်ပင်တွေ စိုက်ပျိုးတာကလည်း မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အထောက်အကူပြုတာမို့ စိုက်ပျိုးကြစေချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ချမ်းသာ(မိတ္ထီလာ)**

# ပြည်သူနှင့်အတူ

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ICRC အဖွဲ့ ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၂**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျီနီဗာမြို့အခြေစိုက် International Committee of the Red Cross (ICRC) အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ Mr.Peter Maurer နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ ဆုံသည်။

တွေ့ဆုံစဉ် ICRC ဥက္ကဋ္ဌက တပ်မတော်နှင့် ICRC အကြား ဆက်ဆံမှု နယ်ပယ်အဆင့်ဆင့်တွင် ဆက်ဆံရေး နှင့်ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင် ဆောင်ရွက်လိုပါကြောင်း၊ ပဋိပက္ခ တင်းမာသည့်နေရာများသို့ သွားရောက်ရေးအတွက် ကူညီပေးစေလိုကြောင်း၊ မြေမြှုပ်မိုင်း ရှင်းလင်းရေး ကိစ္စရပ်များ၊ ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးနှင့် ခြေတုလက်တုတပ်ဆင်ရေး ကိစ္စရပ် များတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းအား မှတ်တမ်းမှတ်ရာများနှင့် စာရင်းဇယားများပြုစု လုပ်ဆောင်ရန်လိုကြောင်း၊ ဒေသအစိုးရ အဖွဲ့အစည်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဖွဲ့စည်းပေးထားသည့် ကော်မရှင်များနှင့် ဆက်သွယ် လုပ်ဆောင်စေလိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း တတ်နိုင်သမျှအကူအညီပေးမည်ဖြစ်ကြောင်း။

ICRC မှ ဆွေးနွေးတင်ပြထားသည့် ထိတွေ့ဆက်ဆံမှု နယ်ပယ်အဆင့်ဆင့်တွင် Contact Person များထား၍ ဆက်ဆံရေး၊ မိုင်းရှင်းလင်းရေးကိစ္စရပ် များတွင်လည်း မိမိတို့အနေဖြင့် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းများ မှန်မှန်ကန်ကန်ဖြစ်မြောက်ရန်သာအရေးကြီးကြောင်း၊ ခြေတုလက်တုတပ်ဆင်ရေးကိစ္စရပ်နှင့် ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ထိခိုက်ဒဏ်ရာရရှိသူများနှင့် အရပ်ဘက်ကို အဓိကထား ကူညီ ဆောင်ရွက်ပေးစေလိုကြောင်း ပြန်လည်ဆွေးနွေးသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ICRC အဖွဲ့ ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)



## ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Save Myanmar Film Project Team အဖွဲ့နှင့် မြန်မာဘာသာပြန်စာပေကွန်ရက်အဖွဲ့တို့အား တွေ့ဆုံ

**နေပြည်တော် မေ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် Save Myanmar Film Project Team အား ယနေ့ မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ မြန်မာဘာသာပြန်စာပေ ကွန်ရက်အဖွဲ့အား ညနေ ၃ နာရီတွင် လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

Save Myanmar Film Project Team နှင့် တွေ့ဆုံစဉ် အဆိုပါအဖွဲ့မှ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ၊ မြန်မာ့ရုပ်ရှင် ဇာတ်ကားဟောင်းများအား တိုးတက်လာသည့် နည်းပညာများ အသုံးပြု၍ ထိန်းသိမ်းနိုင်မည့်အခြေအနေများနှင့် ဖလင်ပိုင်ဆိုင်မှုကိစ္စရပ်များ ကို ဆွေးနွေးကြသည်။ (ဝဲပုံ)

မြန်မာဘာသာပြန်စာပေကွန်ရက် အဖွဲ့နှင့် တွေ့ဆုံစဉ် မြန်မာဘာသာပြန် စာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ကွန်ရက်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ် များ၊ စာပေအဖွဲ့အစည်းများအားလုံး ပါဝင်သော စာပေညီလာခံတစ်ရပ် ကျင်းပရေးနှင့်ပတ်သက်၍ ဆွေးနွေး ခဲ့ကြသည်။ **(သတင်းစဉ်)**

## ရောဝတီတိုင်းဒေသကြီးအတွင်း လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို စီမံချက်ချ ဆောင်ရွက်ပေးလျက်ရှိ

**ဖျာပုံ မေ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် MoU/ MOA/LOL/ AOC/TCA ရေးထိုးထားသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ ဧရာဝတီတိုင်းဒေသကြီးအတွင်း တွင် အမှန်တကယ် လုပ်ငန်းဆောင်ရွက်နေကြသည့်အခြေအနေများနှင့်ပတ်သက်၍ ဌာနမှတာဝန်ရှိသူများက မေလဒုတိယပတ်အတွင်း၌ မြေပြင်အရောက် ကွင်းဆင်းကြည့်ရှုခြင်း၊ လိုအပ်သည်များကို တွေ့ဆုံဆွေးနွေးပံ့ပိုးချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"အဓိက ကျွန်မတို့ ကွင်းဆင်းတွေ့ဆုံခြင်းက အခုမြေပြင်မှာ မိတ်ဆွေတို့ ဆောင်ရွက်နေတဲ့ အခြေအနေတွေကို သိချင်လို့ပါ၊ နောက်ပြီး ကျွန်မတို့ ဌာနက တာဝန်ယူ၊ သဘောတူ၊ ကတိကဝတ်တွေ ပြုပေးထားရတဲ့အတွက် လိုအပ်ချက်တွေရှိရင်ဖြစ်ဖြစ်၊ မိတ်ဆွေတို့ အမှန်တကယ်မြေပြင်မှာ ဆောင်ရွက်တဲ့အခါ ဘယ်လိုအခက်အခဲတွေရှိလဲ၊ မူလစီမံချက်တွေအတိုင်း အောင်မြင်ရဲ့လား၊ ကျွန်မတို့ ဌာနဘက်ကရော ဘာတွေ ပံ့ပိုးချိတ်ဆက်ပေးဖို့ လိုအပ်လဲ၊ ဒါတွေကိုသိချင်လို့ လာရောက်တွေ့ဆုံတာဖြစ်ပါတယ်"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဒေါ်ခင်မေနု ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကတိကဝတ်ပြု လက်မှတ်ရေးထိုးထားသည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း ၃၀ ခန့်ရှိပြီး ၎င်းအဖွဲ့အစည်းများမှ တိုင်းဒေသကြီးအတွင်း၌ သဘာဝဘေး လျော့ပါးရေး၊ လူမှုဘဝမြှင့်တင်ရေး၊ ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြင့်မားရေး၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ သောက်သုံးရေ ရရှိရေးစသည့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုစီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်မိုးသွယ်က ပြောကြားသည်။

"ကျွန်မတို့အဖွဲ့အနေနဲ့ လက်ရှိလုပ်ငန်းတွေလုပ်သမျှ လူမှုဝန်ထမ်းဌာနနဲ့တွဲလုပ်တာအဆင်ပြေပါတယ်၊ တချို့အဖွဲ့တွေက အခက်အခဲတချို့ရှိနေကြတယ်။ အခုလို ဌာနဆိုင်ရာတွေ လာရောက်တွေ့ဆုံတဲ့အခါ တင်ပြလို့ရတယ်။ ချိတ်ဆက်ရမယ့် အခြေအနေတွေ၊ လူမှုဝန်ထမ်းဘက်က ကူညီလို့ရတဲ့ အခြေအနေတွေကိုလည်း ပြောပြတယ်။ ကျွန်မတို့ ပြည်တွင်း ပြည်ပအဖွဲ့တွေ အနေနဲ့ကလည်း ဘာပဲလုပ်လုပ် ဌာနနဲ့ချိတ်ဆက်ပြီးလုပ်တော့ ပိုအောင်မြင်ပါတယ်၊ ရွာသားတွေနဲ့လည်း အဆင်ပြေမှုတွေရပါတယ်။ အခုလို အောက်ခြေအထိဆင်းပြီး လာတွေ့ကြတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်မတို့အခက်အခဲတွေလည်း အနီးကပ်ပွင့်ပွင့်လင်းလင်း တင်ပြခွင့်ရပါတယ်"ဟု ဖျာပုံမြို့နယ်မှ World Vision (Myanmar)မှ ဒေသဖွံ့ဖြိုးရေးတာဝန်ခံ မနီလာလင်းက ပြောသည်။

"ကျွန်မတို့ မြေပြင်ကို တကယ်ရောက်တဲ့အခါ တချို့အဖွဲ့တွေ ဒေသဖွံ့ဖြိုးရေးလုပ်တဲ့ရွာတွေ ရွေးတဲ့နေရာမှာ အများကြီးထဲကမှ ဘယ်လိုရွေးထားပါလိမ့်လို့ အံ့သြရလောက်အောင် အမှန်တကယ်လိုအပ်နေတဲ့ရွာတွေကို ရွေးထားတာတွေ့ရတယ်၊ တကယ်ဝမ်းသာဂုဏ်ယူပါတယ်၊ ချီးကျူးပါတယ်၊ စီမံကိန်းတွေလုပ်တဲ့အခါ ရာနှုန်းပြည့် ပြည့်မီအောင်မြင်ဖို့မလွယ်ပါဘူး။ ဒါပေမယ့် မိမိရွေးချယ်လိုက်တဲ့ စီမံကိန်းရွာမှာ သုံးနှစ်လုပ်ပြီးရင် အနီးအနားက ရွာတွေကလည်း မျှော်လင့်နေတယ်ဆိုတာကို သတိရှိစေချင်ပါတယ်။ မိမိရွေးချယ်မှုမှာ သန့်ရှင်းမှု တရားမျှတမှုရှိဖို့နဲ့ ရေရှည်အကျိုးဖြစ်ထွန်းဖို့အတွက် ရည်ရွယ်ကြရင် အကောင်းဆုံးအောင်မြင်နိုင်ပါတယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်ရူပါမြက ကွင်းဆင်းကြည့်ရှုတွေ့ရှိရသည့် အခြေအနေနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောကြားခဲ့သည်။

**သူဇာနွယ်(ဖျာပုံ)**



# ဒီနေ့ကျင်းပတဲ့ UPDJC အစည်းအဝေးမှာ တကယ်ကိုသမိုင်းဝင်တဲ့ သဘောတူညီချက်တွေရရှိခဲ့ပါတယ်

ဦးဇော်ဌေး



ဒေါက်တာ လျန်မှုန်းဆာခေါင်း



ပဒိုစောကွယ်ထူးဝင်း



ဒေါ်စောမြရာဇာလင်း



ဦးဇော်ဌေး

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ (၁၀)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ကော်မတီဝင်များ၏ စကားသံများကို တင်ပြလိုက်ရပါသည်-

**ဒေါက်တာ လျန်မှုန်းဆာခေါင်း**

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ခြောက်နေရာ ကျင်းပပြီး တင်ပြလာတဲ့ အဆိုတင်သွင်းချက်နဲ့ အစုအဖွဲ့ နှစ်ခုက တင်သွင်းတဲ့စာတမ်း စုစုပေါင်း ရှစ်စောင်ကို အခြေခံပြီးတော့ ဆွေးနွေးတာဖြစ်ပါတယ်။ ဒီနေ့ မနက်ပိုင်းမှာ နိုင်ငံရေးကဏ္ဍ ဆွေးနွေးမှာ ဖြစ်ပါတယ်။ နိုင်ငံရေးကဏ္ဍကနေ တင်သွင်းတဲ့ စာတမ်းကို အတည်ပြုနိုင်ပါတယ်။ တင်သွင်းမယ့် စာတမ်းထဲက အခြေခံမူ ခုနစ်ခုမှာ ခြောက်ခုကိုအတည်ပြုနိုင်ပါတယ်။ ကျန်တဲ့စာတမ်းကို နောက်ထပ်လုပ်ငန်းကော်မတီမှာ သို့မဟုတ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ပြန်လည်ဆွေးနွေးမှုတွေ ပြုလုပ်မှာ ဖြစ်ပါတယ်။

ဒီနေ့ ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေး ပထမနေ့မနက်ပိုင်း ဆွေးနွေးမှုက များစွာအောင်မြင်တဲ့ ဆွေးနွေးပွဲဖြစ်တယ်လို့ တင်ပြလိုပါတယ်။ ဒီလို အောင်မြင်ဖို့ ဘက်ပေါင်းစုံက ပါဝင်ဆွေးနွေးကြတဲ့ အဖွဲ့အသီးသီးကို ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပနိုင်တဲ့ နေရာ ခြောက်နေရာက ကိုယ်စားလှယ်တော်ကြီးတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒီနေ့မှာသဘောတူနိုင်တဲ့ သဘောတူညီချက်တွေကို မေ ၂၄ ရက်မှာ စတင်ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးကို တင်ပြသွားမှာဖြစ်ပါတယ်။ ညီလာခံမှာ သဘောတူထားတဲ့ သဘောတူညီချက်တွေကို အတည်ပြုပေးနိုင်ရင်တော့ အတည်ပြုချက် အားလုံးကို ပြည်ထောင်စုငြိမ်းချမ်းရေး စာချုပ်မှာ လက်မှတ်ထိုးသွားကြမှာဖြစ်ပါတယ်။

ဆောင်ရွက်နေတဲ့ ကိစ္စတွေက အနှစ် ၆၀ ကျော် ၇၀ နီးပါးကြာပြီးဖြစ်တဲ့ ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေပြီး တိုင်းပြည်ကို ငြိမ်းချမ်းဖို့၊ သာယာဝပြောဖို့၊ တိုင်းရင်းသားအားလုံး ချစ်ကြည်ရင်းနှီးနိုင်ဖို့၊ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားဖို့၊ အပြန်အလှန် အသိအမှတ်ပြုဖို့နဲ့ တိုင်းပြည်ကို ပြန်လည်ထူထောင်ဖို့အတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခု ဖြစ်ပါတယ်။

**ပဒိုစောကွယ်ထူးဝင်း**

ကျွန်တော်တို့ စုစည်းရလာတဲ့ အဆိုပြုချက်တွေဟာ အဆင့်ဆင့်တက်လာတာဖြစ်ပါတယ်။ စုစည်းတဲ့နေရာမှာလည်း လုပ်ငန်းကော်မတီမှာ အကျေအလည်ဆွေးနွေးပြီးတော့ တင်ပြလာတဲ့အချက်တွေဖြစ်တယ်။ အကျေအလည်ဆွေးနွေးပြီး သဘောတူညီမှုမရှိတဲ့ အပိုင်းတွေကို ဆက်လက် ဆွေးနွေးမယ်ဆိုတဲ့အပိုင်းတွေ ရှိပါတယ်။

လုပ်ငန်းကော်မတီက စုစည်းရလာတဲ့ အဆိုပြုချက်တွေ၊ စုစည်းမှုတွေကို အတွင်းရေးမှူးအဖွဲ့ကို တင်တယ်။ အတွင်းရေးမှူးအဖွဲ့က ထပ်မံအကျေအလည်ဆွေးနွေးညှိနှိုင်းပြီး ပြန်လည်အတည်ပြုပြီး UPDJC ကိုတင်ပြတယ်။ UPDJC က ဒီမနက်မှာလည်း အဲ့ဒီကိစ္စကို ဆက်လက်ဆွေးနွေးတယ်။

အထူးသဖြင့် ဘာသာရေး၊ နိုင်ငံရေးနဲ့ပတ်သက်ပြီး အတည်မပြုနိုင်ဘူး၊ ဒါကို ဆက်လက်ဆွေးနွေးမယ်ဆိုပြီး ဆုံးဖြတ်ခဲ့ပါတယ်။ ဘာသာရေးနဲ့ နိုင်ငံရေးက သိပ်ပြီး ထိလွယ်ရှလွယ်ဖြစ်တယ်။ နောက်ပြီး ကျွန်တော်တို့ နိုင်ငံရဲ့အနေအထားနဲ့ ကိုက်ညီတဲ့ သဘောထားဆုံးဖြတ်ချက်တစ်ခုကို ရဖို့အတွက် ဆက်လက်ဆွေးနွေးဖို့လိုအပ်တယ်လို့မြင်တဲ့အပေါ်မှာ ဆုံးဖြတ်တာ ဖြစ်ပါတယ်။

**ဒေါ်စောမြရာဇာလင်း**

ဖက်ဒရယ်စနစ်ကို အခြေခံတဲ့စီးပွားရေးစနစ်ကို စဉ်းစားကြတဲ့အခါ အဓိကအားဖြင့် ဈေးကွက်စီးပွားရေးစနစ်ဘက်ကို ဦးတည်ကြပါတယ်။ တိုင်းနဲ့ပြည်နယ်အသီးသီးမှာရှိတဲ့ ဗဟိုက ခွဲဝေတဲ့စနစ်ကို လက်ခံရတာရှိတယ်။ ပြည်နယ်တွေမှာ လုပ်ပိုင်ခွင့်မရှိဘူး။ ဗဟိုကချပေးမှ ပြည်နယ်တွေက လုပ်ရတဲ့သဘောရှိတယ်။ ပြည်နယ်နဲ့ပြည်မ ကြားမှာ သာတူညီမျှရှိနိုင်တဲ့ စီးပွားရေးစနစ်မျိုးကို ဖန်တီးရမှာဖြစ်ပါတယ်။

တိုင်းပြည်အတွက် ကြိုးစားကြတဲ့အချိန်အခါမှာ ဘယ်သူသာစေ ဘယ်သူနာစေဆိုတဲ့ စဉ်းစားချက်နဲ့မလုပ်ဘူး။ မြန်မာနိုင်ငံကို မျှတသင့်မြတ်တဲ့ တိုင်းပြည်တစ်ခုအဖြစ် ဖန်တီးဖို့၊ တည်ဆောက်ဖို့ဆိုတဲ့ ဦးတည်ချက်နဲ့ ကြိုးစားလာခဲ့ကြတာဖြစ်ပါတယ်။ သာတူညီမျှလို့ ပြောဖို့ရာတော့ ခက်ပါသေးတယ်။

တိုင်းရင်းသားတွေဘက်က စဉ်းစားရမယ်ဆိုရင် အခုလာမယ့် ပင်လုံညီလာခံက ဘာမှမရတဲ့ ညီလာခံတစ်ခု ဖြစ်လို့တော့ မဖြစ်ဘူး။ အဖြေတစ်ခုရအောင် ဆွေးနွေးပြီး စဉ်းစားရမှာဖြစ်ပါတယ်။

**ဦးဇော်ဌေး**

လာမယ့် ၂၄ ရက်နေ့ (၂၁)ရာစုပင်လုံညီလာခံအတွက် နောက်ဆုံးပြင်ဆင်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ အစည်းအဝေးရဲ့ထူးခြားချက်က တကယ်ကို သမိုင်းဝင်တဲ့ သဘောတူညီချက်တွေ ရရှိခဲ့ပါတယ်။ သမိုင်းဝင်သဘောတူညီချက်ဆိုတာ နိုင်ငံရေးကဏ္ဍမှာ ခေါင်းစဉ်အားလုံးပေါင်း ခြောက်ခုနဲ့ အချက်ပေါင်း ၂၁ ချက်ရှိပါတယ်၊ လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံဟာ ကျွန်တော်တို့မြန်မာနိုင်ငံအတွက် သမိုင်းမှတ်တိုင် ဖြစ်လာမှာ ဖြစ်ပါတယ်။

နိုင်ငံရေးပြဿနာဆိုတာ တိုင်းရင်းသားတွေ တောင်းဆိုနေတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တန်းတူရေးနဲ့ ဖက်ဒရယ်ဖြစ်ပါတယ်၊ ဒီနေ့ဆွေးနွေးတဲ့ အချုပ်အခြာအာဏာကျင့်သုံးမှု တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဖက်ဒရယ်ပြည်ထောင်စုမူ၊ ပါတီစုံဒီမိုကရေစီစနစ်၊ ခေါင်းစဉ်ပေါင်း ခြောက်ချက်ရှိပါတယ်၊ လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ကိုယ်တိုင်လည်း လက်ခံနိုင်တဲ့အနေအထားရှိပါတယ်၊ နိုင်ငံရေး စားပွဲဝိုင်းပေါ် ရောက်ရှိမလာသေးတဲ့ အဖွဲ့တွေ၊ တိုင်းရင်းသားပြည်သူအားလုံးလည်း လက်ခံနိုင်မယ့် သဘောတူညီချက်တွေ ထွက်ပေါ်လာတာဖြစ်ပါတယ်။

ဒီအချက်တွေကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ အတည်ပြုမှာဖြစ်ပါတယ်။ နိုင်ငံရေးကဏ္ဍမှာ အားလုံး ၂၁ ချက် သဘောတူညီနိုင်ခဲ့ပါတယ်၊ စီးပွားရေးကဏ္ဍမှာ ၁၀ ချက် သဘောတူညီနိုင်ခဲ့ပါတယ်၊ လူမှုရေးကဏ္ဍမှာ လေးချက်၊ မြေယာ နှင့် သယံဇာတ သဘာဝပတ်ဝန်းကျင်မှာ ခြောက်ချက် အားလုံး ၄၁ ချက် ဒီနေ့အစည်းအဝေးမှာ သဘောတူနိုင်ခဲ့ပါတယ်၊ အဓိကအားဖြင့် လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဒါတွေကို ဆွေးနွေးပါမယ်၊ ဆွေးနွေးပြီးတာနဲ့ ဒါတွေကို အတည်ပြုမှာဖြစ်ပါတယ်။

NCA မထိုးတဲ့သူတွေ အကုန်လုံးကို အထူးဖိတ်ကြားသူအနေနဲ့ဖိတ်ပါမယ်။ နိုင်ငံခြားသားလေ့လာသူ ခွင့်မပြုပါဘူး။ လေ့လာသူနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ ဒီမှာ မက်ဆေ့ချ် ပေးချင်ပါတယ်။ သဘောတူထားတာ ဘာလဲဆိုတော့ လေ့လာသူတွေ အရေအတွက် ကန့်သတ်ထားပါတယ်။ ကန့်သတ်ထားတဲ့အတွက် ဒီညီလာခံကို တက်ရောက်ချင်တဲ့ အဖွဲ့အစည်းကိုယ်စားပြုသော်လည်းကောင်း၊ ပုဂ္ဂိုလ်ချင်း၊ တစ်ဦးချင်းသော်လည်းကောင်း လျှောက်ထားရမှာဖြစ်ပါတယ်၊ ဒီညီလာခံကိုတက်ရောက်လိုတယ်။ အဲ့ဒီအပေါ်မှာမှ လေ့လာသူအရေအတွက် UPDJC ကနေ ကန့်သတ်ထားတဲ့အတွက် စိစစ်ပြီးခွင့်ပြုသွားမှာဖြစ်ပါတယ်။

ညီလာခံကျင်းပရေးနဲ့ ဆွေးနွေးမှုအပိုင်းတွေကို UPDJC က လုပ်ပြီး ဘတ်ဂျက်နဲ့ အုပ်ချုပ်ထောက်ပံ့မှု အပိုင်းတွေကို အစိုးရအဖွဲ့က ပံ့ပိုးကူညီပေးပါတယ်။ အစိုးရပိုင်းမှာ ကျွန်တော်တို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်တဲ့ ဗဟိုကော်မတီဖွဲ့ထားတယ်။ ညီလာခံမှာ အစုအဖွဲ့တစ်ခုချင်းအရ ဘယ်လောက်ရာခိုင်နှုန်းရှိရမယ်ဆိုတာ ရှိပါတယ်။ ဥပမာ ညီလာခံပီသဖို့အတွက် အစုအဖွဲ့ တစ်ခုချင်းကနေ ဘယ်နှုရာခိုင်နှုန်းတက်ရင် ညီလာခံအထမြောက်တယ်၊ အဲဒီ အစုအဖွဲ့တစ်ခုချင်း ညီလာခံတက်ရောက်တဲ့ ကိုယ်စားလှယ်တွေထဲကမှ ဘယ်နှုရာခိုင်နှုန်းက သဘောတူတယ်ဆိုရင် ဒါဆုံးဖြတ်ချက်ချလို့ရတယ်။ **(သတင်းအဖွဲ့)**

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် သင်ကြားမှုနာရီအခြေပြုသည့်စနစ်ကို ပြောင်းလဲနိုင်ရန် ဆွေးနွေး

**နေပြည်တော် မေ ၁၂**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် သင်ကြားမှုနာရီအခြေပြုသည့် စနစ်နှင့် သက်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲကို မေလ ဒုတိယပတ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် Auditorium ၌ ကျင်းပခဲ့ကြောင်း သိရသည်။



သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် သင်ကြားမှုနာရီ အခြေပြုသည့် စနစ်နှင့် သက်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်က “သင်ကြားမှုနာရီ (Credit Hour) ကို အခြေပြုတဲ့စနစ်ကို ပြောင်းလဲသင့်တာကြာပါပြီ၊ Semester စနစ်ကို အခြေပြုတဲ့ သင်ကြားသင်ယူမှုစနစ်မှာ ကျောင်းသားတစ်ယောက်က ဘာသာရပ်အားလုံးနီးပါးတော်ပြီး ဘာသာရပ်တစ်ခုလောက်လေး အားနည်းရုံနဲ့ စာမေးပွဲကျသွားနိုင်တယ်။ စာမေးပွဲကျသွားခဲ့ရင် နောက်တစ်နှစ် နှစ်စကနေ ပြန်စတက်ရမယ်။ ဒါဆိုရင် ဒီကျောင်းသား ကျောင်းသူအတွက် နစ်နာတယ်။ နောက်တစ်ချက်က ကျောင်းသားက ဘာသာရပ်တွေကို ရွေးချယ်နိုင်ခွင့်မရှိဘူး။ တက္ကသိုလ်က သတ်မှတ်ထားတဲ့ ဘာသာရပ်တွေကို မဖြစ်မနေယူရတယ်။ နောက်တစ်ချက်က ဘာသာရပ်တွေများသလို စာသင်ခန်းတစ်ခန်းမှာရှိတဲ့ ကျောင်းသားဦးရေ (Class Size) ကလည်း များနေတယ်။ ဒါကြောင့် သင်ကြားမှုနာရီ (Credit Hour) ကို အခြေပြုတဲ့စနစ်ကို ပြောင်းလဲနိုင်ဖို့ လုပ်နေကြတာဖြစ်ပါတယ်။ ဒီနေရာမှာ အားလုံးပူးပေါင်းပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကတစ်ထိုင်တည်းနဲ့ ဆွေးနွေးလို့ရတဲ့ ကိစ္စမဟုတ်တော့ ဦးဆောင်ကော်မတီ၊ အလုပ်အမှုဆောင်အဖွဲ့၊ လုပ်ငန်းအဖွဲ့ ခွဲတွေနဲ့ ဘာသာရပ်တိုင်းက ဆရာ ဆရာမတွေ အကုန်ပါဝင်ဖွဲ့စည်းပြီး ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်” ဟု ရှင်းလင်းပြောကြားသည်။

“မြန်မာ့စိုက်ပျိုးရေးကဏ္ဍနဲ့ ကျေးလက်နေပြည်သူတွေရဲ့ လူနေမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဖြစ်ပါတယ်။ ဒီရည်မှန်းချက်ပြည့်မီဖို့ လူ့စွမ်းအား အရင်းအမြစ်တွေဖြစ်တဲ့ စိုက်ပျိုးရေးပညာဘွဲ့ရ ဦးရေ ၄၀၀ ဝန်းကျင်ကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပါတယ်။ ဒီလို မွေးထုတ်ပေးတဲ့နေရာမှာ ခေတ်နဲ့အညီ နိုင်ငံတကာကသွားနေတဲ့ သင်ကြားသင်ယူမှုလမ်းကြောင်းတွေ၊ ဈေးကွက်လိုအပ်ချက်တွေနဲ့အညီ ဘာသာရပ်တွေကို လေ့လာနိုင်ဖို့ သင်ကြားသင်ယူမှုစနစ်တွေကို ပြောင်းလဲဖို့လိုလာပါတယ်။ သင်ရိုးညွှန်းတမ်းတွေ၊ သင်ရိုးမာတိကာတွေ အဆင့်မြှင့်ဖို့လိုလာပါတယ်။ သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းတွေ လိုလာပါတယ်။ သုတေသနတွေ ပိုမိုလုပ်ဆောင်ဖို့ လိုအပ်လာပါတယ်။ ဒါကြောင့် တက္ကသိုလ်ကိုလည်း သင်ကြားသင်ယူမှုကို အခြေပြုတဲ့ တက္ကသိုလ်တစ်ခုအဖြစ်ကနေ သုတေသနကို အခြေပြုတဲ့ တက္ကသိုလ်အဖြစ် ပြောင်းလဲနိုင်အောင် ကြိုးစား အကောင်အထည်ဖော်လျက်ရှိပါတယ်။ ဒါတွေအပြင် Semester စနစ်နဲ့ မယူမနေရဘာသာရပ်တွေကို သင်ယူနေရတဲ့ စနစ်ကနေ နိုင်ငံတကာ တက္ကသိုလ်တွေမှာ လက်ခံကျင့်သုံးနေပြီး သင်ယူသူ အလေးထားတဲ့ သင်ကြားမှုနာရီနဲ့ ဘာသာရပ် ရွေးချယ်လေ့လာ သင်ယူသုတေသနပြုလုပ်နိုင်မယ့်စနစ်အဖြစ် ပြောင်းလဲဖို့ ဒီအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပတာဖြစ်ပါတယ်” ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောကြားသည်။

အခမ်းအနားတွင် နိုင်ငံတကာတက္ကသိုလ်များ၏ စနစ်များကို အဆိုပါနိုင်ငံများ၏ ပါရဂူဘွဲ့ရလာကြသည့် ဆရာ ဆရာမများက တင်ပြကြရာ ဩစတြေးလျတက္ကသိုလ်များအကြောင်း၊ ဂျာမနီတက္ကသိုလ်အကြောင်း၊ ကိုရီးယားတက္ကသိုလ်များအကြောင်း၊ ထိုင်းတက္ကသိုလ်များအကြောင်း၊ ဂျပန်တက္ကသိုလ်များအကြောင်း၊ မလေးရှားတက္ကသိုလ်များအကြောင်း၊ ဖိလစ်ပိုင်တက္ကသိုလ်များအကြောင်း၊ သီရိလင်္ကာတက္ကသိုလ်အကြောင်းနှင့် တရုတ်နိုင်ငံတက္ကသိုလ်အကြောင်းတို့ကို တင်ပြဆွေးနွေးခဲ့ကြသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မေမိုးသဲ**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များတွင် ဥရောပသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ဆွေးနွေး



**နေပြည်တော် မေ ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်အား ဥရောပသမဂ္ဂမှ Commissioner for Humanitarian Aid and Crisis Management, H.E. Mr. Christos Stylianides နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်း ရေရှည်သဟဇာတဖြစ်စွာ အတူလက်တွဲနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ ဒေသတွင်းလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့၏ ကြားဖြတ်အစီရင်ခံစာပါ အချက်များကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များတွင် ဥရောပသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# Public Health Training School တည်ဆောက်ရေးသည် ပြည်သူတို့၏ ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်



**နေပြည်တော် မေ ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် Myanmar CDC နှင့် Public Health Training School တည်ဆောက်ရေးအတွက် feasibility study လာရောက်သည့် China CDC မှ Design Team, Architect Team and Construction / Building Team တို့မှ ကိုယ်စားလှယ်များနှင့် ယနေ့ နံနက် ၈ နာရီခွဲတွင် တွေ့ဆုံသည်။ **(ဝဲပုံ)**

ပြည်ထောင်စုဝန်ကြီးက Myanmar CDC နှင့် Public Health Training School တည်ဆောက်ရေးသည် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးအတွက် ပြည်သူ့ကျန်းမာရေး၊ ကုသရေးနှင့် ရောဂါနှိမ်နင်းရေး လုပ်ငန်းများကို ကြီးမားစွာ အထောက်အပံ့ပေးသော လုပ်ငန်းများဖြစ်သဖြင့် ဦးစားပေးဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ဆောင်ရွက်ပေးရန် အဆိုပြုလာမှုအား အလွန်ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်-မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်တခု ဖြစ်လာမည့်အပြင် မြန်မာနိုင်ငံပြည်သူများ၏ ကျန်းမာရေးအတွက်လည်း နှစ်ပေါင်းရာချီ၍ ရေရှည်တည်တံ့စွာ အကျိုးပြုမည့် စီမံကိန်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

တရုတ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့မှ စီမံကိန်းလေ့လာမှုနှင့် ဒီဇိုင်းတို့အား ပြည်ထောင်စုဝန်ကြီးအား တင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**ထားဝယ် မေ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်နှင့် ထားဝယ်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၁၀ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူလူထုနှင့် အနီးကပ်ရှိနေသော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် ဒုတိယအကြိမ်မြောက် ခေါ်ယူတွေ့ဆုံပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှူးများသည် ပြည်သူ့ဆန္ဒထောက်ခံမှုဖြင့် ရွေးချယ်ထားသူများဖြစ်ကြောင်း၊ ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ယခုတွေ့ဆုံပွဲတွင် တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ ထပ်မံရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသော ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ဒေသအတွင်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြကာ ၎င်းတို့၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအကြား ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ ဆွေးနွေး

**မကွေး မေ ၁၂**

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ လုပ်ထုံးလုပ်နည်းဆိုင်ရာများအား ရှင်းလင်းဆွေးနွေးသည့် အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံရှင်းလင်းပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတန်းအတွင်းဝန် ဦးခင်မောင်ဝင်းက ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ လုပ်ထုံးလုပ်နည်းဆိုင်ရာများအား ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဒေါ်ခင်စန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ပုံနှိပ်ရေးနှင့် ထုတ်ဝေဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက သိရှိလိုသည်များနှင့် မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးဌာန ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၁၂**- ထူးခြားသည့်နေ့အပူချိန်များမှာ မုံရွာမြို့၊ မြင်းမူမြို့၊ ချောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီ၊ နေပြည်တော် (ရေဆင်း)ညောင်ဦးမြို့နှင့် တောင်ငူမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

(မိုး/ဇလ)

# ကယားပြည်နယ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဖွင့်

**လွိုင်ကော် မေ ၁၂**

ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် DRC/ DDG (ဒိန်းမတ်လူမှုရေးအဖွဲ့အစည်း)တို့ ပူးပေါင်း၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကို ၂၀၁၇ ခုနှစ်၊ ဧပြီလနှင့် မေလအတွင်း လွိုင်ကော်ခရိုင်အတွင်းရှိ ဒီးမော်ဆို၊ ဖရူဆိုနှင့် ရှားတောမြို့နယ်များတွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းကာလသည် တစ်ကြိမ်လျှင် ငါးရက်သင်တန်းဖြစ်ပြီး တစ်မြို့နယ်လျှင် နှစ်ကြိမ်နှုန်းဖြင့် မြို့နယ်သုံးမြို့နယ်အတွင်း ခြောက်ကြိမ်ဖွင့်လှစ်ခဲ့ကာ စုစုပေါင်း တောင်သူဦးရေ ၁၀၀ ကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်မူမူသက် (လက်ထောက်ညွှန်ကြားရေးမှူး)၊ ဒေါ်စန်းစန်းလွင် (ဦးစီးအရာရှိ)၊ ဦးသန်းထွန်း(ဦးစီးအရာရှိ) တို့ ဦးဆောင်သောအဖွဲ့နှင့် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာသူဇာဝင်း အပါအဝင် မြို့နယ်မွေးမြူရေး၊ ကုသရေးဦးစီးဌာနမှ သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးများမှ သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း မျိုးသန့် မျိုးစေ့သုံးစွဲခြင်းနှင့် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း စသည့်သီးနှံအလိုက် စိုက်ပျိုးနည်းစနစ်များ၊ ပိုးမွှား/ရောဂါ ကာကွယ်နည်းစနစ်များ၊ မြေဆီလွှာထိန်းသိမ်းရေး နည်းစနစ်များကို လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက် မွေးမြူရေးနည်းပညာများ၊ ရောဂါကာကွယ်ရေး နည်းပညာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး တောင်သူများကို သီးနှံအလိုက် မျိုးကောင်း မျိုးသန့် မျိုးစေ့များနှင့် တိရစ္ဆာန်ရောဂါကာကွယ်ရေး ဆေးသေတ္တာများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**ဒွေးမယ်နော် (၄၄၊ စိုက်ပျိုးရေး)**



# လေကြောင်းလူငယ်သင်တန်းသားများအား ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံ

**လွိုင်ကော် မေ ၁၂**

လေကြောင်းလူငယ်အခြေခံသင်တန်း(လွိုင်ကော်) အမှတ်စဉ် (၁/၂၀၁၇) လေ့လာရေးခရီး သွားရောက်မည့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ၍ ဩဝါဒစကား ပြောကြားခြင်းကို မေ ၁၂ ရက် မွန်းတည့် ၁၂ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ကယားပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်ဆိုက လေကြောင်း လူငယ်အခြေခံသင်တန်း(လွိုင်ကော်) အမှတ်စဉ် (၁/၂၀၁၇) လေ့လာရေးခရီး သွားရောက်မည့် သင်တန်းသား သင်တန်းသူများအား ဩဝါဒစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် တစ်ဦးချင်း ထောက်ပံ့ငွေများအား သင်တန်းသားများကိုယ်စား သင်တန်းခေါင်းဆောင်ထံသို့ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# သတင်းအချက်အလက်အတွက် ...

**ခင်ရတနာ**

**နိုင်ငံပိုင်သတင်းစာများအနေဖြင့် သတင်းအချက်အလက်များဖော်ပြရာတွင်လည်း ကန့်သတ်ချက်များရှိနေသည်ကို မြင်တွေ့ရသည်။ အများပြည်သူ စိတ်ဝင်စားမှုနည်းသော်လည်း ပြည်သူများ အမှန်တကယ်သိသင့်သိထိုက်သည့် သတင်းများနှင့် ပညာပေးသတင်းများ၊ လူနည်းစု၊ တိုင်းရင်းသား အင်အားနည်းသူအချို့၏ အခွင့်အရေးများနှင့် ပြည်သူတို့ ဆောင်ရန်ရှောင်ရန် သတိပေးအချက်အလက်များကိုလည်း ဖော်ပြပေးရန် အပြည့်အဝ တာဝန်ရှိသည်ဟုခံယူကာ ပေးဆပ်နိုင်ရန် အစဉ်ကြိုးပမ်းလျက်ရှိသည့်အပြင် ဆင်းရဲနွမ်းပါးသူများ၊ လျစ်လျူရှုခံထားရသူများ၊ ခွဲခြားဆက်ဆံခံရသကဲ့သို့ ဖြစ်နေသူများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးနှင့် ကလေးသူငယ်များနှင့် သက်ဆိုင်သော အရေးကိစ္စများကိုလည်း အလေးထားဖော်ပြပေးလျက်ရှိ**

ရန်ကုန်မြို့ရှိ နာမည်ကြီးလက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် သတင်းစာတစ်စောင်ကို ကိုင်ထားသည့်လူငယ်က ယနေ့နံနက်အတွက် စိတ်အဝင်စားဆုံးဖြစ်သည့် သတင်းတစ်ပုဒ်ကို အပေါင်းအသင်းတချို့အား ဦးဆောင်ဆွေးနွေးလျက်ရှိသည်။ သူပြောသည့်အကြောင်းအရာမှာ နိုင်ငံတကာအရေးဖြစ်ပြီး ကိုရီးယားကျွန်းဆွယ်အရေးကို အာပေါင်အာရင်းသန်စွာ ပြောဆိုနေခြင်းဖြစ်သည်။

### သတင်းအချက်အလက် သိရှိပိုင်ခွင့်

ထိုလူငယ်တို့၏ နံဘေးစားပွဲဝိုင်းတွင် အသက် ၆၀ ကျော် အရွယ်ဝန်းကျင်ရှိကြသည့် လူကြီးပိုင်းအချို့ ထိုင်နေကြသည်။ သူတို့၏ လက်ထဲတွင် ဘာသာရေးအဆုံးအမများနှင့် ဘာသာရေးဆောင်းပါးများပါဝင်သည့် ဂျာနယ်တစ်စောင်နှင့် နေ့စဉ်ထုတ် သတင်းစာအချို့ကို ကိုင်ထားကြပြီး စိတ်အားထက်သန်ရာသတင်းများကို ပြောဆိုရင်း၊ ဝေဖန်ရင်း ဆွေးနွေးနေသည်။ အခြားဝိုင်းတွင် ဆယ်ကျော်သက်စုံတွဲတစ်တွဲက နေ့စဉ်ထုတ်သတင်းစာ တစ်စောင်၏ စာမျက်နှာပေါ်သို့ မျက်စိရောက်နေကြပြီး မြန်မာနိုင်ငံသို့ လာရောက်ဖျော်ဖြေခဲ့သော ကိုရီးယားထိပ်တန်း ကေပေါ့ပ်ဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် EXO နှင့်ပတ်သက်၍ ပြောဆိုနေကြသည်။ မည်သို့ပင်ဖြစ်စေ ပြည်သူတို့သည် သတင်းခေတ်ကြီးတွင် အချိန်တိုင်း၊ နေရာတိုင်း သတင်းအချက်အလက်တို့ ပလူပျံလျက် ရွေးချယ်စရာပေါင်းများစွာပင်။ ပြည်သူတို့၏ သတင်းအချက်အလက် သိရှိပိုင်ခွင့်အပေါ် နိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင်မီဒီယာများက စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနေကြသည်။ နေ့စဉ်သတင်းအချက်အလက်များ သိရှိလိုအပ်နေမှုအနေအထားတွင် သတင်းမှန်များကို အချိန်နှင့်တစ်ပြေးညီရရှိပြီး ဘက်မလိုက်၊ စီးပွားရေးမဆန်၊ အဆိပ်အတောက်မရှိသည့် သတင်းအချက်အလက်များ ပြည်သူကို ပေးအပ်နိုင်ရေးသည် အရေးကြီးလာသည်။ ကောလာဟလသတင်းများနှင့် လိုရာဆွဲ၊ မဟုတ်မမှန်သတင်းမှားများ လွှမ်းမိုးသွားမည်ဆိုပါက ပြည်သူတို့၏ အသိအမြင်အတွေးအခေါ် လွဲမှားမှုအန္တရာယ်က အများပြည်သူတို့၏ အကျိုးစီးပွားကို ဆုတ်ယုတ်ပျက်ပြားစေနိုင်မှုမှသည် နိုင်ငံတော်၏ ပုံရိပ်ကျဆင်းနိုင်သည်အထိ ခြိမ်းခြောက်လာမည်ဖြစ်သည်။

အများပြည်သူအတွက် အစိုးရ၏လုပ်ဆောင်ချက်များကို သတင်းအချက်အလက်ပေးရန်နှင့်စပ်လျဉ်းသည့် မိန့်ခွန်းတစ်ရပ်ကို ၁၈၂၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ စတုတ္ထမြောက် သမ္မတဖြစ်သူ ဂျိမ်းစ်မဒီဆန်က ပြောကြားခဲ့ဖူးပြီး မျက်မှောက်ခေတ်ထိတိုင် နိုင်ငံအတော်များများက ယင်းအဆိုကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်နေကြသည်ကို မြင်တွေ့နိုင်သည်။

“ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရတစ်ရပ်ဟာ အများပြည်သူကို သတင်းအချက်အလက် မပေးနိုင်ဘူး၊ ပေးဖို့နည်းလမ်းလည်းမရှိဘူးဆိုရင် အဲဒီအစိုးရဟာ ဟာသ၊ ဒါမှမဟုတ် အလွမ်းဇာတ်လမ်းတစ်ပုဒ်ရဲ့အဖွင့်နိဒါန်းသာဖြစ်တယ်။ ဒါမှမဟုတ် နှစ်မျိုးစလုံးလည်း ဖြစ်နိုင်ပါတယ်”ဟု သမ္မတ ဂျိမ်းစ်မဒီဆန်က ပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် သတင်းမှန်ပြန်ကြားရေးဟုဆိုလျှင် သတင်းများကို လျင်မြန်စွာထုတ်ပြန်နိုင်သည့် ရေဒီယိုနှင့် ရုပ်မြင်သံကြားကဲ့သို့ မီဒီယာများအပြင် ယနေ့ခေတ်တွင် ရေပန်းစားလာသည့် အွန်လိုင်းမီဒီယာများကို မြင်တွေ့နိုင်ကြပြီး ဖွံ့ဖြိုးတိုးတက်သည့် ထိပ်တန်းနိုင်ငံကြီးများတွင်သာမက မြန်မာနိုင်ငံတွင်ပါ ယနေ့အချိန်ထိ အဓိကအကျိုးပြုသက်ရောက်မှုရှိနေသည့် မီဒီယာမှာ “သတင်းစာ” ဖြစ်သည်။

“သတင်းစာတွေ ဘယ်လောက်ထွက်လာထွက်လာ ကြေးမုံနဲ့ မြန်မာ့အလင်းကိုတော့ ပစ်ပယ်လို့မရပါဘူး။ သတင်းစာတွေရဲ့ တာဝန်ခံနိုင်မှု၊ တာဝန်ယူမှုနဲ့ အရေးကြီးတဲ့ သတင်းတွေမှာ အချက်အလက်ကို အတိအကျနဲ့ ဖော်ပြမှုတွေကို နိုင်ငံပိုင်သတင်းစာတွေမှာ မြင်တွေ့ရတယ်။ ဝေးလံတဲ့ ဒေသအထိလည်း နိုင်ငံပိုင်သတင်းစာတွေက ပျံ့နှံ့ရောက်ရှိတယ်”ဟု သတင်းစာဖတ်ပရိသတ်တစ်ဦးက သူ့အမြင်ကို ပြောပြသည်။

### အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်

လမ်းပန်းဆက်သွယ်ရေး၊ အခြေခံယန္တရားပြည့်စုံသော ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် သတင်းအချက်အလက်များစွာကို အွန်လိုင်း၊ Paper ၊ ရုပ်သံစသည်ဖြင့် နိုင်ငံတစ်ဝန်းသာမက ကမ္ဘာတစ်လွှားအထိ ထုတ်ပြန်လွှမ်းခြုံနိုင်သော်လည်း မြန်မာနိုင်ငံတွင်မူ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် နေရာများတွင်သာ နေ့စဉ်ထုတ်သတင်းစာများကို အချိန်မဆိုင်း မြင်တွေ့ရခြင်းဖြစ်သည်။ နေ့စဉ်ထုတ်သတင်းစာများအားလုံးကို စုံလင်အောင် ဝယ်ယူဖတ်ရှုခွင့် မရရှိသေးသည့်ဒေသများ ရှိနေသေးသည်ကိုလည်း မြင်တွေ့ရသည်။ သို့သော် သတင်းမှန်များကို နိုင်ငံတစ်ဝန်းသို့ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လွှမ်းခြုံနိုင်ရန်အပြင် နိုင်ငံတကာသို့လည်း ထိုးဖောက်ပျံ့နှံ့နိုင်ရေးမှာ အရေးကြီးသည့် လိုအပ်ချက်ဖြစ်သည်။ အကြောင်းမှာ မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ နိုင်ငံရေးစနစ်မျိုးစုံကျင့်သုံးသည့်နိုင်ငံများနှင့် နယ်မြေဆက်စပ်နေသည့်အပြင် တိုင်းရင်းသားလူမျိုးစုများစွာ ရောနှောနေထိုင်ကြသည့်အလျောက် အထင်အမြင်လွဲမှားမှုများမရှိစေရန်၊ သတင်းမှားများ၊ ကောလာဟလသတင်းဖြန့်ချိမှုတို့ကို ကာကွယ်ရန်နှင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရန်အတွက် သတင်းအချက်အလက်မှန်များ လျင်မြန်စွာ ဖြန့်ဝေနိုင်ရေးသည် အရေးတကြီး လိုအပ်ချက်ဖြစ်နေသည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအနေအထားနှင့် လက်ငင်းအခြေအနေများအရ ပြည်သူတို့၏ သတင်းအချက်အလက်သိရှိပိုင်ခွင့်အပေါ် ဖြည့်ဆည်းပေးရာ၌ နိုင်ငံပိုင်သတင်းစာများသည် အဓိကနေရာမှ ပါဝင်နေသည်။ အကြောင်းမှာ နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံတော်အစိုးရမှ ပြည်သူထံပေးလိုသည့် သတင်းအချက်အလက်များကို ဖော်ပြနေသကဲ့သို့ ပြည်သူတို့၏ ပြောဆိုသံ၊ ပြည်သူ့သဘောထားများကိုလည်း အစိုးရမှတာဝန်ရှိသူများ သိရှိသုံးသပ်ဆောင်ရွက်နိုင်ရန် တစ်ပြိုင်တည်း ဖော်ပြပေးခြင်းဖြင့် အပြန်အလှန်ထိတွေ့ဆက်ဆံပေးနေသည့် ကြားခံယန္တရားတစ်ရပ်သဖွယ် ဖြစ်တည်နေသည်။ တစ်နည်းအားဖြင့် အစိုးရနှင့်ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးနေခြင်းဖြစ်သည်။

“အရင်က နိုင်ငံပိုင်သတင်းစာတွေဟာ တစ်လမ်းသွားပုံစံနဲ့ တစ်ဖက်သတ်ဖော်ပြခဲ့တဲ့ပုံစံကနေ အခုအချိန်မှာ နှစ်လမ်းသွားပုံစံနဲ့ နိုင်ငံတော်အစိုးရ (တစ်နည်းအားဖြင့်) မဏ္ဍိုင် (၃)ရပ်က ပြည်သူတွေဆီကို အသိပေးတင်ပြအစီရင်ခံတဲ့ သတင်းတွေကို ထုတ်ပြန်ပေးရပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ အသံ၊ ပြည်သူတွေရဲ့သဘောထား၊ ပြည်သူတွေနဲ့သက်ဆိုင်ပြီး ပြည်သူတွေရဲ့လိုအပ်ချက်တွေဖြစ်တဲ့ အစိုးရသိသင့်သိထိုက်တဲ့ သတင်းအချက်အလက်တွေကိုလည်း အပြန်အလှန်ဖော်ပြပေးတဲ့ပုံစံကို ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံပိုင်သတင်းစာတွေဟာ အစိုးရနဲ့ ပြည်သူအကြားမှာ ကြားခံယန္တရားပုံစံနဲ့ ပေါင်းကူးတံတားသဖွယ် သတင်းဝန်ဆောင်မှုတာဝန်ထမ်းဆောင်နေတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်”ဟု သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာဦးရဲနိုင်က ပြောကြားသည်။

နိုင်ငံပိုင်သတင်းစာများဖြစ်သည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာနှစ်စောင်ကို မြန်မာဘာသာဖြင့် ထုတ်ဝေပြီး တိကျမှန်ကန်မျှတသည့် ဂုဏ်သိက္ခာမြင့်မားသော သတင်းစာများအဖြစ် ရပ်တည်နိုင်ရန်နှင့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် The Global News Light of Myanmar သတင်းစာကို ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းသည့် Joint Venture စနစ်ဖြင့် ဆောင်ရွက်နေပြီး အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် အဓိကသတင်းစာအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးခဲ့မှုနှင့်အတူ နိုင်ငံပိုင်သတင်းစာများကိုလည်း ပြည်သူ့ဝန်ဆောင်မှုမီဒီယာများအဖြစ် ပြောင်းလဲနိုင်ရန် ၂၀၁၂ ခုနှစ်မှစ၍ ပြင်ဆင်ဆောင်ရွက်လာခဲ့သည်။ အများပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ သတင်းစာအုပ်ချုပ်မှုအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အများပြည်သူ့ဝန်ဆောင်မှုသတင်းစာနှင့်ပတ်သက်သည့် စာနယ်ဇင်းကျင့်ဝတ် (Code of Ethics)၊ အများပြည်သူ့ဝန်ဆောင်မှုသတင်းစာဆရာများ၏ လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းများ ( Code of Conduct) နှင့် သတင်းစာတိုက်၏ အခြေခံလုပ်ဆောင်မှု (Code of Practice) များကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က ရေးဆွဲထုတ်ပြန်ကာ လိုက်နာလုပ်ဆောင်နေခြင်းဖြစ်သည်။

### အရေးကြီးသော ကျင့်ဝတ်စည်းကမ်း

ထိုသို့ဆောင်ရွက်ရာတွင် သတင်းစာဆရာများသည် ဘာသာရေး၊ လူမျိုးရေး၊ မုန်းတီးမှုများကို လှုံ့ဆော်ခြင်းမပြုရန်၊ လူမျိုး၊ ဇာတိနှင့် ကိုးကွယ်သည့်ဘာသာကို အကြောင်းပြုပြီး မတရားဝေဖန်ပုတ်ခတ်ရေးသားခြင်းမပြုရန်၊ ထို့အပြင် အကျင့်သိက္ခာပျက်ပြားစေမည့် ရေးသားမှုများ၊ ညစ်ညမ်းမှုများ၊ သိမ်ဖျင်းရုန့်ရင်းသော စကားအသုံးအနှုန်းများ၊ မနာလိုသော မစ္ဆရိယစိတ်ဖြင့် စွပ်စွဲချက်များ၊ မမှန်ကန်သော အသရေပျက်စေသော ကြေညာချက်များ၊ ယင်းအချက်များနှင့် ငြိစွန်းသော သတင်း၊ ဓာတ်ပုံ၊ ကာတွန်း၊ ဆောင်းပါးနှင့် ကြော်ငြာများကို ပုံနှိပ်ထုတ်ဝေခြင်း မပြုရန်အချက်များကို အဓိကထားလုပ်ဆောင်ရခြင်းမှာလည်း သတင်းစာဆရာများ၏ အရေးကြီးသော ကျင့်ဝတ်စည်းကမ်းများတွင် ပါဝင်သည်။

ထို့ပြင် အများပြည်သူ့ဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်းကို ပြုစုရေးဆွဲခဲ့ပြီး ယင်းဥပဒေကြမ်းပါ ပုဂ္ဂလိကမီဒီယာများမှ အများပြည်သူအကျိုးငှာ ဖော်ပြနိုင်ခြင်းမရှိသည့် အစီအစဉ်များအား ဖြည့်စွက်ပေးခြင်း၊ ပြည်သူလူထု၏ လိုအပ်ချက်နှင့်အကျိုးစီးပွားအား ဖြည့်ဆည်းပေးခြင်း၊ ပြည်သူ လူထု၏ အမြင်နှင့် ရှုထောင့်အမျိုးမျိုးတို့ကို ဖော်ပြပေးခြင်းဆိုသည့် အခြေခံမှုကိုလည်း အတိအကျလိုက်နာ လုပ်ဆောင်ရန်မှာလည်း နိုင်ငံပိုင်သတင်းစာများ၏ အဓိကတာဝန်ဝတ္တရားတစ်ခုဟု မှတ်ယူထားကြောင်း သိရသည်။

အများပြည်သူဝန်ဆောင်မှုမီဒီယာနှင့် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာ ကြော်ငြာမူဝါဒကိုလည်း ရေးဆွဲ ထုတ်ပြန်ခဲ့ပြီး ယင်းမှ ဆေးလိပ်၊ ဆေးရွက်ကြီး၊ အရက်နှင့် အလားတူ အခြားပစ္စည်းများနှင့် ပတ်သက်သော ထုတ်ကုန်များအတွက် ကြော်ငြာများနှင့် ယင်းတို့ကို ရောင်းချမှု သို့မဟုတ် စားသုံးမှုအား သွယ်ဝိုက်၍ဖြစ်စေ အားပေးသည့် ကြော်ငြာများ၊ ယင်းထုတ်ကုန်တစ်ခုခုအတွက် အစားထိုးကြော်ငြာများ ဖော်ပြခြင်းမပြုရ စသည့်အချက်များစွာကိုလည်း နိုင်ငံပိုင်သတင်းစာများတွင် အလေးထားလိုက်နာခဲ့ကြောင်း တွေ့ရှိရသည်။

“အများပြည်သူ့ဝန်ဆောင်မှုမီဒီယာလုပ်ငန်းမှာ ပြည်သူတွေ ရရှိခံစားနိုင်မယ့် အကျိုးကျေးဇူးတွေ အများကြီး ပါဝင်ပါတယ်။ အဲဒီဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခြင်း မရှိသေးပေမယ့် အများပြည်သူအတွက် အကျိုးရှိစေမယ့် အချက်တွေထဲက နိုင်ငံပိုင်သတင်းစာတွေ လက်ငင်းလိုက်နာလုပ်ဆောင်နိုင်တဲ့ အချက်တွေကို ရနိုင်သမျှ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူတွေ အချိန်စောပြီး အကျိုးကျေးဇူးခံစားရမှာပါ” ဟု ဦးရဲနိုင်က ဆက်လက်ပြောကြားသည်။

### စီးပွားရေးမူဝါဒများနှင့်အညီ

အစိုးရ၏ ဝန်ကြီးဌာနများတွင် ဦးစီးဌာနနှင့် လုပ်ငန်းဟူ၍ နှစ်မျိုးနှစ်စားရှိပြီး ဦးစီးဌာနများသည် လုပ်ငန်းစီမံချက်အလိုက်ဘတ်ဂျက်ရယူသုံးစွဲခွင့်ရပြီး လုပ်ငန်းများသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဖြစ်သည့်အားလျော်စွာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ သတ်မှတ်လျာထားသည့် ဝင်ငွေရရှိအောင် ဆောင်ရွက်ကြရသည်။ နိုင်ငံပိုင်သတင်းစာလုပ်ငန်းသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေး မူဝါဒများနှင့်အညီ သင့်တင့်သည့် အမြတ်ငွေရရှိနိုင်ရန် လျာထားသတ်မှတ်ထားရှိမှုအပေါ် ဝင်ငွေရရှိအောင် စီမံဆောင်ရွက်ရသကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေ အရှုံးမရှိစေရန်အတွက်လည်း အထူးဂရုပြုဆောင်ရွက်လျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာနလက်အောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် နိုင်ငံပိုင်သတင်းစာများ ရောင်းချခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းများတွင် ဆောင်ရွက်သည့် ငွေကြေးသုံးစွဲမှုနှင့် အခွန်အခဆိုင်ရာများ အကြောင်းကို သိရှိနိုင်ရေးအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှငွေစာရင်းမန်နေဂျာ ဒေါ်စန်းစန်းမြင့်အား မေးမြန်းရာ “နိုင်ငံပိုင်သတင်းစာထုတ်ဝေတဲ့ လုပ်ငန်းစဉ်တစ်လျှောက်လုံးမှာ နိုင်ငံပိုင်သတင်းစာဖြစ်လို့ဆိုပြီး အခွင့်ထူးခံအနေနဲ့ လုပ်ဆောင်တာမျိုး တစ်ခုမှမရှိပါဘူး။ လျှော့ဈေးနဲ့ရော၊ အခမဲ့ရော၊ အခွန်ကင်းလွတ်ခွင့်ပုံစံရော တစ်ခုမှ ရယူထားတာမရှိပါဘူး။ ကုန်ကြမ်းဝယ်တာကနေ သတင်းစာကုန်ချော သယ်ယူတာကအစ အများတန်းတူ ပေးဆောင်နေရတာပါ။ သတင်းစာရောင်းချတဲ့အပေါ်မူတည်ပြီး ကုန်သွယ်ခွန်ပေးဆောင်ပါတယ်။ အမြတ်ငွေရဲ့ ၂၅ ရာခိုင်နှုန်းကိုလည်း ဝင်ငွေခွန်ပေးရတယ်။ နောက်ပြီး ၂၀ ရာခိုင်နှုန်းကိုလည်း နိုင်ငံတော် ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရပါတယ်။ နှစ်စဉ်အမြတ်ငွေထဲကနေ ၅၅ ရာခိုင်နှုန်းကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် ထည့်ဝင်

*စာမျက်နှာ ၉ သို့*



မြန်မာ့အလင်း သတင်းစာတိုက် သတင်းခန်းအတွင်း တာဝန်ထမ်းဆောင်နေကြစဉ်

*❄ ကျောဖုံးမှ*

ဆွေးနွေးပွဲပထမပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကုလသမဂ္ဂမှ ချမှတ်ထားသော ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းချက်ပန်းတိုင်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လွှတ်တော်များက ဥပဒေပြုရေး၊ အစိုးရနှင့်အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်ရေးကို လူထုကိုယ်စားပြုကာ ပြည်သူနှင့်အတူ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းအားဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုပါကြောင်း အကြံပြုပြောကြားခဲ့သည်။

**တည်ခင်းဧည့်ခံ**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တက်ရောက်လာသူ အဖွဲ့ခေါင်းဆောင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဟိုချီမင်းမြို့တော် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Nguyen Thien Nhan က ဟိုချီမင်းမြို့ Rex Hotel ၌ တွေ့ဆုံပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် GEM Center သီးသန့်ခန်း၌ IPU ဥက္ကဋ္ဌ H.E. Mr. Saber Chowdhury နှင့် IPU အထွေထွေ အတွင်းရေးမှူးချုပ် Mr. Martin Chungong တို့နှင့် တွေ့ဆုံကာ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီများနှင့်လိုအပ်သည့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များပေးရေး ကိစ္စရပ်ဆွေးနွေး

**နေပြည်တော်  မေ ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဥရောပသမဂ္ဂမှ Commissioner for Humanitarian Aid and Crisis Management ဖြစ်သူ H.E. Mr . Christos Stylianides အား မေ ၁၂ ရက်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီများနှင့် လိုအပ်သည့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များပေးရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# ကျောက်တံခါး၌ ကျေးရွာချင်းဆက် ရိုးမတံတားဖွင့်

**ကျောက်တံခါး  မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အင်းပါတ်လည်ကျေးရွာအုပ်စု အင်းပါတ်လည်ကျေးရွာနှင့် ဘုံတောကျေးရွာသို့ ဆက်သွယ်ထားသော အိုင်တုံချောင်းကူးရိုးမတံတားဖွင့်ပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီကကျင်းပခဲ့ကြောင်း သိရသည်။

ရိုးမတံတားဖွင့်ပွဲအခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးအတွင်းဝန် Mr. IWASE Keita JIP အဖွဲ့ဥက္ကဋ္ဌ Mr. UMRO Akira၊ ဒုတိယဥက္ကဋ္ဌ Mr. ASAKURA Hajime တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါတံတားကို ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများ ထောက်ပံ့လှူဒါန်းငွေဖြင့် တည်ဆောက်ပြီး တံတားအမျိုးအစားမှာ ငုပ်လျှိုးတံတားဘိုးပိုင်တိုင်နှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး တံတားအရှည် ၆၀ မီတာ ယာဉ်သွားလမ်း အကျယ်သုံးမီတာ၊ လူသွားလမ်းအကျယ် ၀ ဒသမ ၆ မီတာဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ခြောက်တန်ဖြစ်၍ ဒေသခံပြည်သူများ နွေမိုးဆောင်း အလွယ်တကူ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

*စာမျက်နှာ ၈ မှ*

စုဆောင်းရပါတယ်။ ကျွန်မတို့ရဲ့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေနဲ့ လုပ်ငန်းသုံးရင်းနှီးငွေ စုဆောင်းထားတဲ့ ပမာဏက အထိုက်အလျောက်လည်း ရှိလာပါပြီ။ ဒါကြောင့် နှစ်စဉ်အသုံးစရိတ်အတွက် သုံးစွဲနိုင်တဲ့ အနေအထားရှိလာလို့ ပြည်ထောင်စုရန်ပုံငွေစာရင်း ခေါင်းစဉ်ကနေ ကျခံသုံးစွဲခြင်း မပြုရတော့ပါဘူး”ဟု ရှင်းပြသည်။

**သတင်းစာများ နေ့စဉ်အချိန်မီဖြန့်ချိ**

နိုင်ငံပိုင်သတင်းစာများသည် သတင်းနှင့်ကြော်ငြာများ ဖော်ပြခဲ့မှုတွင် အချက်အလက်ခိုင်မာမှန်ကန်မှုကြောင့် ပြည်သူတို့၏ ယုံကြည်မှု (Trust) ရရှိနေသည်ဟု ယူဆနိုင်ပြီး အစိုးရသတင်းစာများတွင် မဖြစ်မနေ ထည့်သွင်းကြော်ငြာနေခြင်းသည် ကြော်ငြာရှင်များ၏ အားကိုးအားထားပြုရာ သတင်းစာများအဖြစ် သတ်မှတ်ထားကြသည်ဟု ယူဆရမည်ဖြစ်သည်။ နိုင်ငံပိုင်သတင်းစာများတွင် လူမှုရေးကြော်ငြာများကို စီးပွားရေးကြော်ငြာနှုန်းထားများထက် ဈေးနှုန်းလျှော့ချလက်ခံပြီး ပြည်သူကို ဝန်ဆောင်မှုပေးနေခြင်းမှာ နိုင်ငံတစ်ဝန်းသို့ သတင်းစာများ နေ့စဉ်အချိန်မီ ဖြန့်ချိနိုင်မှုအပေါ် မူတည်ပြီး သတင်းစာစောင်ရေ တိုးတက်မှုနှင့်အတူ ကြော်ငြာမှ ဝင်ငွေတိုးတက်ရရှိလာသည့် အတွက်ကြောင့်ပင်ဖြစ်ကြောင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သိရှိရသည်။

ဖတ်ရှုသူများပြားခြင်းနှင့် ကြော်ငြာအောင်မြင်မှုများကြောင့်လည်း သတင်းစာဖတ်သူများအတွက် ကျသင့်သည့် သတင်းစာထုတ်လုပ်စရိတ်ထက်နည်းပါးသည့် တန်ဖိုးဖြင့် သတင်းစာကို ပြည်သူများထံအရောက်တင်ဆက်နိုင်ခြင်းဖြစ်ကြောင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဦးဟန်လင်းအောင်က ဆိုသည်။

“တစ်စောင်ကို ငွေကျပ် ၅၀ နဲ့ ရောင်းချပေးတယ်ဆိုတာက ပြည်သူအတွက် ဈေးသက်သက်သာသာနဲ့ သတင်းတွေကို သိရှိနိုင်အောင်ရည်ရွယ်ပါတယ်။ ကျွန်တော်တို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေနဲ့ လုပ်ငန်းလည်ပတ်ရာမှာ အရှုံးမရှိခဲ့ဘဲ သင့်တင့်တဲ့အမြတ်ငွေကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် နှစ်စဉ်ပေးသွင်းနိုင်တာကြောင့် အောင်မြင်တဲ့ နိုင်ငံ့စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်”ဟု ပြောကြားသည်။

နိုင်ငံပိုင်သတင်းစာလုပ်ငန်းသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည်နှင့်အညီ လုပ်ငန်းအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်းကိုလည်း ဝန်ကြီးဌာနများ၏ စည်းမျဉ်း၊ စည်းကမ်းအတိုင်း ပြန်ကြားရေးဝန်ကြီးဌာနက ဖွဲ့စည်းထားသည့် ပြည်တွင်း၊ ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ၏အစီအစဉ်ဖြင့် နိုင်ငံတော်ထုတ်ပြန်ထားသည့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာလုပ်ဆောင်နေကြောင်း သိရှိရသည်။

“ဌာနအတွက် လိုအပ်တဲ့ပစ္စည်းတွေဝယ်ဖို့ လိုအပ်လာတဲ့အခါ တင်ဒါလုပ်ငန်းစဉ်အတိုင်းလုပ်ဆောင်ပါတယ်။ အဲဒီထဲမှာ ဈေးနှုန်းမြင့်မားတဲ့ ပုံနှိပ်စက်ဝယ်ယူတာလည်း ပါဝင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ သတင်းစာတွေမှာ ဝယ်လိုတဲ့ ပစ္စည်းအမျိုးအစားနဲ့ အရေအတွက်ကို သတ်မှတ်ကာလအတွင်း ခေါ်ယူတာ၊ တင်ဒါသွင်းလာတဲ့ ပစ္စည်းတွေကို အရည်အသွေး စစ်ဆေးရေးအဖွဲ့တွေ ဖွဲ့စည်းပြီး ပွင့်လင်းမြင်သာစွာနဲ့ ကြိုတင် စစ်ဆေးတာ၊ စိစစ်ပြီး ပစ္စည်းတွေရဲ့ဈေးနှုန်းပိုင်ဆိုင်မှုကို စိစစ်ရွေးချယ်တာ၊ တင်ဒါအောင်မြင်ကြောင်း ကြေညာတာ၊ စာချုပ်စာတမ်းတွေနဲ့ တင်ဒါစည်းမျဉ်း၊ စည်းကမ်းတွေကို အတိအကျနဲ့ ဆောင်ရွက်ခဲ့တဲ့အပြင် စီစီတီဗွီတပ်ဆင်ပြီး လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုတာ၊ လုပ်ငန်းစဉ်အားလုံးကို ဗီဒီယိုမှတ်တမ်းတင်တာတွေကိုပါ အကောင်းဆုံး လုပ်ဆောင်ခဲ့ပါတယ်”ဟု ဦးဟန်လင်းအောင်က ပြောကြားသည်။

**ပေးဆပ်နိုင်ရန် အစဉ်ကြိုးပမ်းလျက်**

နိုင်ငံပိုင်သတင်းစာများအနေဖြင့် သတင်းအချက်အလက်များ ဖော်ပြရာတွင်လည်း ကန့်သတ်ချက်များရှိနေသည်ကို မြင်တွေ့ရသည်။ အများပြည်သူ စိတ်ဝင်စားမှုနည်းသော်လည်း ပြည်သူများ အမှန်တကယ်သိသင့်သိထိုက်သည့် သတင်းများနှင့် ပညာပေးသတင်းများ၊ လူနည်းစု၊ တိုင်းရင်းသား အင်အားနည်းသူအချို့၏ အခွင့်အရေးများနှင့် ပြည်သူတို့ ဆောင်ရန်ရှောင်ရန် သတိပေးအချက်အလက်များကိုလည်း ဖော်ပြပေးရန် အပြည့်အဝတာဝန်ရှိသည်ဟု ခံယူကာ ပေးဆပ်နိုင်ရန် အစဉ်ကြိုးပမ်းလျက်ရှိသည့်အပြင် ဆင်းရဲနွမ်းပါးသူများ၊ လျစ်လျူရှုခံထားရသူများ၊ ခွဲခြားဆက်ဆံခံရသကဲ့သို့ ဖြစ်နေသူများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးနှင့် ကလေးသူငယ်များနှင့် သက်ဆိုင်သော အရေးကိစ္စများကိုလည်း အလေးထားဖော်ပြပေးလျက်ရှိသည်။

“နိုင်ငံပိုင်သတင်းစာတွေဖြစ်တာကြောင့် နိုင်ငံ့ပုံရိပ်နဲ့ အများကြီးသက်ဆိုင်တယ်။ သတင်းအချက်အလက် ခိုင်မာမှုရှိမှ ဖော်ပြရသလို အခေါ်အဝေါ်တွေ၊ အသုံးအနှုန်းတွေ၊ မြန်မာစာလုံးပေါင်းသတ်ပုံတွေ မှန်ကန်စေဖို့တွေအပြင် ပြဋ္ဌာန်းထားတဲ့ သတင်းမီဒီယာနဲ့ဆိုင်တဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ ဌာန အတွင်းမှာ ပြဋ္ဌာန်းထားတဲ့ ကျင့်ဝတ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေကိုလည်း စံနမူနာအဖြစ်နဲ့ လေးစားလိုက်နာရပါတယ်။ ဒါကြောင့်လည်း အစိုးရမီဒီယာတွေဟာ အခြားမီဒီယာတွေနဲ့ အပြိုင်ဖော်ပြဖို့ ကန့်သတ်ချက်တွေ ရှိနေရသေးတယ်”ဟု ကြေးမုံသတင်းစာ၏ စာတည်းမှူးချုပ် (အယ်ဒီတာချုပ်) ဦးခင်မောင်ကျော်ဒင်က ပြောကြားသည်။

နိုင်ငံပိုင်သတင်းစာများသည် ဝါဒဖြန့်ချိသည့် လုပ်နည်းလုပ်ဟန်များကို ပြောင်းလဲပြီး အများပြည်သူအတွက် သတင်းအချက်အလက်များ အစီရင်ခံတင်ပြသည့် အနေအထားတစ်ရပ်ကို ဦးတည်ဆောင်ရွက်နေမှုတွင် သတင်းအချက်အလက်များကို မြန်မာဘာသာအပြင် အင်္ဂလိပ်ဘာသာဖြင့်လည်း မြန်မြန်ဆန်ဆန်နှင့် အချိန်နှင့် တစ်ပြေးညီ တင်ဆက် နိုင်ရန်ရည်ရွယ်ချက်ဖြင့် ဒစ်ဂျစ်တယ်သတင်းစာ (Digital Newspaper) တိုးချဲ့ထုတ်လွှင့်ရန် ကြိုးပမ်းစီစဉ်နေကြပြီကို မြင်တွေ့ရသည်။

ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ ဒစ်ဂျစ်တယ်သတင်းစာသည် နိုင်ငံတော်ဘဏ္ဍာငွေကို အသုံးမပြုဘဲ ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ပုံနှိပ်မီဒီယာများ မှေးမှိန်လာပြီး Online Media များ တိုးတက်ပြောင်းလဲဆောင်ရွက်လာချိန်တွင် နိုင်ငံပိုင်သတင်းစာများအနေဖြင့် ပြောင်းလဲတိုးတက်လာသည့် သတင်းအချက်အလက်နည်းပညာများနှင့်အညီ အများနည်းတူ လိုက်ပါဆောင်ရွက်လာခြင်းဖြစ်သည်။

“ပုံနှိပ်သတင်းစာတွေမှာ စာမျက်နှာကန့်သတ်ချက်အရ နေရာပေးဖော်ပြဖို့ ခက်ခဲတဲ့သတင်းတွေကို အချိန်နဲ့တစ်ပြေးညီ မြန်ဆန်စွာ ထုတ်လွှင့်ဖော်ပြဖို့ ရည်ရွယ်ပြီး ဒစ်ဂျစ်တယ်သတင်းစာကို လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒါမှသာ မြန်မာနိုင်ငံအတွင်းကသာမက တစ်ကမ္ဘာလုံးကပါ သတင်းအချက်အလက်တွေကို တစ်ပြေးညီကြည့်ရှုနိုင်မှာပါ။ ဒါမှလည်း အွန်လိုင်းကနေ စာဖတ်ပရိသတ်တွေတိုးလာပြီး မြန်မာနိုင်ငံဆိုင်ရာ မှန်ကန်တဲ့ သတင်းအချက်အလက်တွေကို ပိုပြီးသိရှိခွင့်ရလာ မှာဖြစ်ပါတယ်”ဟု သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း) တာဝန်ထမ်းဆောင်နေသူ ဦးသက်ဆွေက ပြောကြားသည်။

**ပြည်သူ့ဆန္ဒကို ထင်ဟပ်**

နိုင်ငံပိုင်သတင်းစာများသည် ပြည်သူနှင့် နိုင်ငံတော်အကျိုးအတွက် ရည်ရွယ်ပြီး သတင်းမှန်ထုတ်ပြန်နိုင်ရေးကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများ သိရှိလိုသည့် ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း စာနယ်ဇင်းကျင့်ဝတ်များအား လိုက်နာကာ မျှတစွာဖော်ပြပေးနေသည်။ အမြင်မတူကွဲပြားခြားနားမှုများအပြင် ပြည်သူများ၏ လိုအပ်ချက်၊ ပြည်သူ့ဆန္ဒကို ထင်ဟပ်စေခဲ့သည်။

ပြည်သူတို့ ယုံကြည်မှုကြောင့် ယခုအချိန်အထိ အောင်မြင်နေဆဲ နိုင်ငံပိုင်သတင်းစာများနှင့် ပတ်သက်ပြီး “ကျွန်တော်တို့အနေနဲ့ ပြည်သူတွေရဲ့ သတင်းသိရှိနိုင်ခွင့်အပေါ်မှာ တတ်စွမ်းသမျှ နည်းလမ်းတွေနဲ့ ဖြည့်ဆည်းဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မျှော်မှန်းတဲ့ အတိုင်းအတာအထိ အောင်မြင်မှုတွေ မရသေးပေမယ့်လည်း ပြည်သူနဲ့ နိုင်ငံ့အကျိုးအတွက် အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်တယ်လို့ ယုံကြည်ပါတယ်။ ပြင်ပက ပညာရှင်တွေရော၊ မီဒီယာကရော၊ ပြည်သူကရော ကျွန်တော်တို့သတင်းစာတွေရဲ့ ဆောင်ရွက်နေမှုအပေါ် ဝေဖန်တာ၊ ထောက်ပြတာ၊ ကူညီပံ့ပိုးတာနဲ့ အကြံပေးတာတွေကိုလည်း အမြဲနားစွင့်ပြီး လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဆက်တိုက်ပြုလုပ်လျက်ရှိပါတယ်”ဟု မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် (အယ်ဒီတာချုပ်) ဦးအောင်နိုင်ဦးက ပြောကြားသည်။

**အဆင့်အတန်းရှိစွာ ရပ်တည်နိုင်ရေး**

သတင်းစာများတိုးတက်ထုတ်ဝေလာချိန်တွင် သတင်းစာတိုက် တစ်တိုက်ချင်းအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဘက်မလိုက်မျှတပြီး ပြည်သူလူထုယုံကြည်ကိုးစားသည့် သတင်းစာများအဖြစ် အဆင့်အတန်းရှိစွာ ရပ်တည်နိုင်ရေးသည် သတင်းစာတိုက်တစ်တိုက်ချင်းစီတွင် တာဝန်အပြည့်ရှိပြီး အစိုးရသတင်းစာများသည်လည်း အခြားပြည်တွင်းသတင်းစာများနည်းတူ သတင်းများစုဆောင်းရယူခြင်း၊ ထုတ်နုတ်ဖော်ပြခြင်း၊ တင်ပြပုံရှုထောင့် ရွေးချယ်ခြင်းစသည့် ကဏ္ဍများတွင် အခြားပုဂ္ဂလိကသတင်းစာများနည်းတူ ဆောင်ရွက်နေကြရခြင်းဖြစ်သည်။

သတင်းစာဖတ်ပရိသတ်တစ်ဦးဖြစ်သူ ရန်ကင်းမြို့နယ်နေဦးအောင်မိုးက “မြန်မာ့အလင်း၊ ကြေးမုံသတင်းစာနဲ့ နယူးလိုက်သတင်းစာတွေကို အရင်က လူကြီးတွေပဲဖတ်နေရာက အခုအချိန်မှာ လူငယ်လူရွယ်တွေနဲ့ ကလေးသူငယ်တွေပါ စောင့်ကြည့်ပြီးဖတ်လာကြတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေအကြိုက်သာမက ပြည်သူ့အကြိုက်ကို ဖြစ်နေတာ”ဟု ပြောခဲ့သည်။

“ပြည်သူကို မျက်နှာမူနေတဲ့ သတင်းစာဆိုတာ အမှန်တကယ် လိုအပ်နေဆဲပါ။ အစိုးရသတင်းစာတွေ မရှုံးဘူးလို့ သိရတယ်။ မထူးပါဘူး။ နာရေးပဲဖတ်တယ်ဆိုတာ လွန်ခဲ့တဲ့ ဆယ်စုနှစ်လောက်က အစိုးရသတင်းစာတွေကို ပြောခဲ့ကြတာပါ။ အခုချိန်မှာ ဖတ်စရာမပါဘူး။ မဖတ်ဘူး။ ကိုင်တောင်မကြည့်ဘူးဆိုတဲ့အပြောက မဖြစ်နိုင်ပါဘူး။ လူထုအားမပေးရင် ကြော်ငြာနေတာတွေ၊ သတင်းစာစောင်ရေတွေ ကျလာနေမှာပေါ့။ ကျွန်မကတော့ သတင်းစာတိုင်း ဖတ်တယ်။ ပုဂ္ဂလိကသတင်းစာတွေလည်း ထွက်သမျှအားပေးတယ်။ ဒါပေမယ့် အရေးကြီးတဲ့ နိုင်ငံရေးအဖြစ်အပျက်တွေ၊ စီးပွားရေးနဲ့ လူမှုရေးအခြေအနေတွေအားလုံးကိုတော့ နိုင်ငံပိုင်သတင်းစာမှာ ပါတဲ့အခါကျမှ ပိုပြီးစိတ်ချယုံကြည်တယ်”ဟု ဗဟန်းမြို့နယ်တွင် နေထိုင်သည့် အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆန်းဆင့်က ပြောပြသည်။

ယနေ့ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနေချိန်တွင် နိုင်ငံပိုင်သတင်းစာများအနေဖြင့် ပြည်သူကိုဗဟိုပြုခြင်း၊ ပြည်သူကို မျက်နှာမူခြင်း၊ ပြည်သူအတွက် သတင်းပေးနိုင်ခြင်းရှိမရှိကို အမြဲမပြတ် သုံးသပ်နေရမည်ဖြစ်သကဲ့သို့ ပြည်သူကိုဦးတည်ခြင်းရှိမရှိနှင့် ပြည်သူ့အကြိုက်ဖြစ်ခြင်း၊ မဖြစ်ခြင်းကိုလည်း လေ့လာဆန်းစစ်နေရမည်ဖြစ်သည်။ ထို့ပြင် ပြည်သူ့အပေါ် ဆန့်ကျင်ခြင်း၊ ပြည်သူအတွက် နစ်နာအောင်ပြုလုပ်ခြင်းနှင့် ပြည်သူအတွက် စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်ခြင်း ရှိမရှိတို့ကိုလည်း ပြည်သူများက စောင့်ကြည့်အကြံပြုခြင်းဖြင့် ပြည်သူနှင့်အတူ ရှိနေမည့် နိုင်ငံပိုင်သတင်းစာများအဖြစ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ခေတ်သစ်ပိုးလမ်းမကြီး ဖိုရမ်သို့ တောင်ကိုရီးယားသမ္မတအပါအဝင် ခေါင်းဆောင် ၂၉ ဦးတက်ရောက်မည်



**ပေကျင်း မေ ၁၂**

တရုတ်နိုင်ငံ မြို့တော် ပေကျင်းတွင် ကျင်းပမည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ခေတ်သစ်ပိုးလမ်းမကြီး ဖိုရမ်သို့ နိုင်ငံတကာမှ ခေါင်းဆောင် ၂၉ ဦး တက်ရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကိမ်းစွမ်က ယမန်နေ့က ကြေညာခဲ့သည်။

တောင်ကိုရီးယားသမ္မတဖြစ်လာသူ မွန်ဂျေအင်အနေဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ခေတ်သစ်ပိုးလမ်းမကြီးဖိုရမ်သို့ တက်ရောက်ရန်အတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနှင့် တရုတ်တို့သည် အဓိကကုန်သွယ်ရေးမိတ်ဖက်များအဖြစ်အရေးပါသော်လည်း အမေရိကန် တက်ဒ်စနစ်ဒုံးပျံကာကွယ်ရေးနှင့် ပတ်သက်ပြီး အနည်းငယ်အဖုအထစ်ဖြစ်လာခဲ့သည်။

မေ ၁၄ ရက်တွင် ကျင်းပမည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ခေတ်သစ်ပိုးလမ်းမကြီး ဖိုရမ်တွင် အာရှ၊ အာဖရိကနှင့် ဥရောပမှဖြတ်ကျော်ကုန်သွယ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများအကြောင်း အဓိကဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ ၂၀၁၃ခုနှစ် တရုတ်နိုင်ငံခေတ်သစ်ပိုးလမ်းမကြီး အစပျိုးဖော်ဆောင်မှု အဆိုပြုထားချိန်မှစကာ အဆင့်မြင့်ဆုံး နိုင်ငံတကာမှ ခေါင်းဆောင်များ ပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ခေတ်သစ်ပိုးလမ်းမကြီး တစ်လျှောက်ရှိ နိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၁၄-၂၀၁၆ခုနှစ်အတွင်း ယွမ် ၂၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ထရီလီယံ) ခန့်ရှိခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အိန္ဒိယစာသင်ကျောင်း၌ ကျွေးမွေးသောအစားအစာထဲတွင် မြွေတွေ့ရှိ

**နယူးဒေလီ မေ ၁၂**

အိန္ဒိယနိုင်ငံ မြို့တော်နှင့် မလှမ်းမကမ်းရှိ အစိုးရစာသင်ကျောင်းတစ်ကျောင်း၌ နေ့လယ်စာအဖြစ် ကျွေးမွေးသည့် အစာထဲတွင် မြွေအသေတစ်ကောင်တွေ့ရှိခဲ့သည့်အတွက် စစ်ဆေးမှုများပြုလုပ်ရန် ညွှန်ကြားခဲ့ကြောင်း တာဝန်ရှိသူများက မေ ၁၂ ရက်က ပြောခဲ့သည်။

ထိုမြွေမှာ အစားအစာထဲသို့ မည်သို့ ရောက်ရှိနေသည်ကို စတင်စစ်ဆေးခဲ့ကြောင်း၊ မြွေပါသည်ကို သိရှိပြီးနောက် ကျောင်းသူများမှာ အော့အန်ခြင်း၊ နေမကောင်းခြင်းများဖြစ်ခဲ့ကြကြောင်း သိရသည်။

မြို့တော်နှင့် ကီလိုမီတာ ၃၀ အကွာရှိ ဖာရီဒါဘက်ဒေသ ရက်ဂျ်ကီးယားမိန်းကလေးအလယ်တန်းကျောင်းသူများကို ကျွေးမွေးခဲ့သော ပဲထမင်းပေါင်းတွင် မြွေပေါက်ကလေးကို တွေ့ခဲ့ရကြောင်း အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

အစားအစာများကို ကျောင်းတွင် ချက်ပြုတ်ထားခြင်းမဟုတ်ကြောင်း၊ ဘာသာရေးအဖွဲ့အစည်းတစ်ခုက လာရောက်ပေးကမ်းခြင်းဖြစ်ကြောင်း ကျောင်းအုပ်ဆရာကြီး ဘာရက်ချ်ဘာလာက ပြောခဲ့သည်။

အစားအစာထဲတွင် မြွေတွေ့ပြီးနောက် ကလေးများအား စားလက်စအစားအစာများကို ချက်ချင်းရပ်တန့်စေခဲ့ကြောင်းနှင့်သက်ဆိုင်ရာကို အကြောင်းကြားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာ့ရည်မှန်းချက်အကြီးဆုံး အခမဲ့အာဟာရ ကျွေးမွေးခြင်းလုပ်ရှားဆောင်ရွက်မှုအဖြစ် အိန္ဒိယနိုင်ငံ၏ နေ့လယ်စာကျွေးမွေးမှုအစီအစဉ်ကို စတင်လျက်ရှိပြီး နိုင်ငံတွင်းရှိ စာသင်ကျောင်း တစ်သန်းကျော်မှ ကျောင်းသားပေါင်း သန်း ၁၂၀ ကျော်အား ကျွေးမွေးလျက်ရှိကြောင်း သိရသည်။ သို့သော်လည်း သန့်ရှင်းမှုနည်းပါးခြင်းကြောင့် အစားအစာထဲတွင် ကြွက်နှင့် ပိုးမွှားအသေများ တွေ့ရှိရတတ်ပြီး ရောဂါဝေဒနာများခံစားကြရကြောင်း သိရသည်။ **(ဆင်ဟွာ)**






# တရုတ်နိုင်ငံက ဖော်ဆောင်လျက်ရှိသော ပိုးလမ်းမကြီးသည် ခေတ်မီအဝေးပြေးလမ်းမကြီးဖြစ်လာမည်

**နယူးယောက် မေ ၁၂**

တရုတ်နိုင်ငံကဆောင်ရွက်လျက်ရှိသော ခေတ်သစ်ပိုးလမ်းမကြီးဖော်ဆောင်မှုသည် ကုန်စည်စီးဆင်းမှုတစ်ခုတည်းသာမက တိုက်ကြီးများအတွင်းရှိ နိုင်ငံများသို့ သတင်းအချက်အလက်များ၊ အသိပညာနှင့် ဝန်ဆောင်မှုများကိုပါ ဆောင်ကြဉ်းပေးမည့် ခေတ်မီ အဝေးပြေးလမ်းမကြီး တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း အမေရိကန်ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်။

လာမည့်ဆယ်စုနှစ်အတွင်း နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကမ္ဘာ့မြို့ရွာများမှာ သေချာပေါက် ပြောင်းလဲတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်သစ်ပိုးလမ်းမကြီး အပါအဝင် ကမ္ဘာတစ်ဝန်းရှိ အခြားအခြားသော အဆောက်အအုံများလည်း ပြောင်းလဲတိုးတက်လာမည်ဖြစ်ကြောင်း ခေတ်မီမြို့များ ဖော်ဆောင်ရေးအတွက် အကြံပေးလုပ်ငန်းတစ်ခုဖြစ်သော ကမ္ဘာ့အနာဂတ်ကုမ္ပဏီပူးတွဲ တည်ထောင်သူ ဂျယ်ရီဟယ်တင်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံက ၂၀၁၃ခုနှစ်တွင် အဆိုပြုထားခဲ့သော ခေတ်သစ်ပိုးလမ်းမကြီး အစပျိုးဖော်ဆောင်မှုတွင် ပိုးလမ်းမကြီး စီးပွားရေးနှင့် ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးလည်း ပါဝင်ကြောင်း သိရသည်။

ထိုပိုးလမ်းမကြီးသည် ရှေးဟောင်း ပိုးလမ်းမကြီး ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ ဥရောပ၊ အာဖရိကဒေသနှင့် အာရှဒေသတို့ကို ချိတ်ဆက်သွားရန် ရည်ရွယ်ကြောင်း သိရသည်။ ခေတ်သစ်ပိုးလမ်းမကြီးတစ်လျှောက်ရှိ နိုင်ငံများ၌ ပြည်ပစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် ၅၆ ခု ပူးတွဲတည်ထောင်ထားပြီး ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ အရင်းအမြစ်များ သုံးစွဲခြင်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများနှင့် သုတေသနဖွံ့ဖြိုးမှုလုပ်ငန်းများပါဝင်ကြောင်း သိရသည်။

ပိုးလမ်းမကြီး အစပျိုးဖော်ဆောင်မှုကြောင့် အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှု ဒေါ်လာဘီလီယံပေါင်းများစွာရရှိလာရာမှတစ်ဆင့် အာရှ၊ အာဖရိကနှင့် ဥရောပကြားဆက်သွယ်မှုများ ချဲ့ထွင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။
**(ဆင်ဟွာ)**

# သြစတြီးယားနိုင်ငံခြားရေးဝန်ကြီး ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးရန် တောင်းဆို

**ဗီယင်နာ မေ ၁၂**

သြစတြီးယား နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဆီဘတ်စ်ရှင်ကာ့ဒ်က မေ ၁၂ ရက်က ကြားဖြတ်ပါလီမန်ရွေးကောက်ပွဲ ကျင်းပပေးရန် တောင်းဆိုလိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ သဘောနှင့် ပြောရမည်ဆိုလျှင် ကြားဖြတ်ရွေးကောက်ပွဲကို စောစီးစွာကျင်းပခြင်းသည် မှန်ကန်သော လမ်းကြောင်းဖြစ်ကြောင်း ကာ့ဒ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ယခုတစ်ပတ်တွင် ရိန်ဟိုးမစ်တာလဲဟာ နုတ်ထွက်ပြီးနောက်တွင် ပြည်သူ့ပါတီမှ ကာ့ဒ်သည် နောင်လာမည့်ခေါင်းဆောင် ဖြစ်လာမည့် အလားအလာရှိကြောင်းသိရသည်။ လာမည့် မေ ၁၄ ရက်တွင် ပါတီအစည်းအဝေး၌ ၎င်းအနေဖြင့် အဆိုပါတာဝန်ကို လက်ခံခြင်း ရှိ မရှိ မသိရသေးချေ။ **(ရိုက်တာ)**



# ယီမင်ဆိပ်ကမ်းတိုက်ခိုက်ခံရ၊ လူပေါင်း လေးသိန်းပြောင်းရွှေ့

**ဆာနား မေ ၁၂**

ယီမင်တို့၏ ဟိုဒေဒါဆိပ်ကမ်းကို တိုက်ခိုက်မှုကြောင့် လူပေါင်း ၄၀၀၀၀၀ကျော် ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ရကြောင်း အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂဒုက္ခသည် ရွှေ့ပြောင်းမှုဆိုင်ရာအဖွဲ့က မေ ၁၂ ရက်က ပြောခဲ့သည်။

အဆိုပါဆိပ်ကမ်း တိုက်ခိုက်ခံရခြင်းကြောင့် အနည်းဆုံးလူ ၄၀၀၀၀၀ ခန့်မြို့၏အရှေ့ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာကုလသမဂ္ဂ ဒုက္ခသည်ရွှေ့ပြောင်းမှုဆိုင်ရာအဖွဲ့ အရေးပေါ်စီမံခန့်ခွဲမှုညွှန်ကြားရေးမှူး မိုဟာမက် အက်ဘ်ဒီကာက ကြေညာချက်တွင် ပြောခဲ့သည်။

ဟူသီတို့ထိန်းချုပ်ထားသည့် ဆိပ်ကမ်းကို ဆော်ဒီဦးဆောင်တပ်ဖွဲ့များ တိုက်ခိုက်ခဲ့မှုကို ကုလသမဂ္ဂက သတိပေးခဲ့သည်။ လူသန်းပေါင်းများစွာ အရေးပေါ်အစားအစာလိုအပ်နေကြောင်း၊ ထို့ပြင် နှစ်သိန်းမှ ငါးသိန်းခန့်ရှိ လူများ ပြောင်းရွှေ့မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။
**(ရိုက်တာ)**

# ၄၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ ၂၄ မြို့နယ်တွင် သဘာဝဘေးဒဏ်ခံခဲ့ရ



မုံရွာ မေ ၁၂

**စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း သဘာဝဘေးဒဏ်ဖြစ်ပွားသည့် အခြေ အနေသည် မတ် ၂၅ ရက်မှ မေ ၁၁ ရက်အထိ ၄၆ ရက်အတွင်း မြို့နယ် ၃၇ မြို့နယ်ရှိသည့်အနက်မှ ၂၄ မြို့နယ်တွင် သဘာဝဘေးဒဏ်ခံခဲ့ရကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းထံမှ သိရသည်။**

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်ဖြစ်ပွားတဲ့ အခြေအနေက မတ် ၂၅ ရက်မှ မေ ၁၁ ရက်အထိ မြို့နယ်ပေါင်း ၃၇ မြို့နယ်ထဲက ၂၄ မြို့နယ်မှာ သဘာဝဘေးဒဏ်ခံခဲ့ရပါတယ်။ လေဘေးသင့် အိမ်ထောင်စုပေါင်းက ၂၄၀၀ ကျော်ရှိပြီး အစိုးရကနေ ငွေကျပ် သိန်း ၁၇၀၀ နီးပါး ထောက်ပံ့ပေးပြီးဖြစ်ပါတယ်။ ဒီလိုတွေ မဖြစ်ခင်ကလည်း သဘာဝဘေးဒဏ်ကို ကြိုတင်ကာကွယ်နိုင်အောင်ဆိုပြီး ခရိုင်တစ်ခုကို ငွေကျပ်သိန်း ၁၀၀ စီ အရေးပေါ်ရန်ပုံငွေချထားပေးပြီးဖြစ်ပါတယ်။ အရေးပေါ်ကယ်ဆယ်ရေး နဲ့ပြန်လည်နေရာချထားရေးအဖွဲ့တွေကို လည်း ခရိုင်၊ မြို့နယ်၊ ရပ်ကျေးအလိုက် ကြိုတင်စုဖွဲ့ထားစေပါတယ်။ မဖြစ်မီကတည်းက မြို့နယ်တွေကို လေဘေး၊သဘာဝဘေးဖြစ်ခဲ့ရင် ဘယ်လိုရှောင်ရှားရမယ်၊ ဘယ်လိုဆောင်ရွက်ရမယ် ဆိုတာတွေကို သရုပ်ပြ လေ့ကျင့်တာတွေကို လက်တွေ့ဆောင်ရွက်ထားစေပါတယ်" ဟု ဒေါက်တာ ဇော်ဝင်းက ပြောပြသည်။

ယခုကဲ့သို့ သဘာဝဘေးအန္တရာယ် မကြာခဏ ကြုံတွေ့နေရခြင်း၏ အကြောင်းရင်းသည် သဘာဝသစ်တောများ ပြုန်းတီးသည့်အတွက် ဖြစ်သလို သယံဇာတများ ကို အလွန်အကျွံတူးဖော်သုံးစွဲခဲ့ကြခြင်းကြောင့်ဖြစ်ရာ လက်ရှိတွင် သဘာဝပတ်ဝန်းကျင်ကို ပြန်ထိန်းသိမ်းနိုင်ရန်အတွက် သစ်တောများမှ သစ်ခိုးထုတ်သူများ လျော့နည်းပပျောက်စေရန် သစ်တောများတွင် သစ်ထုတ်လုပ်ခွင့် တားမြစ်ထားသောနေရာများကို သတ်မှတ်ထားကြောင်း သိရသည်။ သဘာဝပတ်ဝန်းကျင်ကို လျစ်လျူရှု၍ စည်းမဲ့ကမ်းမဲ့ ထုတ်ယူမှုများရှိခဲ့ရာ ထုတ်သူစံပြီး အဆိုပါ အပြစ်ဒဏ်များကို ဒေသခံများလက်ရှိတွင် ခံစားနေရသည်ကို တွေ့ရသည့်အတွက် လက်ရှိအစိုးရအနေဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်နေကြောင်း သိရသည်။

ယခင်နှစ်များက အကူအညီလိုအပ်သောဒေသများသို့ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အပျက်အစီးမရှိဘဲ ကူညီထောက်ပံ့ပေးရသူများရှိသလို အမှန်တကယ်ပျက်စီးခဲ့ပြီး ထောက်ပံ့မှုမရသူများလည်း ရှိနေရာ ယခုနှစ်တွင် အပျက်အစီးစာရင်းနှင့် ကူညီထောက်ပံ့ပေးရမည့်သူ စာရင်း မှန်မှန်ကန်ကန်တင်ပြနိုင်ရန် တိုင်းဒေသကြီး ကိုယ်စားလှယ်များအနေဖြင့် သေချာစွာ စာရင်းကောက်ယူပေးကြရန်နှင့် ရပ်ကွက်၊ကျေးရွာများမှတစ်ဆင့် မြို့နယ်သို့တင်ပြလာသော အပျက်အစီးစာရင်းများကို သေချာတိုက်ဆိုင်စစ်ဆေး ဆောင်ရွက်ပေးကြရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရပ်ကွက်၊ ကျေးရွာအမှုဆောင်များ၊ NGO လူမှုအဖွဲ့အစည်းများအား ပျက်စီးစာရင်းများနှင့် ထိခိုက်ဒဏ်ရာရရှိသူစာရင်းများကို လိုက်လံကောက်ခံထားစေကြောင်း ဒေါက်တာဇော်ဝင်းက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ညောင်လေးပင်မြို့တွင် လေပြင်းတိုက်ခတ်ပြီး ပျက်စီးဆုံးရှုံးမှု ထောက်ပံ့ကူညီရေး စာရင်းကောက်ယူ

**ညောင်လေးပင် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဂျောင်းတာကျေးရွာအုပ်စုနှင့် ထင်းကုန်းကျေးရွာအုပ်စုတို့တွင် မေ ၁၀ ရက် ညနေ ၆ နာရီခွဲက လေပြင်းများတိုက်ခတ်ပြီး လျှပ်စစ်မီးတိုင်များ ပြိုလဲကာ လူနေအိမ်များပြိုကျပျက်စီးမှုဖြစ်ပွားကြောင်း သိရသည်။

လေပြင်း တိုက်ခတ်မှုကြောင့် ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာရှိ ဓာတ်အားခွဲရုံမှ သွယ်ယူထားသည့် လျှပ်စစ်မီးတိုင်များတွင် ဒုံဇရစ် အနောက်ဘက်ကမ်းမှ ကျုံသွင်အင်းအထိ ၁၂ မီတာ ကွန်ကရစ်လျှပ်စစ်မီးတိုင် ၃၆ တိုင်၊ အလုပ်စုကျေးရွာမှ စံကျောင်း စုကျေးရွာအထိ ၁၀ မီတာ ကွန်ကရစ် လျှပ်စစ်မီးတိုင် ၂၄ တိုင်နှင့် အလုပ်စုကျေးရွာတွင် လျှပ်စစ် မီးတိုင်လေးတိုင် ပျက်စီးခဲ့သည်။

လေပြင်းအရှိန်ကြောင့် ဂျောင်းတာကျေးရွာအုပ်စု ဂျောင်းတာကျေးရွာတွင် လူနေအိမ် သုံးလုံး၊ ဆာဆေးရွာတွင် နှစ်လုံး၊ သာယာစုရွာတွင် နှစ်လုံးနှင့် အလုပ်စုကျေးရွာတွင် ၁၃ လုံးပြိုကျပျက်စီးပြီး အလုပ်စုကျေးရွာတွင် လူနေအိမ် ၂၅ လုံး အမိုးများလန်ပျက်စီးခဲ့သည်။ ထင်းကုန်းကျေးရွာအုပ်စု ထင်းကုန်းရွာဟောင်းတွင် လူနေအိပ်တစ်လုံးနှင့် ကျောက်ပုံရွာဟောင်းတွင် တစ်လုံးပြိုကျပျက်စီးပြီး ကျန်ကျေးရွာများတွင် ၁၀ လုံး ခန့်အမိုးလန်ပျက်စီးကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရဲအောင်၊ မဒေါက်မြို့လျှပ်စစ်အဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများက လျှပ်စစ်မီးတိုင်များ သွယ်တန်းနိုင်ရေးနှင့် လူနေအိမ်များ ပြင်ဆင်နိုင်ရေးအတွက် ပျက်စီးဆုံးရှုံးမှု အခြေအနေများအား စာရင်းကောက်ယူ ဆုံးရှုံးမှုတန်ဖိုးများ တွက်ချက်ကာ ကူညီထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးမှုအတွက် ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ပခုက္ကူ မေ ၁၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်း မေ ၇ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးရွာအုပ်စုနှင့် ရပ်ကွက်နေအိမ်များအတွက် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီး ဌာနမှ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ပွဲကို မေ ၁၂ ရက် နံနက် ၁၀ နာရီက ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

လေပြင်း တိုက်ခတ်မှုကြောင့် ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာ ၈၇ ရွာနှင့် ကမ္မမြို့ ရပ်ကွက် ၁၀ ရပ်ကွက်ရှိ စသည့် ဒေသခံပြည်သူများ၏နေအိမ်များပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေနိုင်စေရန် အိမ်ပြိုလဲ ၂၆၃ လုံးအတွက် တစ်အိမ်ထောင် လျှင် ငွေကျပ်တစ်သိန်း၊ အမိုးလန် အိမ် ၂၁၂ လုံးအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သောင်း စုစုပေါင်း အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၄၃၄၆၀၀၀၀ နှင့် ကျားလုံချည်၊ မလုံချည်၊ တဘက်၊ ဆပ်ပြာ၊ ခြင်ထောင်၊ စောင်၊ တီရှပ်၊ ဇလုံ၊ ဒန်အိုးစသည့် ပစ္စည်းကိုးမျိုးထောက်ပံ့ပေးအပ်ပြီး ဆန်ရိက္ခာ ခုနစ်ရက်စာအတွက် လေးဦးလျှင် ငွေကျပ် ၂၁၀၀ စုစုပေါင်း ငွေကျပ် ၁၃၃၇၂၈၀၀ ထောက်ပံ့ပေးအပ်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**သဲကုန်း မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် မေ ၉ ရက်က လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်ပွဲကို မေ ၁၂ ရက် မွန်းလွဲ ၂ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းအေးက သဘာဝဘေးနှင့်ပတ်သက်၍ ထောက်ပံ့ပေးအပ်ရသည့် အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၁၈ ရွာရှိ လေဘေးသင့်ပြိုလဲနေအိမ် ၁၄ လုံး၊ ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ အမိုးလန်နေအိမ် ၁၀၄ လုံးနှင့် ဘုန်းကြီးကျောင်းသုံးကျောင်းတို့အတွက် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး၊ အိမ်ဆောက်ပစ္စည်း၊ ဆန်ရိက္ခာများအတွက် ထောက်ပံ့ငွေ စုစုပေါင်း ၁၀၁၆၁၅၂၄ အား ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်ခဲ့ရာ လေဘေးသင့်ပြည်သူများ လက်ခံယူခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ လေပြင်းတိုက်၍ တိုက်နယ်ဆေးရုံ၊ စာသင်ကျောင်းနှင့် ကျေးလက်ဆေးခန်းများ အမိုးလန်

**ကျောက်တံခါး မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာအုပ်စုနှင့် လက်ခံကျေးရွာအုပ်စုများတွင် မေ ၁၀ ရက် ည ၉ နာရီက လေပြင်းများတိုက်ခတ်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ခံကျေးရွာအုပ်စု ငါးဖယ်အင်း အလက(ခွဲ)စာသင်ကျောင်း၊ လက်ခံကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်းတို့မှာ သွပ်များလန်၍ ပျက်စီးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုအခြေအနေများကို မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ကွင်းဆင်းစာရင်းကောက်ယူကာ ပျက်စီးသွားသော အဆောက်အအုံများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ဆွမ်းစားဆောင်ဓမ္မာရုံအတွက် ထောက်ပံ့ငွေပေးအပ်

**ဘီးလင်း မေ ၁၂**

သထုံခရိုင် ဘီးလင်းမြို့နယ် ဆရာစံရပ်ကွက် ဒညင်းကုန်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် မေ ၁၀ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ထန်းပင်ပိ၍ ပျက်စီးသွားသောဆွမ်းစားဆောင်ဓမ္မာရုံအတွက် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်ခြင်းကို မေ ၁၂ ရက်က အဆိုပါကျောင်းတိုက်၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ဆွမ်းစားဆောင် အလယ်တည့်တည့်သို့ ထန်းပင်ပိ၍ သွပ်မိုး၊ ဒိုင်းများနှင့် အကာအရံများပျက်စီးခဲ့ပြီး ဆုံးရှုံးမှုကာလတန်ဖိုး ငွေကျပ် ရှစ်သိန်းခန့်ရှိကြောင်း သိရသည်။

**ထူးနောင်(ဘီးလင်း)**




## လယ်ယာမြေများပြန်လည်ရရှိရေး နေပြည်တော်သို့လာရောက်၍ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်

**နေပြည်တော် မေ ၁၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် ဘောလုံးကွင်း၌ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လှော်ကားကျေးရွာအုပ်စု ဝိတိုလှော်ကားကျေးရွာနှင့် လသာကုန်းကျေးရွာတွင် အသိမ်းခံလယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် အဆိုပါကျေးရွာမှ တောင်သူလယ်သမား ၅၃ ဦးက မေ ၁၂ ရက် နံနက် ၈ နာရီ ၄၅ မိနစ် မှ ၉ နာရီ မိနစ် ၄၀ အထိ နေပြည်တော်သို့လာရောက်၍ ခွင့်ပြုချက်ဖြင့် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆန္ဒဖော်ထုတ်ရာတွင် အဖွဲ့ခေါင်းဆောင် ဦးစောကျော်စွာမင်း(ခ)ဦးဇေယျာမင်း ခေါင်းဆောင်မှုဖြင့် တောင်သူလယ်သမားများပါဝင်ပြီး ဥတ္တရသီရိမြို့နယ် V-4 လမ်းဆုံမှ ရွှေနံ့သာရပ်ကွက် ဘောလုံးကွင်းအထိ လယ်ယာမြေများပြန်လည်ရရှိရေး၊ အကျင့်ပျက် ခရိုင်မြေစာရင်းဦးစီးမှူးအား အရေးယူပေးရေး၊ နေပြည်တော် မြေစာရင်း(ရုံးချုပ်)၏ ညွှန်ကြားချက်အတိုင်းဆောင်ရွက်ပေးရေးဟူ၍ ကြွေးကြော်ကာ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ပြီး **(ဓာတ်ပုံ)** ဘောလုံးကွင်း၌ဟောပြောခြင်းများ ဆောင်ရွက် ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မောင်တောခရိုင်အတွင်း မီးလောင်ပျက်စီးခဲ့သောနေအိမ်များ မိုးမကျမီအပြီးတည်ဆောက်မည်

**မောင်တော မေ ၁၂**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် မီးလောင်ပျက်စီးခဲ့သည့် နေအိမ်များအား ယခုအခါ နိုင်ငံတော်မှ ပြန်လည်နေရာချထားပေးရေး စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် မိုးမကျမီနေအိမ်များအပြီး တည်ဆောက်သွားမည် ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အဆိုပါ မီးလောင်ပျက်စီးခဲ့သည့် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအုပ်စု ဝပိတ်ကျေးရွာရှိ ဒေသခံပြည်သူများအား စနစ်တကျ ပြန်လည်နေရာချထားပေးနိုင်ရေး မြေနေရာရှင်းလင်းခြင်း၊ အိမ်ရာကွက်များ တိုင်းတာသတ်မှတ်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် လမ်းများဖောက်လုပ်ခြင်းစသည့် လုပ်ငန်းစဉ်များကို စီမံခန့်ခွဲမှု ကော်မတီ ဦးဆောင်ကြီးကြပ်မှုဖြင့် မတ် ၁၉ ရက်က စတင်လုပ်ဆောင်ခဲ့ရာယခုအခါ မြေပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်၍ များမကြာမီတွင် ဆောက်လုပ်ရေး လုပ်ငန်းများကို စတင်အကောင်အထည် ဖော် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

ကျီးကန်းပြင်ကျေးရွာအုပ်စု ဝပိတ်ကျေးရွာသည် အိမ်ခြေ ၂၂၆ လုံးရှိပြီး ဒေသခံပြည်သူများအား စနစ်တကျ ပြန်လည်နေရာချထားပေးနိုင်ရေး စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မေ ၁၂ ရက် နံနက်ပိုင်းတွင် မိသားစုဝင်များနှင့် သွားရောက် တွေ့ဆုံညှိနှိုင်းဆွေးနွေးရာ ပြောင်းရွှေ့သွားသော မိသားစုဝင်များ အနေဖြင့် စိုးရိမ်ကြောင့်ကျမှုမရှိဘဲ ပြန်လည် လာရောက်နေထိုင်နိုင်ရေး၊ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ဝပိတ်ကျေးရွာမှ ကျီးကန်းပြင် (အနောက်ရွာ/အလယ်ရွာ) စသည်ဖြင့် အခြားနီးစပ်ရာ ကျေးရွာများသို့ ရှောင်တိမ်းနေသူများ ပြန်လည် လာရောက် နေထိုင်နိုင်ရေး၊ ရပ်မိရပ်ဖ များကလည်း စည်းရုံးဆောင်ရွက်စေလိုကြောင်း၊ လာရောက်နေထိုင်မည့် စာရင်းအား ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် ခရိုင်သို့ အမြန်တင်ပြစေလိုကြောင်း၊ နေအိမ်များအား မိုးတွင်းကာလမရောက်မီအပြီးသတ် ဆောက်လုပ်သွားမည်ဖြစ်၍ လိုအပ်သောရေမီးများနှင့်တကွ လုံခြုံရေးပိုင်းဆိုင်ရာများကိုလည်း အပြည့်အဝ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒေသခံပြည်သူများနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**



နေရာပြန်လည်ချထားမည့် ဝပိတ်ကျေးရွာမြေကွက်များအား စီမံခန့်ခွဲမှုကော်မတီဝင်များ သွားရောက်ကြည့်ရှုစဉ်

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၃ စီး၊ သွင်းကုန် ၄၅၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၅ စီး၊ သွင်းကုန် ၁၃၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့်များထည့်ထားသော ဆပ်ပြာခွက်များနှင့် သယ်ဆောင်သည့်မော်တော်ဆိုင်ကယ်

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆ ဒသမ ၁၅၂ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၆၄၈၂ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၆မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆ ဒသမ ၈၀၀၂ သန်းခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၁ ရက်က မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် မော်တော်ဆိုင်ကယ်အားသတင်းရရှိ၍ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ Amigo ကိတ်မုန့်ထုပ်များဖြင့် ဖုံးအုပ်၍ သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့်များ ထည့်ထားသော ဆပ်ပြာခွက် ၂၈ ခွက် ၃၀၈ ဂရမ်ခန့်နှင့် သယ်ဆောင်သည့်မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၁၅၂ သန်းခန့်တို့ကိုတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သံတွဲမြို့ စလူကျွန်းကျေးရွာ အနောက်ဘက်နှစ်မိုင်ခန့်အကွာ ပင်လယ်ပြင်၌ စက်လှေတစ်စင်းနစ်မြုပ်

**နေပြည်တော် မေ ၁၂**

သံတွဲမြို့နယ် စလူကျွန်းကျေးရွာ အနောက်ဘက် နှစ်မိုင်ခန့်အကွာ ဘင်္ဂလား ပင်လယ်အော်တွင် မေ ၁၁ ရက် နံနက် ၁၀ နာရီခန့်က စက်လှေ တစ်စင်းနစ်မြုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စက်လှေပေါ်ပါ နွားအချို့မှာ စလူကျွန်းကျေးရွာအနီးရောက်ရှိလာရာမှ ကျောက်ကြီးနယ်မြေစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပင်လယ်ကမ်းစပ်တွင် နွားအထီး ငါးကောင်အားတွေ့ရှိခဲ့ရပြီး နစ်မြုပ်သွားသည့် စက်လှေနှင့်ပတ်သက်၍ ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# သဘာဝဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မှုနှုန်းထားများအား ပြည်သူသို့တင်ပြချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ပိုမိုထိရောက်စွာ ကူညီထောက်ပံ့ပေးနေမှုအား ပွင့်လင်းမြင်သာစွာ တင်ပြခြင်းဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အောက်ပါအတိုင်း တိုးမြှင့်ထောက်ပံ့မည်ဖြစ်ပါသည်-

| စဉ် | ထောက်ပံ့သည့်အကြောင်းအရာ | ယခင် ထောက်ပံ့နှုန်း (ကျပ်) | တိုးမြှင့် ထောက်ပံ့နှုန်း (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | **သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံး/ဒဏ်ရာရလူနာထောက်ပံ့ခြင်း** | | | |
| | -သေဆုံး | (၁)သိန်း | (၃)သိန်း | |
| | -ဆေးရုံတက် ဒဏ်ရာရလူနာ | (၁)သောင်းမှ (၃)သောင်း | (၅)သောင်း | |
| ၂ | **အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ခြင်း** | | | |
| | **မီးဘေး** | | | |
| | လုံးဝပျက်စီး (အိမ်)(တိုက်/သွပ်မိုး+ပျဉ်ခင်း) | (၁)သိန်းမှ (၂)သိန်း | (၂)သိန်း | |
| | လုံးဝပျက်စီး (အိမ်) (ဓနိ/သွပ်မိုး+ထရံကာ) | (၅)သောင်း | (၁)သိန်း | |
| | လုံးဝပျက်စီး(ဘာသာရေးကျောင်း) | (၂)သိန်း | (၃)သိန်း | |
| | တစ်စိတ်တစ်ပိုင်းပျက်စီး (အိမ်/ဘာသာရေးကျောင်း) | (၂)သောင်း | (၁)သောင်းမှ (၁)သိန်း | ပျက်စီးမှုအခြေအနေပေါ်မူတည်၍ ထောက်ပံ့ပါမည်။ |
| | မီးတားကြိုတင်ဖျက်သိမ်း(လုံးဝပျက်စီး) (အိမ်/ဘာသာရေးကျောင်း) | (၂)သောင်း | (၁)သိန်း | |
| | **အခြားဘေး** | | | |
| | လုံးဝပျက်စီး(အိမ်)(တိုက်/သွပ်မိုး+ပျဉ်ခင်း) | (၅)သောင်း | (၂)သိန်း | |
| | လုံးဝပျက်စီး(အိမ်)(ဓနိမိုး/သွပ်မိုး+ထရံကာ) | (၅)သောင်း | (၁)သိန်း | |
| | လုံးဝပျက်စီး(ဘာသာရေးကျောင်း) | (၆)သောင်း | (၂)သိန်း | |
| | တစ်စိတ်တစ်ပိုင်းပျက်စီး (အိမ်/ဘာသာရေးကျောင်း) | (၂)သောင်း | (၁)သောင်းမှ (၁)သိန်း | ပျက်စီးမှုအခြေအနေပေါ်မူတည်၍ ထောက်ပံ့ပါမည်။ |
| | မြေပြိုကမ်းပြိုဘေးများအတွက် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့အိမ်/ဘာသာရေးကျောင်း | (၂)သောင်း | (၁)သိန်း | |

| စဉ် | ထောက်ပံ့သည့်အကြောင်းအရာ | ယခင် ထောက်ပံ့မှု | တိုးမြှင့် ထောက်ပံ့မှု | မှတ်ချက် |
|---|---|---|---|---|
| ၃ | **ဆန်ရိက္ခာဖိုးထောက်ပံ့ခြင်း** လူတစ်ဦး(၁)ရက်လျှင် ဆန်(၂)ဘူးနှုန်း ဆန်(၁)ဘူး ကျပ်(၁၅၀)ဖြင့် တွက်ချက်ပါသည်။ | ဘေးအမျိုးအစားအပေါ် မူတည်၍(၃) ရက်မှ(၇)ရက်စာ ထောက်ပံ့ပါသည်။ | ဘေးအမျိုးအစား မခွဲဘဲအနည်းဆုံး (၇)ရက်မှလိုအပ်ချက် အပေါ်မူတည် ထပ်မံထောက်ပံ့ပါမည်။ ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ ငါးသေတ္တာ၊ ဆီ၊ ပဲတို့အားလည်းလိုအပ်ချက်အရ ထောက်ပံ့ပါမည်။ | |
| ၄ | **ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ခြင်း** | | | |
| | မီးဘေးသင့်အိမ်ထောင်စုများနှင့် ရေဘေး၊လေဘေးနှင့် အခြားဘေးများကြောင့် လုံးဝမျောပါ/ ပျက်စီးသွားသော အိမ်ထောင်စုများအတွက် ထောက်ပံ့ခြင်း | အိမ်ထောင်စု (၁)စုလျှင် ပစ္စည်း (၉)မျိုး၊ | အိမ်ထောင်စု(၁) စုလျှင်ပစ္စည်း(၁၉) မျိုးမှ(၂၂)မျိုး၊ | -၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ထောက်ပံ့နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ |
| | မီးဘေးအတွက် ကြိုတင်ဖျက်သိမ်းအိမ်၊ ရေဘေး၊ လေဘေးနှင့် အခြားဘေးများကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး နေအိမ်နှင့်ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရသော အိမ်ထောင်စုများအတွက် ထောက်ပံ့ခြင်း | အိမ်ထောင်စု (၁)စုလျှင် ပစ္စည်း(၄)မျိုး၊ | အိမ်ထောင်စု (၁)စုလျှင် ပစ္စည်း(၁၀)မျိုး၊ | |

၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဘေးသင့်ပြည်သူများ လတ်တလောစားဝတ်နေရေးသက်သာချောင်ချိစေရေးအတွက် တိုးမြှင့်ထောက်ပံ့မည့်အစီအစဉ်အား ပြည်သူများသိရှိနိုင်ပါရန် အသိပေးတင်ပြအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဦးကိုနီအား သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့သူ ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူများ မြောက်ပိုင်းခရိုင်တရားရုံးတွင် ရုံးထုတ်

**ရန်ကုန် မေ ၁၂**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုနှင့်ပတ်သက်ပြီး ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူများဖြစ်ကြသော အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်း တို့ကို မေ ၁၂ ရက် နံနက် ၁၀ နာရီခွဲခန့်က အင်းစိန်မြို့နယ်ရှိ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ သတ္တမအကြိမ် ရုံးထုတ်ခဲ့သည်။ တရားရုံးထုတ်လာသော်လည်း တရားလို၊ တရားခံ၊ ရှေ့နေ၊ လိုပြသက်သေမစုံလင်၍ အမှုစစ်ဆေးခြင်း မပြုလုပ်နိုင်ဘဲ မေ ၂၆ ရက် သောကြာနေ့သို့ ချိန်းဆိုခဲ့ကြောင်း သိရသည်။



ယင်းအမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံး၏ ပြင်ဆင်လျှောက်လဲချက်ကို တင်ပြထားသော်လည်း အမှုတွဲရောက်မလာသေးသည့်အတွက် အမှုမစစ်ဖြစ်ကြောင်း ကနဦးသတင်းစကားအရ သိရသည်။

ဒုတိယခရိုင်တရားသူကြီး သတင်းနှင့်ပြန်ကြားရေးအရာရှိ ဒေါ်ခင်ဆွေမြင့်က သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားရာ၌ "ဒီကနေ့ မူလအမှုချိန်း ရာဇသတ်ကြီးအမှု (၄၆/၂၀၁၇)လက်နက်ပုဒ်မ (၁၉-ဃ) (၁၉-စ)တို့ကိုစစ်ဖို့ပါ၊ မစစ်နိုင်တာက တိုင်းတရားလွှတ်တော်ရုံး ပြင်ဆင်ချက်တင်ထားတဲ့ ရာဇသတ်ကြီးအမှု(၄၅/၂၀၁၇) ပုဒ်မ (၃၀၂/၁၄/၂၁၂)နဲ့ ဆက်စပ်နေတဲ့အမှုတွဲက တိုင်းမှာပဲ ရှိနေသေးတယ်၊ အမှုတွဲခေါ်စာအမိန့်စောင့်ရတယ်။ ဒါကြောင့် နစ်ဖက်ရှေ့နေကလည်း မလာဘူး၊ သက်သေလည်းမလာဘူးဆိုတော့ မေ ၂၆ ရက်ကို ပြန်ချိန်းလိုက်တာပါ၊ စစ်မယ့်နေ့ကို သုံးမှုလုံး စစ်မယ်လို့သိရတယ်" ဟုပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်နှင့်ပတ်သက်၍ တရားစွဲဆိုခံထားရသူများကို ရုံးထုတ်ရမန်ယူ

**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်နှင့်ပတ်သက်၍ တရားစွဲဆိုခံထားရသူများကို ယနေ့ ညနေပိုင်းက အဆိုပါမြို့နယ်တရားရုံး၌ ရုံးထုတ်ခဲ့ပြီး ရမန်ယူခဲ့ကြောင်း သက်ဆိုင်ရာမှ သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဦးက တရားလိုပြုလုပ်၍ ရာဇသတ်ကြီး ဥပဒေပုဒ်မ-၅၀၅(ဂ)/၃၄ ဖြင့် ဦးတင်ထွဋ်ဇော်(ခ) ကိုလတ်၊ မအောင်အောင်မြင့် (ခ) မအောင်၊ တင်လင်းထိုက်(ခ) လင်းလင်း၊ အကြီးကောင်(ခ) တင်ဋ္ဌေးအောင်၊ မြတ်ဘုန်းမိုရ်နှင့် သံဃာတော် ဦးသုစိတ္တ၊ ဦးပညာဝံသ တို့ကို အရေးယူပေးရန် မေ ၁၁ ရက် ညနေပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးသို့ လျှောက်ထားခဲ့သဖြင့် တရားရုံးက ဖမ်းဝရမ်းထုတ်ဆင့်ပေးခဲ့သဖြင့် ယင်းနေ့ညပိုင်းတွင် သက်ဆိုင်ရာက မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးတင်ထွဋ်ဇော်နှင့်ဇနီး မအောင်အောင်မြင့်တို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ထိုသို့ ဖမ်းဆီးထိန်းသိမ်းခဲ့သူနှစ်ဦးကို သက်ဆိုင်ရာက ယနေ့ညနေပိုင်းတွင် ရုံးထုတ်ခဲ့ပြီး ရမန်ယူခဲ့သည်။ **(အောက်ပုံ)** အမှုကို မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးက ရာဇသတ်ကြီး အမှုအမှတ် ၂၄၉/၂၀၁၇ ဖြင့် လက်ခံစစ်ဆေးလျက်ရှိပြီး လာမည့်ရုံးချိန်းကို မေ ၂၂ ရက်သို့ ထပ်မံချိန်းဆိုကာ ယင်းနေ့တွင် အာမခံကိစ္စ လျှောက်ထားဆောင်ရွက်သွားမည့်အပေါ် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပြီး လွတ်မြောက်နေသူများကိုလည်း ဖမ်းဆီးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး**



# လုံခြုံရေးဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များအား လူငယ်နှစ်ဦးက ဓားဖြင့်ခုတ်မှု မန္တလေးမြို့တွင်ဖြစ်ပွား

**မန္တလေး မေ ၁၂**

မန္တလေး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်အနီးတွင် မေ ၁၁ ရက် ည ၁၀ နာရီခန့်က ရဲတပ်ဖွဲ့ဝင်များ ညဥ့်ဦးလှည့်ကင်း တာဝန်အဖြစ် ထမ်းဆောင်စဉ် ဓားရှည်ကိုင်ဆောင်သူ လူငယ်နှစ်ဦးအား လိုက်လံဖမ်းဆီးရာမှ ရဲတပ်ဖွဲ့ဝင်များအား ဓားရှည်ဖြင့်ပြန်လည် ခုခံမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမှတ်(၃)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လမ်း ၃၀ နှင့် ၆၂ လမ်းထောင့်တွင် ထမ်းဆောင်နေစဉ် ၆၂ လမ်းအတိုင်း တောင်မှမြောက်သို့ နံပါတ်မပါ MSX ဆိုင်ကယ်မောင်းနှင်လာသူနှစ်ဦးသည် ဓားရှည်တစ်ချောင်းအား ကိုင်ဆောင်ထားသည်ကို တွေ့ရှိရသဖြင့် ရပ်တန့်စစ်ဆေးနိုင်ရေးဆောင်ရွက်ရာ ၎င်းတို့မှ ၆၂ လမ်းအတိုင်း မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ၂၈ လမ်း၊ ၆၀ × ၆၂ လမ်းကြားသို့ ချိုးကွေ့ရောက်ရှိစဉ် လှည့်ကင်းအဖွဲ့က ထွက်ပြေးသည့်ဆိုင်ကယ်အား ပိတ်ဆို့ရပ်တန့်စေရာ ဆိုင်ကယ်နောက်တွင် ထိုင်နေသူက ဓားဖြင့်ခုတ်ခဲ့၍ တပ်ဖွဲ့ဝင်များတွင် ဒဏ်ရာများရရှိခဲ့သည်။

ထိုသို့ဖြစ်ပွားစဉ် ကျန်လှည့်ကင်းတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းလုံးထွေးဖမ်းဆီးရာ စိန်ပန်းရပ်ကွက် မဟာအောင်မြေမြို့နယ်တွင် နေထိုင်သူများဖြစ်သည့် ဝေယံထက်(ခ) ကတုံး(ခ)ပြာလောင်(၂၄ နှစ်)၊ ထက်ဝေယံ(ခ) ဝေယံ(ခ)ပိန်ညောင်(၁၈နှစ်) တို့အား ဖမ်းဆီးရမိခဲ့ပြီ ၎င်းတို့နှစ်ဦးအား အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်နေကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## အမြန်လမ်းတွင် ယာဉ်တိမ်းမှောက်မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၂**

ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး၏ အမှတ် ၃ လမ်းဆုံအနီး မိုင်တိုင်အမှတ် (၄/၄ - ၄/၅ )ကြား ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဖြိုးဝင်းမောင်းနှင်သော nissan dump truck ယာဉ်သည် မေ ၁၂ ရက် ညနေ ၅ နာရီခွဲက ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းမပေါ်သို့တိမ်းမှောက် မီးလောင်ခဲ့သည်။ ယာဉ်မောင်းပါ သုံးဦးစလုံးဒဏ်ရာ (မစိုးရိမ်ရ)ရရှိသွား၍ လှည်းကူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကာ သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **ညီညီသန်း(နေပြည်တော်)**


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/8370 Toyota Hilux Vigo Kun 35R P/U (4x2)R (Open Cab) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၈/တတက(နိုင်)၀၀၀၃၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/6761 Toyota MarkII S/L ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုအောင် ၁၁/စတန(နိုင်)၀၃၂၆၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ မင်းလှ အထကကျောင်း ဆဌမတန်းမှ မောင်မြတ်မင်း၏ဖခင် ဦးအောင်အောင် ၁၄/ဓနဖ(နိုင်)၀၈၃၈၇၆ နှင့် ဦးအောင်ကျော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း

**ဦးအောင်အောင်(ခ)ဦးအောင်ကျော်**

## ပညာပါရမီတက္ကသိုလ် ရဟန်းတော်များ အင်္ဂလိပ်စာသင်တန်းများဖွင့်လှစ်ခြင်း

အောက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်စုံသော ရဟန်းသာမဏေသီလရှင်များ လျှောက်ထားနိုင်သည်။ လျှောက်လွှာများကို ၁၅-၅-၁၇ မှစ၍ စတင်လက်ခံပြီး ၃၀-၅-၁၇ရက်တွင် ပိတ်ပါမည်။ အရေအတွက် ကန့်သတ်ထားပါသည်။ ၂-၆-၁၇ ရက်တွင် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

၁။ အစိုးရပထမကြီးတန်းအောင်မြင်ခြင်း
၂။ အသက်(၃၅)နှစ်၊ သိက္ခာတော်(၁၅)ဝါထက်မကြီးခြင်း။
၃။ ကျောင်းအိပ်၊ ကျောင်းစားနေနိုင်ခြင်း
၄။ ကိုယ်လက်အင်္ဂါပြည့်စုံခြင်း။

အသေးစိတ်သိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဘုံဘေကျောင်း**
**မာလာနွယ်လမ်း-မေတ္တာညွန့်ရပ်ကွက်**
**တာမွေမြို့နယ်**
**ဖုန်း-၀၉-၂၆၁၆၂၂၃၉၉**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ စိန်ချယ်လမ်းရှည်၊ အမှတ် ၁၆၂ တွင် နေထိုင်သူ အလက(၈)၊ အဋ္ဌမတန်း(A)မှ မောင်ဟိဏ်းမင်းထက်၏ ဖခင်အမည်မှန်မှာ အောင်ဆန်းဝင်း(ခ)ဦးလှမျိုးနိုင် ၈/မကန(နိုင်)၂၈၀၃၃၁ ဖြစ်ပါကြောင်း။

**ဦးအောင်ဆန်းဝင်း(ခ)ဦးလှမျိုးနိုင် ၈/မကန(နိုင်)၂၈၀၃၃၁**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အမြန်ရောင်းမည်

ယုဇနဥယျာဉ်အိမ်ရာ၊ ဒဂုံ B ဘလောက်၊ မြေညီ၊ သိန်း ၂၁၀ အလျှော့အတင်းရှိသည်။

**ဖုန်း-၀၉-၇၉၈၄၄၇၉၈၃**

## မွေးသက္ကရာဇ်အမှန်

ပခုက္ကူမြို့၊ အမှတ်(၂)ရပ်ကွက်၊ စာရေးတန်းလမ်းနေ ဦးမျိုးထွန်း၏ သမီး မသီသီထွန်း ၈/ပခက(နိုင်)၁၉၇၁၀၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၂-၁၉၈၇ ဖြစ်ပါကြောင်း။

**သီသီထွန်း ၈/ပခက(နိုင်)၁၉၇၁၀၂**

## အမည်ပြောင်း

ပခုက္ကူမြို့၊ အမှတ်(၂)ရပ်ကွက်၊ စာရေးတန်းလမ်းနေ ဦးဆပ်ပွင့်၏သား ဦးမျိုးထွန်း(ခ)ဦးပေါ်ကြွယ် ၈/ပခက(နိုင်)၁၂၁၉၆၅အား ဦးမျိုးထွန်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးမျိုးထွန်း ၈/ပခက(နိုင်)၁၂၁၉၆၅**

## မွေးသက္ကရာဇ်နှင့် ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အမှတ်(၂)ရပ်ကွက်၊ သီရိလမ်းနေ ဒေါ်မိမိကြည်(ခ) ဒေါ်မော်မော် ၈/ပခက(နိုင်)၀၃၆၃၁၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၁၁-၁၉၅၉ ဖြစ်ပြီး ဖခင်၏အမည်မှန်မှာ ဦးဘရွှေ(ခ)ဦးရွှေ ဖြစ်ပါကြောင်း။

**ဒေါ်မိမိကြည်(ခ)ဒေါ်မော်မော်**
**၈/ပခက(နိုင်)၀၃၆၃၁၂**

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများအား အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေသံလွင်ကွန်ဒို၊ အမှတ် (၁၀၀၄)ရှိ ရွှေဒီပံအပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှုကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

JOB seekers JOB seekers RS Recruitment Service JOB seekers.com

အထက်ပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများကို ရွှေဒီပံအပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှုကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမူပိုင်အဖြစ် တရားဝင်သုံးစွဲရန် ရည်ရွယ်၍ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် (၄/၃၉၂၃/၂၀၁၇)၊ (၄/၃၉၂၄/၂၀၁၇)၊ (၄/၃၉၂၂/၂၀၁၇) ဖြင့် အသီးသီးမှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် ဂျာနယ်နှင့် မီဒီယာလုပ်ငန်းများ၊ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီလုပ်ငန်းများ၊ အွန်လိုင်းမီဒီယာလုပ်ငန်းများကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ ရုံးခွဲများဖွင့်လှစ်၍ လုပ်ကိုင်လျက်ရှိပါသည်။ ထို့ပြင် မိမိတို့ကုမ္ပဏီလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းကိစ္စအဝဝတို့တွင်လည်း ၎င်းတံဆိပ်အမည် အမှတ်အသားများကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုလည်း ပြုလုပ်သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ပါ၍ ရွှေဒီပံအပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှုကုမ္ပဏီလီမိတက်၏မူပိုင်အဖြစ်သုံးစွဲလျက်ရှိသော အထက်ပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများကို မိမိတို့ကုမ္ပဏီမှတစ်ပါး လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ထပ်တူဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပ၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တစ်နည်းနည်းဖြင့် တုပ၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားပြုလုပ်၍ သော်လည်းကောင်း မိမိတို့ကုမ္ပဏီ၏ အကျိုးစီးပွားထိခိုက်နစ်နာမှုများအတွက် ရည်ရွယ်ဆောင်ရွက်လာသူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်ဆဲဥပဒေများနှင့်အညီတရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဋ္ဌေးယုမွန် (LL.B, D.B.L, D.I.L) အထက်တန်းရှေ့နေ (စဥ-၄၃၄၇၅)
ရုံးခန်းလိပ်စာ - အမှတ် ၂၆၊ ဝတ်ကျောင်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ဖုန်း - ၀၉ ၄၂၁၁၃၀၆၁၄၊ ၀၉ ၄၄၀၇၁၂၇၃၈

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ပစ္စည်းပေးသွင်းသူများထံမှ အိတ်ဖွင့်တင်ဒါ (Open Tender) စနစ်ဖြင့် ဝယ်ယူစုဆောင်းလိုပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူသည့်ပစ္စည်းအမျိုးအစားများ**

| | | | |
|---|---|---|---|
| (၁) | လမ်းခင်းကျောက်ရွယ်စုံ | (၅) | မြေနီကျောက်စရစ် |
| (၂) | ဘိလပ်မြေ | (၆) | ကျောက်စရစ် |
| (၃) | သံချောင်းရွယ်စုံ | (၇) | ကွန်ကရစ်လုပ်ငန်းသုံးသဲ |
| (၄) | ဒီဇယ်ဆီ | (၈) | သစ်ခွဲသားအခြားသား(ရွယ်စုံ) |

**တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီ

**တင်ဒါပိတ်မည့်ရက်စွဲနှင့်အချိန်** - ၁၅-၆-၂၀၁၇ရက် (ကြာသပတေးနေ့၊ ညနေ ၄း၀၀နာရီ)

**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်စွဲနှင့်အချိန်** - ၁၇-၆-၂၀၁၇ရက် (စနေနေ့၊ နံနက် ၁၀း၀၀နာရီ)

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး၊ ပခုက္ကူခရိုင်၊ လမ်းဦးစီးဌာန ဖုန်း-၀၆၂-၂၂၁၉၅နှင့် ၀၉-၂၃၀၁၇၇၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ)**

# အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့အထိမ်းအမှတ် ကျင်းပမည်

**နေပြည်တော် မေ ၁၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန လက်အောက်ရှိ ဗုဒ္ဓယဉ်ကျေးမှုပြတိုက်များ၊ အမျိုးသားပြတိုက်များ၊ ယဉ်ကျေးမှုပြတိုက်များ၊ ရှေးဟောင်းသုတေသနပြတိုက်များ၊ အထိမ်းအမှတ်ပြတိုက်များ၌ အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ်အဖြစ် မေ ၁၈ ရက်တွင် ဝင်ရောက်လေ့လာသူအားလုံးအား ဝင်ကြေးအခမဲ့ဖြင့် ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နှစ်စဉ် မေ ၁၈ ရက်ကို အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့အဖြစ် ၁၉၇၇ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (International Council of Museums, ICOM) ကသတ်မှတ်ထားကြောင်း၊ ပြတိုက်များသည် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုများ အပြန်အလှန်ဖလှယ်ခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ပိုမိုနားလည်လာစေခြင်း၊ ငြိမ်းချမ်းစွာအတူ ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် အရေးပါကြောင်းကို သတိပြုမိလာစေရန်အတွက် နှစ်စဉ် ပြတိုက်များနေ့အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ် အခမ်းအနားများ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန လက်အောက်ရှိ ပြတိုက်များ၌ ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ကြည့်ရှုခွင့်ပြုခြင်းအပြင်၊ အမျိုးသားပြတိုက်(နေပြည်တော်)တွင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲ ကျင်းပခြင်း၊ ပြတိုက်ပညာရပ်ဆိုင်ရာ စာတမ်းများဖတ်ကြားခြင်းတို့ အပြင် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အထိမ်းအမှတ်ပြပွဲအဖြစ် ဆရာ ဦးဘညဏ်၊ ဆရာဆောင်၊ ဦးအေးတင်၊ MB Tin၊ ဦးကိုလေး၊ ဦးလုကြည်၊ ဦးခင်မောင်မြ စသည့် ခေတ်သစ်မြန်မာ ပန်းချီဆရာကြီးများ၏ လက်ရာပန်းချီကားများပါဝင်သော **ခေတ်သစ်မြန်မာ ပန်းချီရေစီး** ပန်းချီပြပွဲကိုပါ မေ ၁၈ ရက်မှ ၃၁ ရက်အထိ ခင်းကျင်း ပြသမည်ဖြစ်ကြောင်း၊ စာတမ်းဖတ်ပွဲနှင့် ပန်းချီပြပွဲများကို မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

○ *ကျော့ဖုံးမှ*

ထိပ်ဆုံးမှ ရန်ကုန်နှင့် ဒုတိယနေရာမှ ရှမ်းယူနိုက်တက်တို့၏ အမှတ်ကွာဟမှုမှာ လေးမှတ်သာ ရှိတော့သောကြောင့် လက်ကျန်ပွဲများမှာ အရေးပါလာပြီး ယခုတစ်ပတ်ကစားမည့် အိမ်ကွင်းပွဲများတွင် အမှတ်ပြည့်ရယူနိုင်ရန် လိုအပ်နေသည်။ ရှမ်းယူနိုက်တက်သည် တန်းဆင်းဇုန်နှင့် နီးကပ်နေသည့် GFA နှင့် ကစားရမည်ဖြစ်ပြီး ရန်ကုန်မှာ ခြေစွမ်းထက်နေသည့် ရခိုင်အသင်း နှင့် ကစားရမည်ဖြစ်သည်။ ဘရာဇီးလ်တိုက်စစ်မှူး ဆီဇာသာ ပါဝင်ကစားနိုင်ခဲ့ပါက ရန်ကုန်တိုက်စစ်မှာ ပိုကောင်းလာဖွယ်ရှိ နေသည်။

ရန်ကုန်အသင်းသည် ပထမအကျော့ တွေ့ဆုံစဉ်က ရခိုင်အသင်းကို အဝေးကွင်း၌ သရေကျထားပြီး အိမ်ကွင်းရာနှုန်းပြည့် နိုင်ပွဲကို ထပ်မံရယူနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ လက်ရှိချန်ပီယံရတနာပုံသည် အမှတ်အများဆုံးရှုံးခဲ့သောကြောင့် ယခုတစ်ပတ်ပွဲတွင် အမှတ်ပြည့်ရယူနိုင်ရန်လိုအပ်နေပြီး သို့မှသာ ထိပ်ပိုင်းမှ အသင်းများကို အမီလိုက်နိုင်မည်ဖြစ်သည်။ ယခုတစ်ပတ်တွင် စိတ်ဝင်စားစရာ အကောင်းဆုံးပွဲမှာ မကွေးနှင့် ရောဝတီတို့၏ တွေ့ဆုံမှုဖြစ်ပြီး ပထမ အကျော့က ဂိုးမရှိသရေကျထားသည်။ ရောဝတီသည် ဒုတိယအကျော့ အဖွင့်ပွဲတွင် ရန်ကုန်နှင့် သရေကျခဲ့သည်။ ယခုပွဲအပြီးတွင် အဝေးကွင်း နှစ်ပွဲဆက်တိုက် ကစားရမည့် ရန်ကုန်အသင်းအနေဖြင့် ချန်ပီယံဆု တစ်ကျော့ပြန်ရယူလိုပါက ပွဲကျပ်ကာလကို ကျော်ဖြတ်နိုင်ရန် လိုအပ်နေသည်။

MNL အမှတ်ပေးပြိုင်ပွဲကို ဇွန် ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း၏ အာရှဖလားခြေစစ်ပွဲနှင့် မြန်မာယူ-၂၂ အသင်း၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် ယင်းပွဲများ အပြီးတွင် သုံးလကျော်ကြာ ခေတ္တရပ်နားမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာ ယူ-၁၅ အမျိုးသမီးအသင်း ဗီယက်နမ်ကိုအနိုင်ယူပြီး ဆီမီးတက်ရန် အခြေအနေကောင်း

**သတင်း - ဖိုးသော်ဇင်**

၂၀၁၇ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ အုပ်စုတတိယနေ့ကို ယနေ့ညနေပိုင်းက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ဗီယက်နမ်ကို နောက်မှလိုက်ကစားပြီး နှစ်ဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ချေပဂိုးကို ၃၂ မိနစ်တွင် မြတ်နိုးခင်က သွင်းယူခဲ့ပြီး အနိုင်ဂိုးကို မိနစ် ၆၀ တွင် ဆုပြည့်ပြည့်ကျော်က ထောင့်ကန်ဘောမှ ပြန်ကျလာသည့်ဘောလုံးကို ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲ အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် အခြေအနေကောင်းသွားခဲ့သည်။ ယနေ့ပွဲအပြီးတွင် ထိုင်းအသင်းက သုံးပွဲစလုံးအနိုင်ရကာ ကိုးမှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး မြန်မာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်၊ လာအိုအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်၊ ဗီယက်နမ်နှင့် မလေးရှားအသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မေ ၁၄ ရက်တွင် မြန်မာအသင်း ပွဲစဉ်မပါဝင်ဘဲ အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၁၆ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# ယူရိုပါလီဂ်ဗိုလ်လုပွဲသို့ မန်ယူနှင့် အိုင်းယက်စ် တက်ရောက်

ယူအီးအက်ဖ်အေယူရိုပါလီဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ ပွဲစဉ်များကို မေ ၁၂ ရက် သောကြာနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူနှင့် ဆယ်လ်တာဗီဂိုတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် မန်ယူတို့အနိုင်ရခဲ့ပြီး လိုင်ယွန်က သုံးဂိုး-တစ်ဂိုးဖြင့် အိုင်းယက်စ်ကို အနိုင်ရခဲ့ပေမယ့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-လေးဂိုးဖြင့် အိုင်းယက်စ်အသင်း ဗိုလ်လုပွဲသို့ တက်လှမ်းခဲ့သည်။

မန်ယူနှင့် ဆယ်လ်တာဗီဂိုပွဲတွင် ပထမအကျော့ စပိန်မြေတွင် ယှဉ်ပြိုင်ခဲ့စဉ်က တစ်ဂိုး-ဂိုးမရှိဖြင့် မန်ယူအသင်း အနိုင်ရရှိထားပြီး ဒုတိယအကျော့ အင်္ဂလန်မြေတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန် ၁၇ မိနစ်တွင် ဖယ်လိုင်နီ ခေါင်းတိုက်ဂိုးဖြင့် မန်ယူအသင်း ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်း ၈၅ မိနစ်တွင် ရွှန်ကာဂလီယာက ခေါင်းတိုက်သွင်းယူကာ ဆယ်လ်တာဗီဂိုအသင်း ချေပဂိုး ပြန်လည်ရရှိခဲ့သည်။ ပွဲချိန် ၈၈ မိနစ်တွင် နှစ်ဖက်အသင်း အချင်းများရာမှ မန်ယူနောက်တန်း ဘိုင်လီနှင့် ဆယ်လ်တာဗီဂိုနောက်တန်း ရွှန်ကာဂလီယာတို့နှစ်ဦး တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသည်။ ပွဲပြီးခါနီးထိ ဆယ်လ်တာဗီဂိုအသင်း ဂိုးရနိုင်သည့်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ နှစ်ကျော့ပေါင်းရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး မန်ယူတို့ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

လိုင်ယွန်နှင့် အိုင်းယက်စ်ပွဲတွင် ပထမအကျော့ယှဉ်ပြိုင်ခဲ့စဉ်က လေးဂိုး-တစ်ဂိုးဖြင့် အိုင်းယက်စ်အသင်း အနိုင်ရရှိထားပြီး ဒုတိယအကျော့ ပြင်သစ်မြေတွင် ယှဉ်ပြိုင်ခဲ့ရာ ပွဲချိန် ၂၇ မိနစ်တွင် တိုက်စစ်မှူး ဒေါဘက်၏သွင်းဂိုးဖြင့် အိုင်းယက်စ်အသင်း ဦးဆောင်ခဲ့သည်။ ပထမပိုင်းပြီးခါနီးပွဲချိန် ၄၅ မိနစ်တွင် လာကာဇက်တီက လိုင်ယွန်အတွက် ချေပဂိုးသွင်းယူခဲ့ပြီး ပထမပိုင်း နာကျင်အချိန်ပိုတွင် ပယ်နယ်တီကန်ခွင့် ထပ်မံရရှိကာ လာကာဇက်တီက လိုင်ယွန်အတွက် ဒုတိယဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။ ဒုတိယပိုင်း ၈၁ မိနစ်တွင် ဂျီဇယ်က လိုင်ယွန်အတွက် တတိယဂိုး သွင်းယူခဲ့ပြီး ၈၄ မိနစ်တွင် အိုင်းယက်ဇ်နောက်တန်း ကစားသမား ဗီယာဂျီဗာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသည်။ လိုင်ယွန်သည် သုံးဂိုး-တစ်ဂိုးဖြင့် ပွဲပြီးချိန်တွင် အနိုင်ရခဲ့ပေမယ့် နှစ်ကျော့ပေါင်းရလဒ်ကြောင့် ရှုံးနိမ့်ခဲ့ရသည်။

ယူအီးအက်ဖ်အေယူရိုပါလီဂ် ဗိုလ်လုပွဲကြီးတွင် အင်္ဂလန်ကလပ်မန်ယူနှင့် နယ်သာလန်ကလပ် အိုင်းယက်စ်တို့ တွေ့ဆုံမည်ဖြစ်ပြီး ယင်းနှစ်သင်းသည် နောက်ဆုံးတွေ့ဆုံခဲ့သည့် ၂၀၁၂ က ယူရိုပါလီဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ အိုင်းယက်စ်အသင်းသည် ၁၉၉၂ က ယူရိုပါလီဂ်ဖလားကို တစ်ကြိမ်ရရှိထားဖူးပြီး မန်ယူအသင်းမှာ ယူရိုပါလီဂ်ဖလားကို မရရှိဖူးသေးပေ။ ယူရိုပါလီဂ်ဖလားကို ငါးကြိမ်ဖြင့် စပိန်ကလပ် ဆီဗီလာအသင်း အများဆုံးရရှိထားပြီး ဂျူဗင်တပ်စ်၊ အင်တာ မီလန်၊ လီဗာပူးတို့ သုံးကြိမ်စီရရှိထားသည်။ ယူရိုပါလီဂ်ဗိုလ်လုပွဲကြီးကို ဆွီဒင်နိုင်ငံ ဆိုလ်နာမြို့၌ မေ ၂၅ ရက် ကြာသပတေးနေ့ နံနက် ၁ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အယ်လ်ဂျေဝီလီလျံ မင်းခေါင် ၁၂/မဂတ(နိုင်)၀၉၄၃၁၂၏ ပတ်စ်ပို့ အမှတ်(MA-242698)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၁၉၁၃၃၂**

### အမည်မှန်

ရွှေပြည်သာမြို့နယ်၊ မှုလွန်(၃၇)ကျောင်း၊ သတ္တမတန်း(A)မှမဖြူဖွေးချစ်နှင့် ဧတုတ္ထတန်း(A)မှမောင်အောင်နိုင်ထွန်းတို့၏ ဖခင်အမည်မှန် မှာ ဦးချိုတူး (၁၄/ဟကက(နိုင်)၀၃၉၂၇၈) ဖြစ်ပါကြောင်း။

ဦးချိုတူး

### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၊ FMI အိမ်ရာ)၊ မြေကွက်အမှတ်(၇၉၂)၊ ဧရိယာ (သုည ဒသမ ၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ ဦးရှိန်စိုးမြင့်၊ ဒေါက်တာအေးအေးမြင့်၊ ဒေါ်သင်းသင်းမြင့်၊ဦးငွေထွန်းမြင့်တို့ဖြစ်ပါသည်။အဆိုပါမြေနှင့်အိမ်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် အမှတ်(၁၉၆၄/၂၀၁၀)ရက်စွဲ၁၁-၆-၁၀ တင်ပြ၍ ဒေါ်အေးအေးမြင့် ၁၀/မလန(နိုင်)၀၂၃၉၃၅၊ ဒေါ်သင်းသင်းမြင့် ၁၂/ကတတ(နိုင်)၀၁၄၅၁၈၊ ဦးငွေထွန်းမြင့် ၇/ညလပ(နိုင်)၀၀၂၅၇၉ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့် မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၄)ရပ်ကွက်၊ ထောင်ကုန်းလမ်း၊အကွက်အမှတ်(၆၇)၊ထောင်ကုန်းအကွက်၊ဦးပိုင်အမှတ်(၁၀၊၁၃)၊ ဧရိယာ သုည ဒသမ၄၉၆ ဧကရှိမြေကို မစ္စတာဆစ်ဒနီဆင်း အမည်ဖြင့် မြေငှားဂရန် (သက်တမ်းတိုး)ချထားပေးရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပြင်ဦးလွင်မြို့နယ် တရားမရုံးတော်၌
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၃

ဦးခင်မောင်မြင့် နှင့် ၁။ ဒေါ်လင်လွန်းညောင်
၂။ ဦးသန်းမြင့်

တရားလို — တရားပြိုင်များ

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ ညောင်ရမ်းလမ်း၊ အမှတ်-ခ/၆၃နေ (၁) တရားပြိုင် ဒေါ်လင်လွန်းညောင်နှင့် ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ အမှတ်-ဗ/၃၁နေ (၂)တရားပြိုင် ဦးသန်းမြင့်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် မေ၁၆ရက် (၁၃၇၉ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်များသည် တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှိုင်ဟိန်းဇော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြင်ဦးလွင်မြို့နယ် တရားရုံး**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဉာဏ်လင်းမြင့် ၇/ရတရ(နိုင်)၁၀၇၄၉၁၏ Passport (No. မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၄၅၂၉၇၆၈၀၂**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ အောင်တော်မူလမ်း၊ အမှတ် ၄၀၊ ၈-၃/၂ ထပ်ရှိ အကျယ်အဝန်း (၂၃×၄၅×၉.၅)ပေ၊ ငါးလွှာဟု ခေါ်တွင်သော တိုက်ခန်းနှင့်ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ Asia Grace Land Construction Co., Ltd. ၏ ကိုယ်စား ဦးရဲထွန်းဘို(ဒါရိုက်တာ)၁၂/လမတ(နိုင်)၀၃၁၁၇၀ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းလင်းအောင် (LL.B, D.B.L, D.M.L)**

**ဒေါ်ဖြူဖြူခိုင် (LL.B, D.B.L, D.M.L)**

**တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်ငြိမ်းချမ်းစုရည်(LL.B, D.B.L, D.I.L, D.M.L)အထက်တန်းရှေ့နေ**

**အမှတ် ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/7699 SKAT LFJ3048 G1 အမည်ပေါက်သူ U Zaw Win 14/EME-000126 က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/3122 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ဖခင်အမည်မှန်

ပွင့်ဖြူ (အထက) နဝမတန်းမှ မောင်ဝင်းမိုးဟိန်း၏ ဖခင်အမည်မှန်မှာ ဦးမြသိန်း ၈/ပဖန(နိုင်) ၀၅၈၅၃၉ ဖြစ်ပါကြောင်း။

**ဦးမြသိန်း**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၅-၂၀၁၇ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀)တွင် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်း ကြော်ငြာတွင် မောင်အောင်မြတ်သိန်းအစား မောင်ကောင်းမြတ်သိန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ဖခင်အမည်မှန်

ကြို့ပင်ကောက် ZENITH ကိုယ်ပိုင်အထက်တန်းကျောင်းမှ နဝမတန်းအောင် မောင်ကောင်းဆက်နိုင် ကျောင်းဝင်နံပါတ်(၀၄၅)၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစန်းနိုင် ၇/ကပက(နိုင်) ၀၅၉၀၉၄ ဖြစ်ပါသည်။

**ဦးစန်းနိုင်**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၈၀

ဒေါ်အေးအေးမာ နှင့် ၁။ ဒေါ်ခင်သက်ဆွေ
၂။ ဦးတင်လှ

တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ တ(၁၅)ရပ်ကွက်၊ အောင်သုခ ၂ လမ်း၊ အမှတ်(၂၁၅၃/ခ)နေ (၁)တရားပြိုင် ဒေါ်ခင်သက်ဆွေနှင့်(၂) တရားပြိုင် ဦးတင်လှ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကျူးကျော်ဝင်ရောက်ဆောက်လုပ်ထားသည့် အဆောက်အအုံအား ဖျက်သိမ်းဖယ်ရှားထွက်ခွာ၍ မြေကွက်အလွတ်အား ပြန်လည်လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် မေ၁၅ ရက်(၁၃၇၉ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဧပြီ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အုန်းခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

### သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
### အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် အောက်ပါလုပ်ငန်းအား ဆောင်ရွက်ရန်ရှိသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**ပေ(၄၀×၉၀)ခြောက်ခန်းတွဲနှစ်ထပ် R.C.C ဝန်ထမ်းအိမ်ရာတစ်လုံးဆောက်လုပ်ခြင်း**

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်နှင့် အချက်အလက်များအား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၀၇၀၇သို့ စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) **တင်ဒါရောင်းချမည့်ရက်နှင့်နေရာ** - ၆-၅-၂၀၁၇ရက်မှ ၃၁-၅-၂၀၁၇ရက်အထိ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ခ) **တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်နှင့်နေရာ** - ၆-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအတွင်း ရုံးအမှတ်(၃၁)၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်

(ဂ) **တင်ဒါဖွင့်မည့်ရက်၊ အချိန်နှင့်နေရာ** - ၆-၆-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီ၊ ရုံးအမှတ်(၃၁)၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်

**လုပ်ငန်းတင်ဒါကြီးကြပ်ရေးအဖွဲ့**

### ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့
### တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
### တင်ဒါပယ်ဖျက်ခြင်း

၁၂-၅-၂၀၁၇ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၃၀ ကော်လံ ၃ နှင့် (၄)တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ ဂျိုးဖြူပိုက်လိုင်း၏ ပိုက်ဒေါက်များ အစားထိုးတည်ဆောက်ခြင်းလုပ်ငန်း၊ ဂျိုးဖြူရေလှောင်ကန်ရေယူအဆောက်အအုံ အပေါ်ပိုင်းအား Carbon Fiber ဖြင့် Structural Strengthening လုပ်ငန်းနှင့် ဂျိုးဖြူပိုက်လိုင်းဘေး မြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါတင်သွင်းနိုင်ရန် ကြော်ငြာ၍ ဖိတ်ခေါ်ခဲ့ပါသည်။

သို့ရာတွင် ဂျိုးဖြူပိုက်လိုင်းမှာ ဂျိုးဖြူရေလှောင်ကန်မှရေကို ရန်ကုန်မြို့တော်အတွင်းသို့ တစ်ရက်လျှင် ရေဂါလန် ၂၇သန်း ပေးပို့ဖြန့်ဝေလျက်ရှိသော ပိုက်လိုင်းဖြစ်သည့်အတွက် ရန်ကုန်မြို့တော်သို့ နေ့စဉ်ရေပေးဝေမှုတွင် အဟန့်အတားမဖြစ်စေရန်နှင့် အသေးစိတ် ပြန်လည်ဆန်းစစ်စီမံဆောင်ရွက်နိုင်ရန်အတွက် အထက်ဖော်ပြပါ တင်ဒါဖိတ်ခေါ်ခြင်းအား ပယ်ဖျက်ကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး**

# အတ္တဟိတ၊ ပရဟိတ

သဲနိုင်ဦး(မြန်မာစာ)

ကမ္ဘာမှာ မြန်မာနိုင်ငံဟာ ပရဟိတအများဆုံးလုပ်သော နိုင်ငံတစ်နိုင်ငံထဲ အပါအဝင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံသာမက ကမ္ဘာတစ်ဝန်းလုံးမှာပါ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်တတ်သော မီးလောင်မှု၊ ရေကြီးမှု၊ မြေပြိုမှု၊ ငလျင်ဘေး၊ လူတို့၏ ပယောဂကြောင့်ဖြစ်ပေါ်လာသော စစ်ဘေး၊ အစာရေစာငတ်မွတ်မှုဘေး၊ ကျန်းမာရေးကြောင့် ခံစားရသော ကင်ဆာရောဂါ၊ AIDS ရောဂါနှင့် အခြားရောဂါဘယ အမျိုးမျိုးတို့ကြောင့် ကမ္ဘာပေါ်ရှိ လူသားတို့အတိဒုက္ခရောက်နေတာတွေကို သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြား အစရှိသည်တို့မှာ တွေ့မြင်နေရတာ များစွာစိတ်မကောင်းဖြစ်မိပါတယ်။

သို့ပေမယ့် မည်သည့်ဘေးဒုက္ခကြုံတွေ့နေရသည်ဖြစ်စေ အဆိုပါ ဒုက္ခသည်များအတွက် ကိုယ်ကျိုးမဖက် ပရဟိတစိတ်ထား သက်သက်ဖြင့် ဒုက္ခရောက်သည့်နေရာများတွင် ဖြစ်လျှင်ဖြစ်ချင်း အချိန်နှင့်တစ်ပြေးညီ အကူအညီပေးတတ်ကြသည်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် ထိပ်ဆုံးကပင်ဖြစ်ပါတယ်။ အဲဒီလို ဘေးဒုက္ခ ရောက်နေသူများ၊ အကြောင်းအမျိုးမျိုးကြောင့် ရောဂါဘယခံစားနေရသူများကို ပရဟိတအဖွဲ့များက ကူညီဖေးမဆောင်ရွက်ပေးနေတာတွေကို တွေ့မြင်ရတော့ သူတို့အတွက် အဆိုးထဲကအကောင်းတစ်ခုဟုပင် တွေးမိပါတယ်။

ကျွန်တော့်အနေနဲ့လုပ်ငန်းခွင်မှာ အလုပ်လုပ်ရတဲ့ အချိန်တွေကို အများဆုံး ဖြတ်သန်းနေခဲ့မိတဲ့အတွက် သူများတွေလို ပရဟိတအသင်းအဖွဲ့တွေနဲ့ ပရဟိတလုပ်ငန်းတွေကိုတော့ မလုပ်ဖြစ်ခဲ့ပါ။ သို့သော်လည်း မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားမှာ သဘာဝဘေးဒုက္ခများ၊ စစ်ဘေးဒုက္ခသည်များနှင့် Autism ဝေဒနာရှင်များ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာသည်များ၊ မသန်စွမ်းလူပုဂ္ဂိုလ်တွေနဲ့ HIV/AIDS ရောဂါသည်တွေကို ကူညီပေးနေတဲ့ ဖောင်ဒေးရှင်း တစ်ခုရဲ့ ထူးခြားတဲ့ အလှူပွဲတစ်ခုကို တက်ရောက်ခွင့်ရတဲ့ အတွက် ကျွန်တော်သိခဲ့ရတဲ့ အသိတစ်ခုကို ပြန်လည်ဝေမျှ ပေးချင်ပါတယ်။

ကျွန်တော်တက်ရောက်ခွင့်ရတဲ့ ပွဲလေးကတော့ မြောက်ဒဂုံမြို့နယ် (၄၇)ရပ်ကွက်မှာ ပရဟိတလုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ စာရေးဆရာမ ဒေါ်သန်းမြင့်အောင် ဦးစီးတဲ့ အောင်ဖောင်ဒေးရှင်းနဲ့ ဒေါ်ဖြူဖြူသင်း ဦးစီးတဲ့ NLD / AIDS Center (NAC) HIV/AIDS ပြုစုစောင့်ရှောက်ရေးဂေဟာတို့အတွက် ပရဟိတလုပ်ငန်းတွေ ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်ဖို့အတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက အလှူငွေကျပ်သိန်း ၅၀၀၀ ပေးအပ်လှူဒါန်းတဲ့ပွဲ ဖြစ်ပါတယ်။

ဆရာမ ဒေါ်သန်းမြင့်အောင် ဖွဲ့စည်းတည်ထောင်ထားတဲ့ ပရဟိတလုပ်ငန်းတွေကတော့ HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးသူငယ်များကို ပြုစုစောင့်ရှောက်နေတဲ့ သုခရိပ်မြုံဂေဟာ၊ ခိုကိုးရာမဲ့ နာမကျန်းဘိုးဘွားများအတွက် ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာ၊ လူမှုဝန်းကျင်နဲ့ ပရဟိတသင်တန်းကျောင်းများအတွက် အနာဂတ်ပရဟိတခေါင်းဆောင်များ မွေးထုတ်သင်ကြားပေးနေတဲ့ အောင်ဖောင်ဒေးရှင်း၊ ရုပ်ရှင်ဂီတနဲ့စာပေနယ်ပယ်များရှိ ခိုကိုးရာမဲ့ သက်ကြီးဘိုးဘွားများအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ထားတဲ့ အနုပညာ ဆည်းဆာရိပ်၊ မိဘမဲ့ကလေးငယ်များအတွက် ဖွင့်လှစ်ထားတဲ့ ရတနာဂေဟာ၊ အောင်မြေပရဟိတကျောင်းနဲ့ အခြားပရဟိတလုပ်ငန်းတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နေတဲ့ ပရဟိတအဖွဲ့တစ်ဖွဲ့ ဖြစ်ပါတယ်။

ဆရာမ ဒေါ်ဖြူဖြူသင်း ဦးဆောင်နေတဲ့ ပရဟိတအဖွဲ့ဟာဆိုရင်လည်း ခုခံအားကျဆင်းမှုရောဂါကာကွယ်ရေးနဲ့ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းတွေကို စွမ်းစွမ်းတမံဆောင်ရွက်လုပ်ကိုင်လျက်ရှိနေတဲ့အပြင် အရှေ့ဒဂုံမြို့နယ်မှာ ခုခံအားကျဆင်းမှုရောဂါကာကွယ်ရေးနဲ့ ပြုစုစောင့်ရှောက်ရေးဂေဟာကိုလည်း ဆောက်လုပ်နေဆဲဖြစ်ပါတယ်။

အလှူငွေပေးအပ်ပွဲမှာ အလှူငွေလှူဒါန်းရခြင်းနဲ့ပတ်သက်ပြီး ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက "ကျွန်မတို့ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေနဲ့ နိုင်ငံတော်နဲ့ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို စဉ်ဆက်မပြတ်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ဆရာမ ဒေါ်သန်းမြင့်အောင်နဲ့ ဆရာမ ဒေါ်ဖြူဖြူသင်းတို့လို ပြည်သူအတွက် ပရဟိတလုပ်ငန်းတွေကို အင်အားအပြည့်နဲ့ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေကို ကျွန်မတို့က တာဝန်ကျေတဲ့ ပြည်သူအနေနဲ့ ပံ့ပိုးကူညီခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်" လို့ပြောကြားခဲ့ပါတယ်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းရဲ့ ဝမ်းမြောက်စကားကို နားထောင်မိတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အမှန်တကယ် အကူအညီလိုအပ်နေတဲ့ နေရာတွေ၊ ဒေသတွေကို ပရဟိတအသင်း အဖွဲ့တွေက တတ်နိုင်တဲ့ ငွေကြေးတွေစုပြီး ရှိတဲ့အင်အားလေးတွေနဲ့ ကူညီလုပ်ကိုင်ဆောင်ရွက်ပေးနေကြတာကို Social Media ပေါ်တွေမှာ တွေ့မြင်နေရတာတွေကို သတိရမိပါတယ်။ ဒါပေမယ့် ပရဟိတအသင်းအဖွဲ့တွေ ဆိုတာကလည်း လူငယ်တွေသာများတဲ့အတွက် လူအင်အားအနေနဲ့အပြည့်အဝ ကူညီပေးနိုင်ကြပေမယ့် ငွေကြေးအင်အားကျတော့ လိုအပ်ချက်တွေ ကြုံတွေ့နေကြရတာတော့ အမှန်ပဲဖြစ်ပါတယ်။ ငွေကြေး လိုအပ်



ချက်တွေရှိတဲ့အတွက် တချို့နေရာတွေမှာ ပရဟိတအဖွဲ့တွေက ပရဟိတလုပ်ငန်းတွေမှာ ထင်သလောက် ကူညီပေးနိုင်ခြင်း မရှိတဲ့ နေရာတွေလည်းရှိပါတယ်။ အဲဒီအတွက်လည်း ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ပရဟိတအဖွဲ့အစည်းတွေကို အလှူငွေတွေ ထောက်ပံ့လှူဒါန်းပေးနေတာပဲလို့ ကျွန်တော့်အနေနဲ့ သဘောပေါက်မိပါတယ်။

မကြာသေးခင်ကပဲ မြန်မာနိုင်ငံအတွင်း ပရဟိတလုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ ကျော်သူပရဟိတကွန်ရက်အဖွဲ့နဲ့ အခြားလူမှုကူညီရေးပရဟိတအသင်းအဖွဲ့ ၂၄ ဖွဲ့ကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) က လူမှုကူညီရေးပရဟိတလုပ်ငန်းတွေ ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်ဖို့အတွက် အလှူငွေကျပ်သိန်း ၅၀၀၀ လှူဒါန်းတဲ့ သတင်းကို တွေ့မြင်မိတဲ့အချိန်ကတည်းက ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအဖွဲ့ကို လေးစားအားကျမိခဲ့ပါတယ်။ ပရဟိတလုပ်ငန်းတွေမှာ အမှန်တကယ် ငွေကြေးအကူအညီ လိုအပ်နေတဲ့ ပရဟိတအဖွဲ့တွေကို ထောက်ပံ့ကူညီပံ့ပိုးပေးနေတာကို တွေ့မြင်ရတဲ့ အတွက်လည်း သာဓုအကြိမ်ကြိမ်ခေါ်မိပါတယ်။

ဖောင်ဒေးရှင်းအနေနဲ့ အခုမှ ပြည်သူ့အကျိုးပြု ပရဟိတလုပ်ငန်းတွေကို လုပ်ကိုင်နေတာမဟုတ်ဘဲ ၂၀၀၇ ခုနှစ် နာဂစ်မုန်တိုင်းကျရောက်တဲ့ အချိန်ကတည်းက မုန်တိုင်းကြောင့် ဒုက္ခရောက်နေတဲ့ ပြည်သူတွေအတွက် အဘက်ဘက်က အကူအညီတွေ လိုအပ်နေတဲ့အချိန်မှာ ငွေအား၊ လူအား၊ စေတနာအားတို့နဲ့ လတ်တလောလိုအပ်တဲ့ အကူအညီတွေ၊ နောက်ပိုင်းပြန်လည်ထူထောင်ဖို့အထိ လိုအပ်တာတွေ၊ အကူအညီတွေပေးရင်း ဖောင်ဒေးရှင်း စတင်တည်ထောင်ဖြစ်ခဲ့တယ်ဆိုတာကိုလည်း ဖောင်ဒေးရှင်းက တာဝန်ရှိသူတစ်ဦးရဲ့ ပြောကြားချက်အရ သိခဲ့ရပါတယ်။

ပရဟိတစိတ်ဆိုတာ ကိုယ်ကျိုးအတွက်မဟုတ်ဘဲ သူတစ်ပါးကိုကူညီပေးလိုက်ခြင်းဖြင့် ပီတိကိုရရှိလေ ဆက်လက်ပြီး ပရဟိတလုပ်ငန်းကို ပိုမိုလုပ်ကိုင်ချင်လာလေပဲ ဖြစ်ပါတယ်။ ဖောင်ဒေးရှင်းဟာ နာဂစ်မုန်တိုင်းနောက်ပိုင်း မြန်မာနိုင်ငံတစ်ဝန်း ပရဟိတလုပ်ငန်းတွေကို ထိရောက်စွာ ဆက်လက်လုပ်ကိုင်ဆောင်ရွက်နေတာတွေကို သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြားနဲ့ Social Media တွေပေါ်မှာ အများကြီး တွေ့မြင်ခဲ့ရပါတယ်။

ဖောင်ဒေးရှင်းအနေနဲ့ မြန်မာနိုင်ငံအတွင်း လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲနိုင်တဲ့ ဒေသများရှိ တိုက်ပွဲရှောင်ပြည်သူတွေအတွက် ခေါင်းစွပ်ပါအနွေးထည် ၂၀၅၀၀၀ ကို ပြည်ပမှ မှာယူခဲ့ပြီး အအေးလွန်ကဲနိုင်သော ဒေသများရှိ ခေတ္တတိုက်ပွဲရှောင်ပြည်သူများ၊ ရဟန်းသံဃာများ၊ သီလရှင်များ၊ တိုင်းရင်းသားပြည်သူတွေနဲ့ ဒေသခံပြည်သူတွေအတွက် ခေါင်းစွပ်ပါအနွေးထည်၊ စောင်၊ ဆန်အိတ်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်ထုပ်နဲ့အာဟာရမှုန့်တွေကိုလည်း လှူဒါန်းပေးခဲ့ပါတယ်။

ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာသို့ လာရောက်ကြမည့် ဘိုးဘွားများ ကြိုဆိုပို့ဆောင်ရန်အတွက် Hondai အမျိုးအစား ၂၈ယောက်စီးမော်တော်ယာဉ်နှစ်စီးကို အဘိုးအဘွားတွေရဲ့ သွားရေးလာရေး အဆင်ပြေစေရန်နဲ့ အဘိုးအဘွားတွေ ယာဉ်အန္တရာယ် တစ်စုံတစ်ရာထိခိုက်မှုမရှိအောင် သွားရေး၊ လာရေး အဆင်ပြေချောမွေ့အောင် ဖောင်ဒေးရှင်းက စီစဉ်ဆောင်ရွက်လှူဒါန်းခဲ့ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း ဘော်ဆိုင်းဒေသရှိ လူမှုရေးအသင်းထံ လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုရန်အတွက်လည်း Super Custom အမျိုးအစား မော်တော်ယာဉ်တစ်စီးကိုလည်း လှူဒါန်းခဲ့ပါတယ်။ အဲဒီပွဲလေးကိုလည်း ကျွန်တော်ကိုယ်တိုင်တက်ရောက်ခွင့်ရခဲ့ပါတယ်။

ဖောင်ဒေးရှင်းရဲ့ တခြား လူမှုရေးအကျိုးပြုအောင်မြင်မှုတွေကို ဖော်ပြရမယ်ဆိုရင် မိုးရေအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့တဲ့ ကောလင်း၊ ဝန်းသို၊ ကလေး၊ ဟားခါး၊ စေတုတ္တရာ၊ ပွင့်ဖြူ၊ စကု၊ ရခိုင်နဲ့မော်ချီးမြို့တို့မှာ သဘာဝဘေးအန္တရာယ်ဖြစ်လျှင်ဖြစ်ခြင်း ဖောင်ဒေးရှင်းက ဆန်၊ သောက်သုံးရေသန့်နဲ့ နေ့လယ်စာ၊ ညစာအတွက် ထမင်းဘူးများကို အဆိုပါဒေသများရှိ အစိုးရအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ အခြားပရဟိတအဖွဲ့များနဲ့ ပူးပေါင်းပြီး သဒ္ဓါတရားထက်သန်စွာနဲ့ ရေနစ်မြုပ်နေသည့် ရပ်ကွက်၊ ကျေးရွာများမှ နေအိမ်များအထိ စက်လှေများနဲ့သွားရောက် လှူဒါန်းခဲ့ချင်း၊ မီးလောင်ကျွမ်းမှုများဖြစ်ပေါ်ခဲ့သော ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဆန်မြို့နဲ့ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့မီးဘေးသင့် အိမ်ထောင်စုများထံ ဖောင်ဒေးရှင်းက နံနက်စာ၊ နေ့လယ်စာ၊ ညစာထမင်းဟင်းများ ချက်ပြုတ်ကျွေးမွေးလှူဒါန်းခဲ့တဲ့အပြင် မီးဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများ၊ ဆန်၊ ဆီ၊ ကုလားပဲနဲ့ ငါးခြောက်များ၊ သောက်ရေသန့်ဘူးတွေကို သွားရောက်လှူဒါန်းခဲ့ပါတယ်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေနဲ့ စတင်တည်ထောင်ခဲ့တဲ့ ၂၀၀၇ခုနှစ်မှ စတင်ပြီး ယနေ့အချိန်အထိ မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်သူပြည်သားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကဏ္ဍတွင် ဆေးရုံကြီးများ ဆောက်လုပ်လှူဒါန်းပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ဖောင်ဒေးရှင်း အဖွဲ့ဝင်များက စဉ်ဆက်မပြတ် သွေးလှူဒါန်းပွဲများ ကျင်းပလှူဒါန်းခြင်း၊ အခမဲ့ဆေးကုသခန်းများ ဖွင့်လှစ်ကုသပေးခြင်း၊ အခြားပရဟိတလုပ်ငန်းများတွင် စဉ်ဆက်မပြတ် ပံ့ပိုးကူညီလှူဒါန်းလျက်ရှိခြင်း၊ စစ်ဘေးရှောင်ပြည်သူများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ပြည်ပနိုင်ငံများတွင် ဘေးဒုက္ခကျရောက်လျက်ရှိသော မြန်မာရွှေ့ပြောင်းလုပ်သားတွေကို လူသားချင်းစာနာ ထောက်ထားမှုဖြင့်အမိမြန်မာနိုင်ငံသို့အခမဲ့ပြန်လည်ခေါ်ယူခဲ့ခြင်း၊ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခဲ့တာကို တွေ့မြင်ရပါတယ်။

ဒေါ်နန်းလိုင်းခမ်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်လျက်ရှိတဲ့ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းရဲ့ လူမှုအကျိုးပြုလုပ်ငန်းတွေမှာ အောင်မြင်ခဲ့တဲ့ လုပ်ဆောင်ချက်တွေကို ဖောင်ဒေးရှင်းက တာဝန်ရှိသူတစ်ဦးရဲ့ပြန်လည်ပြောပြတာတွေကို နားထောင်ရင်း ဖောင်ဒေးရှင်းအတွက် လေးစားဂုဏ်ယူမိသလို ကျွန်တော်ကိုယ်တိုင်လည်း ကြက်သီးထမိပါတယ်။

ကျွန်တော့်အနေနဲ့ဖောင်ဒေးရှင်းရဲ့လုပ်ဆောင်ချက်တွေကို သိရှိခဲ့ရတဲ့အတွက်လည်း "အတ္တဟိတ၊ ပရဟိတ" ဆိုတဲ့ အဓိပ္ပာယ်ကို ပိုမိုနက်နက်နဲနဲသိမြင်ခဲ့ရပါတယ်။ အတ္တဟိတဆိုတာ ကိုယ့်အတွက် အခြေအနေကောင်းတွေကို ဖန်တီးတာ၊ ပရဟိတ ဆိုတာကတော့ တစ်ဖက်သားအတွက် အခြေအနေကောင်းတွေ ဖန်တီးပေးတာပဲဖြစ်ပါတယ်။ အခြေအနေတစ်ခု ဖန်တီးပေးတဲ့နေရာမှာ ကိုယ့်အတွက်ရော သူ့အတွက်ပါ အခြေအနေကောင်းနှစ်ခု ဖန်တီးနိုင်ခြင်းကို အတ္တဟိတ၊ ပရဟိတ လို့ခေါ်ပါတယ်။ ဖောင်ဒေးရှင်းအနေနဲ့ကလည်း အမှန်တကယ် အကူအညီလိုအပ်နေတဲ့ နေရာတွေကို စဉ်ဆက်မပြတ် ကူညီပံ့ပိုးပေးခြင်းဖြင့် ဖောင်ဒေးရှင်းရဲ့ လုပ်ဆောင်ချက်တွေကို ကျွန်တော့်လိုပဲ တခြားလူတွေ လေးစားအားကျဂုဏ်ယူကြမှာဖြစ်ပြီး ဖောင်ဒေးရှင်းသည်လည်း ပိုမိုအောင်မြင်လာကာ ယခုထက်ပိုပြီး အများအကျိုးပြုလုပ်ငန်းတွေကို ကူညီလုပ်ကိုင်ဆောင်ရွက်ပေးနိုင်လာမှာဖြစ်ပါတယ်။

"လှေလှော်သူသည် လှေစီးသူတို့အား တစ်ဖက်ကမ်းသို့ လှော်ခတ်ပို့ဆောင်ပေးရင်း မိမိပါ တစ်ဖက်ကမ်းသို့ရောက်ရှိပြီးဖြစ်သကဲ့သို့ ပရဟိတလုပ်သူတို့အတွက် အတ္တဟိတသည် အလိုလို ပြည့်စုံပြီဖြစ်သည်" ဆိုတဲ့ ဆိုရိုးအတိုင်း ကမ္ဘာပေါ်မှာ ပရဟိတစိတ်ဓာတ်အများဆုံးရှိတဲ့ မြန်မာနိုင်ငံအတွင်းမှာ အများအကျိုးပြု ပရဟိတလုပ်ငန်းတွေကို အများဆုံး ဆောင်ရွက်ပေးနေတဲ့ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းရဲ့ လုပ်ဆောင်ချက်တွေကို တခြားလူတွေ လေးစားအတုယူနိုင်ကြစေရန် ဂုဏ်ယူစွာနဲ့ ဖော်ပြလိုက်ရပါတယ်။ ။

# ကလေးများဖုန်းကြည့်ခြင်းနှင့် သတိပြုစရာများ

## ဒေါက်တာ မြင့်သန်း(ညောင်လေးပင်)

လေ့လာမှုများအရ ကလေးငယ်များသည် ဖုန်းနှင့် တီဗွီဖန်သားပြင်များကိုကြာ ရှည်စွာကြည့်ပါက ဖွံ့ဖြိုးမှုဆိုင်ရာ ထိခိုက်မှုများအပြင် အခြားဆိုးကျိုးများလည်းတွေ့ ကြုံရနိုင်ကြောင်း သိရပါသည်။ ကလေးငယ်များကိုငြိမ်နေစေရန် ထိုင်ခုံတွင် ထိုင်နေစေပြီးစမတ်ဖုန်း၊ ကလေးအကြိုက်တီဗွီအစီအစဉ်များကို ကြည့်နေစေခြင်းဖြင့် မလိုလားအပ်သောဆိုးကျိုးများ ဖြစ်စေပါသည်။ မိဘများစဉ်းစားသင့်ပါသည်။ ကနေဒါနိုင်ငံ တိုရွန်တိုတက္ကသိုလ်မှသုတေသီများက ၂၀၁၇ ခုနှစ် ကလေးဆေးပညာဆွေးနွေးပွဲတွင်တင်ပြရာ ကလေးငယ်တစ်ဦးသည် အီလက်ထရွန်နစ် ဖန်သားပြင်ကိုအချိန်ကြာကြာကြည့်လေ၊ စကားပြောစွမ်းရည်ထိခိုက်မှု ပိုဖြစ်နိုင်လေဖြစ်ကြောင်း ဖော်ပြသွားပါသည်။ ကလေးငယ်၏စိတ်ထဲက ပြောဆိုလိုမှု အစီအစဉ်များကို ဟန့်တားထားသလိုကြုံရမည်ဟု ဆိုပါသည်။ ယခုအခါ အလွန်နုနယ်သေးသော ကလေးငယ်များကို ဖုန်းများကြည့်စေသည့်အလေ့အကျင့်က ကျယ်ပြန့်လာနေပါသည်။ Dr. Catherine Birken ဆိုသူသည် သုတေသီအဖွဲ့ကို ဦးဆောင်သူဖြစ်ပြီး အသက်ခြောက်လမှနှစ် နှစ်အရွယ်ကလေးငယ် ၉၀၀ ခန့်ကို လေ့လာခဲ့ခြင်း ဖြစ်သည်။ ကလေးငယ်များ၏ဖန်သားပြင်ကြည့်ရှုမှုပျမ်းမျှ အချိန်ကိုမှတ်သားပြီး Language development ဘာသာစကား ဆိုင်ရာဖွံ့ဖြိုးမှုကို Infant Toddler-Checklist(ITC) ဖြင့် လေ့လာပါသည်။ ITC တွင် ကလေးငယ်များကို မေးခွန်းများ မေးမြန်းမှတ်သားမှုများ ပါဝင်ပါသည်။ ကလေးငယ်တို့တွင် ဖန်သားပြင်ကြည့်ရှုချိန် မိနစ် ၃၀ ရှိတိုင်းစကားပြောစွမ်းရည် ၄၉ ရာခိုင်နှုန်း ထိခိုက်နိုင်ကြောင်း တွေ့ရပါသည်။

အခြားဆက်သွယ်ပြောဆိုမှုဆိုင်ရာ စွမ်းရည်ကိုလည်း အလားတူ ထိခိုက်နိုင်သည်ဟု သိရပါသည်။ ၁၈ လ ကြာ လေ့လာမှုအရ ၂၀ ရာခိုင်နှုန်းသော ကလေးငယ်တို့သည် ဖန်သားပြင်များကို နေ့စဉ်ပျှမ်းမျှ၂၈ မိနစ်ခန့် ကြည့်နေလေ့ရှိသည်ကိုလည်း တွေ့ရပါသည်။ The American Academy of Paediatrics (AAP)ကလည်း ၁၈ လသားအောက်ကလေးငယ်တို့ကို ဖန်သားပြင်ကြည့်ခြင်းမပြုစေသင့်ဟု ထောက်ခံထားပါသည်။ စင်ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ်၏ ယန်ဟိုလင်းဆေးပညာကျောင်း၏ လေ့လာမှုအရ ကလေးငယ်တို့ကို နုနယ်စဉ်မှာ အီလက်ထရွန်နစ်ပစ္စည်းများနှင့်



ထိတွေ့ ကြည့်ရှုစေခြင်းများသည် ထိုကလေးငယ်တို့၏ ဉာဏ်ရည်၊ ဘာသာစကားဖွံ့ဖြိုးမှုများကို ထိခိုက်စေနိုင်ရုံမက လူမှု ဆက်ဆံရေး၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးမှုများအပေါ်တွင် မလိုလားအပ်သည့် အနုတ်လက္ခဏာ ဖြစ်လာစေနိုင်သည်ဟု ဆိုသည်။ ကမ္ဘာကျော် ဟားဗတ်တက္ကသိုလ်ကြီး၏ လေ့လာမှုအရ နေ့စဉ်ငါးနာရီကျော်မျှ ဖန်သားပြင်ကိုကြည့်နေလေ့ရှိသော ကလေးတို့သည်ဝဖြိုးမှု (obesity) ဖြစ်လွယ်ကြောင်းတွေ့ရသည်ဟု သိရပါသည်။

ထိုကလေးတို့သည် သကြားဓာတ်လွန်ကဲသောအချိုရည်များကို သာမန်ထက်နှစ်ဆမျှ သောက်သုံးလေ့ရှိကြသည့်အပြင် ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊ အိပ်ရေးပျက်ခြင်းတို့လည်း ဖြစ်လွယ်ကြပါသည်။ ထိုလေ့လာမှုတွင် အသက် ၁၄ နှစ်မှ ၁၈ နှစ်အရွယ်လူငယ်ကလေးပေါင်း ၂၅၀၀၀ ခန့်တို့ကို လေ့လာခဲ့ခြင်း ဖြစ်ပါသည်။ သုတေသီခေါင်းဆောင် Dr. Erica Kenny က စမတ်ဖုန်းများ၊ တက်ဘလက်များ၊ ကွန်ပျူတာများ၊ ဗီဒီယိုဂိမ်းများကိုသုံးခြင်းဖြင့် ငယ်ရွယ်သူများအတွက် အန္တရာယ်ဖြစ်စေမည့် ဝဖြိုးမှုများဖြစ်လာနိုင်စေသည်ဟု ဆိုပါသည်။ ကလေးဆေးပညာဂျာနယ်တွင် ဖော်ပြထားချက်အရ ယခုခေတ်လူငယ်လေးများသည်၊ တီဗွီကြည့်ခြင်းထက်၊ ဖုန်းအမျိုးမျိုးကို နှစ်သက်စွာလက်ကမချတမ်းကိုင်နေကြပြီ ဖြစ်သည်။ အသက်ငါးနှစ်မှ ၁၅ နှစ်ကြား ကလေးတို့သည် ရက်သတ္တပတ်လျှင် အွန်လိုင်းမှာ ၁၅ နာရီမျှအချိန်ကုန်နေကြသည်။ တီဗွီကြည့်သူက ၁၃နာရီ ခွဲခန့် အချိန်ကုန်စေသည်ဟု ဆိုပါသည်။ နောက်ဆုံး လေ့လာတွေ့ရှိမှုအရ မူလတန်းကျောင်းပြီးချိန် ကိုယ်အလေးချိန်ပိုလာမှုနှင့်ဝဖြိုးလာမှုတို့သည် စံချိန်တင်အောင်များလာသည်ကိုတွေ့ရကြောင်းသိရသည်။

အမေရိကန်အမျိုးသားဝဖြိုးမှုဆိုင်ရာ အဖွဲ့ကြီးမှ Tim Fry ဆိုသူက နေ့လယ်စာ စားပြီးချိန်နဲ့ ညစာစားပြီးချိန်တွေမှာ ကလေးတွေကို ဖုန်းမသုံးစေသင့်ပါဘူး။ ညအိပ်ရာမဝင်မီမှာလည်း မသုံးစေသင့်ပါဘူး။ Screen time တွေကို အနည်းဆုံးဖြစ် အောင်လျှော့ချရပါမယ်၊ ကလေးတွေရဲ့ ကျန်းမာဖွံ့ဖြိုးရေးတွေကို ထိခိုက်စေနိုင်မယ်။ ၂၁ ရာစုရဲ့စိန်ခေါ်မှုတစ်ခုပါပဲ"ဟု ဆိုပါသည်။

ကျွန်တော်တို့ ဆေးခန်းများမှာဖုန်းကြည့်၊ ဂိမ်းဆော့ကြပြီး ကျန်းမာရေးပြဿနာအမျိုးစုံကြုံနေရသော ကလေးငယ်များကို တွေ့နေရပါပြီ။ မိဘများကလေးနေအောင် အလိုလိုက် ထားကြရင်း ဖုန်းစွဲ၊ ဂိမ်းစွဲရသည့် လူမမယ်လေးများကို တွေ့နေရခြင်းဖြစ်ပါသည်။ အလွန်နုနယ်သောကလေးငယ်များမှာ မလိုလားအပ်သောပြဿနာများ မကြုံကြစေရန်အထူးသတိပြုထိန်းသိမ်းသင့်ပြီ ဖြစ်ပါသည်။

**ကျမ်းကိုး--Limit your child's screen time-By Alyssa Jung(Reader' s Digest-May 2017) Spending hours on phone -Laura Donnelly, The Telegraph.(telegraph.co.uk/news / 2016/12/14)**

## လူထုဗဟိုပြုစီမံကိန်းဖော်ဆောင်ရန်ကနီမြို့နှင့် ကျွန်းလှမြို့တို့အားရွေးချယ်

**မုံရွာ မေ ၁၂**

ကျေးလက်ဒေသဖွံ့ဖြိုးရန်အခြေခံလိုအပ်ချက်များဖြစ်သော လမ်း၊ တံတား၊ ရေ၊ မီး၊ ကျေးလက်အိမ်ရာ၊ စာသင်ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနစသည့် လိုအပ်ချက်များကိုအကောင်အထည်ဖော်ဆောင်နိုင်ရန် လူထုဗဟိုပြုစီမံကိန်းဖော်ဆောင်ရန်အတွက် ကနီမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့ကိုအတည်ပြုရွေးချယ်ခဲ့ကြကြောင်း စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ နှစ်မြို့နယ်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များက စုပေါင်း၍ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းပြည်အတွင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်နေသောကာလတွင် ကျေးလက်နေပြည်သူများ၏ လူမှုဘဝများသည်လည်းတိုးတက်ဖွံ့ဖြိုးပြီး ဆင်းရဲမှုကလွတ်မြောက်မှသာ အနာဂတ်ကာလတွင်မြို့ပြကျေးလက် ဖွံ့ဖြိုးမှုညီမျှသည့် တိုင်းဒေသကြီးအဖြစ် ရောက်ရှိလာမည်ဖြစ်သည့်အတွက် နိုင်ငံတကာအဖွဲ့အစည်းမှ လာရောက်ထောက်ကူသည့်ယခုကဲ့သို့ အခွင့်အလမ်းမျိုးကို အကျိုးရှိရှိအသုံးချသည့်အနေဖြင့်ကိုယ့်မြို့နယ်ကိုယ့်ဒေသအတွင်းမှ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက်ဝိုင်းဝန်းအကြံပြုကြရန်အရေးကြီးသလို ရွေးချယ်ခံရသည့်ကနီမြို့နယ်နှင့် ကျွန်းလှမြို့နယ်အတွင်းရှိကျေးရွာများအားလုံးတွင်လုပ်ငန်းများ အကောင်အထည်ဖော်ပါကလိုအပ်သည်များကိုဝိုင်းဝန်းပံ့ပိုးကူညီပြီး လူထုဗဟိုပြုစီမံကိန်းအောင်မြင်ရန် ဆောင်ရွက်ပေးကြပါဟု စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန်က ပြောသည်။

လူထုဗဟိုပြုစီမံကိန်းပထမနှစ်စက်ဝန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍သုံးမြို့နယ် ဒုတိယနှစ်စက်ဝန်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခြောက်မြို့နယ်၊ တတိယနှစ်စီမံကိန်း စက်ဝန်း ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ၁၈ မြို့နယ်၊ စတုတ္ထနှစ်စက်ဝန်း ၂၀၁၆-၂၀၁၇တွင် မြို့နယ် ၂၀ တို့ဖြစ်ပြီးယခုအခါ စုစုပေါင်း စီမံကိန်းမြို့နယ် ၄၇ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်အားဖူးမြော်

**ရန်ကုန် မေ ၁၂**

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများမှ စာကြည့်တိုက်မှူးများညီလာခံကို မြန်မာနိုင်ငံကလာမည့် ၂၀၁၈ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး၊ ဒုတိယအကြိမ်အမှုဆောင်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အတူ မေ ၉ရက်က ရွှေတိဂုံစေတီတော်သို့ ရောက်ရှိလာပြီးပန်း၊ ရေချမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ဇော်မင်းလတ်**

## လွှတ်တော်ကိုယ်စားလှယ်များဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ပင်လည်ဘူး မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များဖလား ကျေးရွာအလိုက် ဘောလုံးပြိုင်ပွဲကို မေ ၁၀ ရက်က ပင်လည်ဘူးမြို့နယ် ဘောလုံးအားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

လွှတ်တော်ကိုယ်စားလှယ်များဖလား ကျေးရွာအလိုက် ဘောလုံးပြိုင်ပွဲတွင် ကျေးရွာများမှ အားကစားအသင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပြီး ပထမပွဲစဉ်အဖြစ် ဆိုင်ယာကြီးကျေးရွာအသင်းနှင့် ပဒဲကောကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုစားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ ဘောလုံးအားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**



## ရေသန့်သုံးစွဲလိုသူများ မြို့နယ်ရေသန့်တာဝန်ခံရုံးသို့ ရေမီတာလျှောက်ထားနိုင်

**ရန်ကုန် မေ ၁၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ရွှေပြည်သာမြို့နယ်တွင် ရေသန့်သုံးစွဲလိုသည့် ပြည်သူများအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရပ်ကွက်ကြီးနှစ်ရပ်ကွက်ခွဲပြီး ထပ်မံတိုးချဲ့ကာ ဒုတိယစီမံချက်အဖြစ် ရေသန့်ပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်မှု ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်၍ ရေသန့်သွယ်တန်းလိုသည့် ပြည်သူများ မြို့နယ်ရေသန့်တာဝန်ခံရုံးသို့ ရေမီတာလာရောက်စာရင်းပေးသွင်း လျှောက်ထားနိုင်ကြောင်း မေလပထမပတ်က သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အများပြည်သူ ရေသန့်သုံးစွဲခွင့် ရရှိရေးအတွက် ပထမစီမံချက်ကိုအင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) က ဦးဆောင်၍ တာဝန်ယူကာ ရပ်ကွက်ပေါင်း ၁၄ရပ်ကွက်ကို ရေသန့်ရရှိအောင် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ရာ ရေမီတာဖိုး ငွေကျပ် ၁၀၅၀၀၀ ပေးသွင်းပြီး ရေသန့်သုံးစွဲခွင့် ရရှိခဲ့ကြသည်ဟု သိရသည်။

"အခု ဒုတိယစီမံချက်မှာတော့ ရေမီတာဖိုးပေးသွင်းငွေက ငွေကျပ် ၁၁၀၀၀၀ ပါ။ ယခင်ရေမီတာဖိုးနဲ့ စာရင် နည်းနည်းများတာပေ့ါ။ ဈေးတက် ရတဲ့ အကြောင်းကလည်း ရေမီတာနဲ့ ဆက်စပ် လုပ်ငန်းတွေမြင့်တက်လာလို့ပါ။ နောက် တစ်ချက်က ပထမရေသန့်ပေးဝေ တဲ့ စီမံချက်က ပြည်သူတွေကို ဦးစားပေး တဲ့အနေနဲ့ လာလျှောက်သူတိုင်းကို ချက်ချင်းလျှောက်လွှာတင် ငွေသွင်းပြီးတာနဲ့ ရေပိုက်ဖောက်သွယ်တန်းပြီး ရေသန့်သုံးစွဲခွင့်ရအောင် ဆောင်ရွက်ပေးခဲ့တယ်။

ဒုတိယစီမံချက်မှာတော့ ဒီလို မဟုတ်ဘဲ စာရင်းယူစိစစ်ဆုံးဖြတ်ပြီးတော့မှ ပြည်သူတွေလျှောက်လွှာ ငွေသွင်းရမှာပါ။ ဒါကြောင့် လာလျှောက်တဲ့သူတွေကို အိမ်ထောင်ဦးစီး၊ အမည်၊ အိမ်လိပ်စာ၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်သာ တောင်းခံပါတယ်"ဟု မြို့နယ်ရေသန့်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေပြည်သာ မြို့နယ်သည် ရပ်ကွက်ပေါင်း ၂၃ ရပ် ကွက်၊ကျေးရွာအုပ်စုလေးအုပ်စုဖြင့် ဖွဲ့စည်းထားသော မြို့နယ်တစ်ခု ဖြစ်သည်။ ယခုအခါ ရေသန့်သုံးစွဲခွင့်ကို ရပ်ကွက် ပေါင်း ၁၆ရပ်ကွက်မှ ပြည်သူများရရှိပြီ ဖြစ်ကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**



## ကံတော်ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**မြင်းခြံ မေ ၁၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကံတော်ကျေးရွာတွင် လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို မေ ၁၀ ရက်နံနက်က ကျင်းပခဲ့ပြီး မန္တလေးတိုင်း ဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူတို့မှဖဲကြိုးဖြတ်ဖွင့် လှစ်ပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာ ဇော်မြင့်မောင်နှင့် ဝန်ကြီးများသည် လျှပ်စစ်မီးလင်းရေး ကုသိုလ်ပြုလှူဒါန်းသော ကံတော်ရွာဇာတိ၊ ရန်ကုန်မြို့ စိန်ရတနာဓမ္မာစရိယစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သာသနဝရ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဆရာတော် ဘဒ္ဒန္တသာသနဝရမှ ဝမ်းမြောက်ကြောင်း သြဝါဒမိန့်ကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လျှပ်စစ်မီးရရှိသည့် ကျေးရွာများသည် ဖွံ့ဖြိုးတိုးတက်မှု၏ အဓိက အထောက်အပံ့ဖြစ်ကြောင်း၊ ရရှိသည့် လျှပ်စစ်မီးကို အကျိုးရှိစွာ စနစ်တကျ အသုံးပြုရေး စသည်တို့ကို ပြောကြားခဲ့သည်။

ကံတော်ကျေးရွာတွင်တပ်ဆင်ထားသော ထရန်စဖော်မာသည် ၂၂၀ ကေဗွီအေဖြစ်ပြီး ကျေးရွာရှိအိမ်အားလုံး ၈၁ လုံးအပြင်၊ စာကြည့်တိုက်၊ စုပေါင်းသိုလှောင်ရုံတို့ကိုပါ လျှပ်စစ်မီတာများတပ်ဆင်အသုံးပြုလျက်ရှိပြီး ကျေးရွာရှိပြည်သူများကလည်း ဝမ်းသာနေကြောင်းသိရှိရ သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

**ထားဝယ် မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကိုမေ ၉ ရက်ညနေ ၄ နာရီက ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားဥ္စကျင်းပသည်။

ဗိုလ်လုပွဲတွင် အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ၌ ကော့သောင်း(က)အသင်းနှင့် မြိတ်(က)အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ကော့သောင်း(က)အသင်းက မြိတ်(က)အသင်းကို (၂)ပွဲ(၁)ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပပြီး အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကျွန်းစုမြို့နယ်အသင်း၊ ဒုတိယဆုရရှိသည့်မေတ္တာမြို့ အသင်းနှင့် ပထမဆုရရှိသည့် မြိတ်မြို့နယ်အသင်း၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသည့် ထားဝယ်(ခ)အသင်း၊ ဒုတိယဆုရရှိသည့် ကော့သောင်းမြို့နယ်(က)အသင်း၊ ပထမ ဆုရရှိသည့် ထားဝယ်(က)အသင်း၊ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသည့် ထားဝယ်(ခ)အသင်း၊ ဒုတိယဆုရရှိသည့်မြိတ်(က)အသင်း၊ ပထမဆုရရှိသည့် ကော့သောင်း( က )အသင်းတို့အား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကိုလည်းကောင်း၊ ပထမဆုရအသင်းများအား တံခွန်စိုက်ဆုဖလားကိုလည်းကောင်း တာဝန်ရှိသူများက ချီးမြှင့်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော်တွင် ဇွန်လအတွင်းကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
**(တိုင်းဒေသကြီး ပြန်/ဆက်)**

## ရွာလယ်လမ်းမကြီးကို ကိုယ့်အားကိုယ်ကိုးပြုပြင်

**တိုက်ကြီး မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ စန်းရွာကျေးရွာအုပ်စု ရေအိုးစဉ်ကျေးရွာတွင် လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်က ဖောက်လုပ်ခဲ့သော ရွာလယ်လမ်းမကြီးမှာ ရေတိုက်စား၍ ပျက်စီးကာ သွားလာရေးခက်ခဲလာသဖြင့် ကျေးရွာလူထုမှ ကိုယ့်အားကိုယ်ကိုး မြေဖို့၍ မြေသားလမ်းဖွင့်ပွဲကို မေ ၉ ရက်က အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။

ဖွင့်ပွဲတွင် အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလွင်စိုးမင်းနှင့် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်မြင့်တို့က က အမှာစကား ပြောကြားပြီး စန်းရွာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမှုံမှုံက လမ်းဆောင်ရွက်ခဲ့ခြင်းအကြောင်းနှင့် အလှူရှင်ဦးသာထူးက လှူဒါန်းခဲ့ခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဥက္ကံမြို့အုပ်ချုပ်ရေးမှူး ဦးချစ်မောင်မောင်ဦးတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ကျေးရွာ ရွာလယ်လမ်းသည် အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေရှိကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ခန့်က တော်လှန်ရေးအစိုးရနှင့် ကရင်အဖွဲ့များ တိုက်ပွဲဖြစ်ပွားနေစဉ် တင့်ကားများ၊ ကယ်ရီယာချိန်းကားများ သွားလာရန် ရွာလယ်လမ်းကြီးကို ဘူဒိုဇာထိုး၍ လမ်းဖောက်ခဲ့ကြောင်း၊ တဖြည်းဖြည်း ရေတိုက်စားပြီး ရေမြောင်းကြီးဖြစ်ပေါ်လာခဲ့ရာ အနက် ၁၂ ပေအထိ ရှိလာ၍ သွားလာရန်ခက်ခဲခဲ့သဖြင့် အလှူရှင်ဦးသာထူး မိသားစု၏ မတည်ငွေ ကျပ်သိန်းလေးဆယ်၊ ကျေးရွာလူထုက စုပေါင်းအလှူငွေ ကျပ်သိန်းနှစ်ဆယ်တို့ဖြင့် လူထုလုပ်အားများ ပေါင်းစပ်ကာ ၈ ရက်ကြာ မြေသားဖို့ ပြုပြင်ခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

## မိတ္ထီလာကန်ပတ်ဝန်းကျင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်



**မိတ္ထီလာ မေ ၁၂**

မိတ္ထီလာကန်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းခြေ လှမ်းတစ်ရပ်အဖြစ် မေ ၁၁ ရက် နံနက် ၇ နာရီခွဲက ကန်ပတ်ဝန်းကျင်စုပေါင်းအမှိုက်ကောက်သိမ်းခြင်းကို နယ်သာလန်နိုင်ငံမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မိတ္ထီလာကန်ချစ်သူများ အသင်းသားများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ခဲ့သည်။

နယ်သာလန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဆောက်အအုံ ထိန်းသိမ်းရေးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီတို့ အနေဖြင့် ၂၀၁၃ ခုနှစ် မေလက ရေအရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာကို ရေးထိုးခဲ့ကြောင်း သိရသည်။

"အဲဒီနားလည်မှု စာချွန်လွှာအရ မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ဖို့ နယ်သာလန်နိုင်ငံကကူညီတယ်။ မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရှေ့ပြေးစီမံကိန်းမှာ လုပ်ငန်းသုံးခုပါတယ်။ လုပ်ငန်းသုံးခုမှာ တစ်ခုက ကန်ရေဝေရေလဲဒေသမှာ မြေဆီလွှာထိန်းသိမ်းဖို့၊ ဒုတိယတစ်ခုက မိတ္ထီလာကန်ပတ်ဝန်းကျင်မှာ အမှိုက်သရိုက်တွေသန့်ရှင်းဖို့၊ အမှိုက်သရိုက်တွေသန့်ရှင်းဖို့ ဆောင်ရွက်တဲ့နေရာမှာ ပြည်သူလူထုပူးပေါင်းဆောင်ရွက်ဖို့၊ နောက်တစ်ခုက မိတ္ထီလာကန်ရေရသောက် ဒေသခံတောင်သူတွေ အနေနဲ့ စိုက်ပျိုးရေအနည်းသာလိုအပ်ပြီး ရာသီဥတုဒဏ်ခံနိုင်တဲ့သီးနှံတွေ ပြောင်းလဲစိုက်ပျိုးရေး ပညာပေးဖို့ဆိုပြီးပါတယ်။ အဲဒီလုပ်ငန်းသုံးခုထဲက တစ်ခုဖြစ်တဲ့ ကန်ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ ရည်ရွယ်ချက်နဲ့ မိတ္ထီလာကန်ပတ်ဝန်းကျင်အနီးတစ်ဝိုက်ကို စုပေါင်းအမှိုက်ကောက်သိမ်းတာပါ" ဟု နယ်သာလန်တွင် နိုင်ငံတွင်အခြေစိုက်သည့် Water Business Line, Haskoning DHV Myanmar မှ အဖွဲ့ခေါင်းဆောင်ကိုကျော်လင်းထက်က စုပေါင်း အမှိုက်သိမ်းခြင်းနှင့် ပတ်သက်၍ ပြောသည်။

မိတ္ထီလာကန် ပတ်ဝန်းကျင်စုပေါင်းသန့်ရှင်းရေး အမှိုက်ကောက်သိမ်းရေးဆောင်ရွက်ရာတွင် နယ်သာလန်နိုင်ငံသား Mr.Luuk Brinkman၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတာဝန်ရှိသူများ၊ စည်ပင်ဝန်ထမ်းများ၊ မိတ္ထီလာကန်ချစ်သူ အသင်းသားအသင်းသူများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ NLD လူငယ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။
**ချမ်းသာ (မိတ္ထီလာ)**

## ကလေးမြို့တွင် တတိယအကြိမ် လူငယ်ညီလာခံနှင့် လူငယ်များနိုးထမှုသင်တန်း စည်ကားစွာကျင်းပ



**ကလေး မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အဂ္ဂါပယ်ဇေဝဲဂေလီ လူငယ်များအဖွဲ့မှကြီးမှူးစီစဉ်သည့် တတိယအကြိမ် လူငယ်ညီလာခံနှင့် ခရစ်ယာန်ဂိုဏ်းပေါင်းစုံလူငယ်များ နိုးထမှုသင်တန်း(Youth Conference -Touching Life) ကို မေ ၉ ရက် ည ၇ နာရီက သဇင်ရပ်ကွက်ရှိ AMC(Agape AG)အသင်းတော်၌ ကျင်းပသည်။

မြန်မာနိုင်ငံခရစ်ယာန်ဧဝံဂေလိ(အေဂျီ)သာသနာကောင်စီအဖွဲ့ဝင်(ကလေးမြို့ Agape AG သင်းအုပ်ဆရာကြီး) သိက္ခာတော်ရဆရာတော် ဦးဂိုဇနန်က နိုင်ငံတော် ခေတ်မီဖွံ့ ဖြိုးတိုးတက်လာရေးအတွက် ယနေ့ မျိုးဆက်သစ်လူငယ်များသည် အနာဂတ်တွင် ဘက်စုံထူးချွန်ထက်မြက်သော အမိနိုင်ငံ့သားကောင်းရတနာများဖြစ်လာကြရန်၊ လိမ္မာယဉ်ကျေး၍စာရိတ္တကောင်းမွန်ပြီး ကောင်းကျိုးမပေးသော မူးယစ်ဆေးဝါးနှင့် ဒုစရိုက်များကို လုံးဝရှောင်ရှားကြရန်၊ လူမှုဆက်ဆံရေးကောင်းမွန်ပြီး ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ရင့်ကျက်ရန်၊ ယနေ့ မျိုးဆက်သစ်လူငယ်လူရွယ်များ အနာဂတ်ရည်မှန်းချက်ပန်းတိုင်သို့ ရည်မှန်းချက်ကြီးမားစွာထား၍ မှန်ကန်သော အသက်တာဖြင့် လျှောက်လှမ်းကြရန်လိုအပ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

"ကျွန်တော်တို့ ၂၀၁၅ ခုနှစ်ကစပြီး ပထမအကြိမ် လူငယ်ညီလာခံကို အစပြုကျင်းပခဲ့တာ အခုဆိုရင် တတိယအကြိမ်မြောက်ဖြစ်ပါတယ်။ အရင်နှစ် ညီလာခံတွေကို ပြန်သုံးသပ်တဲ့အခါ စိတ်ပါဝင်စားစွာနဲ့ ရပ်နီးရပ်ဝေးကနေ လာရောက်ပါဝင်ကြတယ်။ လူငယ်မြောက်များစွာ မူးယစ်ဆေးဝါးကျေးကျွန်ဘဝကနေ လွတ်မြောက်ပြီး သမ္မာတရားဘက်ကို ရပ်တည်နိုင်ဖို့ ရည်ရွယ်ချက်တစ်ရပ်အနေနဲ့ အဓိကထားပြုလုပ်တာ ဖြစ်ပေမယ့်လည်း လူငယ်တွေဟာ ဘာသာတရားနဲ့ လူမှုပေါင်းသင်းဆက်ဆံရေးတွေမှာ အသိတရားတွေ၊ ဆင်ခြင်တုံတရားတွေ၊ အတွေးအခေါ်တွေ ရှင်သန်လာပြီး အမှားနဲ့အမှန် ဝေဖန်ပိုင်းခြားတတ်လာတယ်။ အပြစ်ဒုစရိုက်နွံထဲကနေ လွတ်မြောက်လာကြတယ်။ လမ်းမှားတဲ့အပြစ်နွံထဲ နစ်မွန်းမနေတော့ဘဲ လမ်းမှန်တဲ့ဘဝအသက်တာကို ပြောင်းလဲလျှောက်လှမ်းလာတာတွေ မြင်နေရ၊ ကြားနေရတော့ အခုလို အကျိုးသက်ရောက်မှုများစွာရှိတဲ့အတွက် ဒီနှစ်မှာလည်း တတိယအကြိမ်လူငယ်ညီလာခံကိုပြုလုပ်ရခြင်းဖြစ်ပါတယ်"ဟု အဂ္ဂါပယ်ဇေဝဲဂေလီလူငယ်များအဖွဲ့ လူငယ်ညီလာခံဖြစ်မြောက်ရေးအဖွဲ့ခေါင်းဆောင် ဆရာခိုင်ပီးက ပြောသည်။

အဆိုပါညီလာခံတွင် Dream Ministry International မှ သိက္ခာတော်ရဆရာဒေးဗစ်လားနှင့် တေးဂီတလူငယ်အဖွဲ့၊ Full Gospel Assembly (Singapore)မှ သိက္ခာတော်ရဆရာဒေးဗစ်ကိမ်းပေါင်တို့က အနာဂတ်အတွက် အသက်တာ ထိတွေ့တို့ထိခြင်းခံရသော မျိုးဆက်သစ်လူငယ် ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးကြပြီး ယင်းညီလာခံကို မေ ၉ ရက်မှ မေ ၁၁ ရက်အထိ ကျင်းပခဲ့ကြောင်း၊ ကလေးမြို့နယ်အပြင် ချင်း ပြည်နယ်၊ တမူး၊ ဂန့်ဂေါ၊ မော်လိုက်မြို့နယ်တို့ရှိ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားပေါင်းစုံ လူငယ်မောင်မယ် ၁၂၀၀ ခန့် တက်ရောက်ကြကြောင်း ကလေးမြို့ အမှတ်(၂) ဧဝံဂေလိသာသနာ့နယ်မှ လူငယ်ဥက္ကဋ္ဌ ဆရာဆောမ်းပူထံမှ သိရသည်။ **နေစု(ချင်းရိုးမ)**

## နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်



**လေရှီး မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် မိုပိုင်းလွတ်မြို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိခြင်းကြောင့် ဒေသခံများဘဝ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

ယခုအခါ နယ်စပ်ဒေသရှိလမ်းများ ဖောက်လုပ်ခြင်း၊ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သည့် ချောင်းကူးတံတားများ တည်ဆောက်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။ ဖာဖုတ်-မိုပိုင်းလွတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ် ၁၅၉ သန်းဖြင့် ကားလမ်းအရှည် လေးမိုင်ကို ခင်းကျင်းလျက်ရှိကြောင်း သိရသည်။
**ရှိန်းလေး**

## ကဆုန်ညောင်ရေသွန်းပွဲများ တစ်နိုင်ငံလုံးတွင်ကျင်းပ

**မိုင်းယု**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့ရှိ ပြည်သူများသည် မေ ၁၀ ရက်က ရှမ်းရိုးရာဓလေ့ဖြင့် မဟာဗောဓိရွှေညောင်ပင်၌ ရေသွန်းလောင်းကြပြီး ဆီမီးများ ပူဇော်ခြင်း၊ ဝတ္ထုငွေများကပ်လှူခြင်း၊ သံဃာတော်များ ပင့်ဆောင်၍ ပရိတ်တရားတော်များ နာကြားခြင်းတို့ဖြင့် မိုင်းယုရိုးရာဓလေ့ညောင်ရေသွန်းပွဲကို နှစ်စဉ်ကဆုန်လပြည့်နေ့တွင် ကျင်းပလေ့ရှိကြောင်း သိရသည်။
**ကိုကိုနိုင်(ပြန်/ဆက်)**

---

**ဖြူး**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့တွင် မေ ၁၀ ရက်က ကဆုန်ညောင်ရေသွန်းပွဲများ ကျင်းပကြရာ ဗိုလ်ချုပ်နှင့်ဗထူးရပ်ကွက်အနီးရှိ ရွှေမဟာဗောဓိကျောင်း တိုက်အတွင်း လွန်ခဲ့သောနှစ်ပေါင်း၁၀၀ကျော်ကတည်ထားကိုးကွယ်ခဲ့သော စူဠာမဏိစေတီတော်အတွင်းရှိ မဟာဗောဓိညောင်ပင်ကို ပြည်သူအများက သဒ္ဓါထက်သန်စွာ ရေလောင်းလှူကြသည်။ကဆုန်ညောင်ရေသွန်းလောင်းကုသိုလ်ယူသူ ၁၀၀၀ ကျော်တို့အား အလှူရှင်များက အချိုရည်များနှင့် မုန့်များကိုကျွေးမွေးလှူဒါန်းကြသည်။ အလားတူ ဘူတာတောင်ရပ်ကွက်ရှိ ရွှေကျင်ပရိယတ္တိစာသင်တိုက်၊ ရွှေကျင် ဘုရားဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်ကြီးတွင်လည်း ရေသွန်းလောင်းသူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။
**မြင့်ဦး**

---

**ကျောက်တန်း**
ကျောက်တန်းမြို့ရှိရှေးဟောင်းသမိုင်းဝင်စေတီတော်များမှဂေါပကအဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်ကာလ ပါဒဘုရင်များစတင်တည်ထားကိုးကွယ်သည့် ကျောက်တန်းမြို့အလယ်ပိုင်းရပ်ကွက် ကျိုက်ပြာသာဒ်တန့်(မင်းကျောင်း)စေတီကုန်းတော်ရှိ မဟာဗောဓိပင်အား ကျောင်းသူ ကျောင်းသားများ၊ ပြည်သူများက မေ ၁၀ ရက်တွင် ညောင်ရေသွန်းလောင်းပူဇော်ကြရာ စေတနာရှင်များက အအေးနှင့်မုန့်များဖြင့် ဧည့်ခံခဲ့ကြကြောင်း သိရသည် ။
**(၀၁၉)**

---

**မိုင်းဖြတ်**
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့တွင် မိုင်းဖြတ်မြို့နယ်ဝမ်လုံးအုပ်စုရှိသမိုင်းဝင် မိုက်ဆီကျိုင်းမိုင်း စေတီတော် ပရဝဏ်အတွင်းရှိ ဗောဓိညောင်ပင်၌ မေ ၁၀ရက် မွန်းလွဲ ၃ နာရီက ကဆုန်ညောင်ရေ သွန်းပွဲကို ကျင်းပရာ မြို့နယ်တာဝန်ရှိသူများနှင့် ဒေသခံများ ကဆုန်ညောင်ရေသွန်းခြင်းဖြင့် ပါဝင်ကုသိုလ်ပြုခဲ့ကြောင်း သိရသည်။
**သန်းထွန်းအေး (မိုင်းဖြတ်)**

---

**သဃ်ာန်းကျွန်း**
ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ် ရှေးဟောင်းသမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်ကြီး၏ (၁၁၇)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက်က ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်နှင့်တာဝန်ရှိသူများက စေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်ရင်း၌ ကဆုန်ညောင်ရေများ သွန်းလောင်းပူဇော်ကြသည်။
**တင်ကြည်(သဃ်ာန်းကျွန်း)**

---

**တာမွေ**
တာမွေမြို့နယ်ရှိ ဆုတောင်းပြည့်နန္ဒဝန်စေတီဘုရားတွင် မေ ၁၀ ရက်က ကဆုန်လပြည့်နေ့ညောင်ရေသွန်းပွဲတော်ကို ကျင်းပခဲ့သည်။ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော်ကို မြို့နယ်တွင်း ပြည်သူများပါဝင်ခြင်း၊ ဘုရားဖူးလာကြသူများ ညောင်ရေသွန်းပွဲတော်တွင်ပါဝင်ကြခြင်းတို့ကြောင့် ဘုရားရင်ပြင်နှင့် ဘုရားဝင်းအတွင်း စည်ကားလျက်ရှိသည်။
**လှလှ**

---

**မော်လမြိုင်ကျွန်း**
မော်လမြိုင်ကျွန်းမြို့နယ်၏ ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို မေ ၁၀ ရက် မှစတင်ကာ မော်လမြိုင်ကျွန်းမြို့ အောင်ဇေယျလမ်းမကြီးတစ်လျှောက်ရှိ ပြည်လုံးချမ်းသာ နှစ်ကျိပ်ရှစ်ဆူဆုတောင်းပြည့်ဘုရားရှိ ဗောဓိညောင်ပင်နှင့် လောကသကျမာရဇိန်ဘုရား ဗောဓိညောင်ပင်တို့တွင် ညောင်ရေသွန်းလောင်းခဲ့ကြသည်။ ထို့ပြင် ပြည်တော်အေးမြို့ဦးစေတီ ကျွန်းလုံးကပ်ကာစေတီနှင့် ကျိုက်ပိ ကျေးရွာ၊ ကျော်ဇံကျေးရွာ၊ လှိုင်းဘုန်းကျေးရွာနှင့် ကညင်ခဲကျေးရွာတို့တွင်လည်း ကဆုန်ညောင်ရေသွန်းပွဲတော်များကို ကျင်းပခဲ့ကြသည်။
**မော်ကျွန်း-မြင့်အောင်**

---

**ညောင်လေးပင်**
ဗုဒ္ဓကလျာဏယုဝအသင်းကြီးက ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၁၀ ရက်က ကျင်းပရာ ညောင်လေးပင်မြို့ရှိ လူမှုရေး၊ ဘာသာရေး၊ ပညာရေးစသည့် အဖွဲ့အစည်းများမှ ကျောင်းသားကျောင်းသူများနှင့် ဗုဒ္ဓဘာသာဝင်များ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ညောင်ရေအိုးများကို ကိုင်ဆောင်၍ မြို့တွင်းသို့ စီတန်းလှည့်လည်ကာ မဟာတိလောကသယမမ္ဘု ဘုရားဝင်းအတွင်း ဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်း ကုသိုလ်ယူခဲ့ကြသည်။
**ခင်အောင်လှိုင်(ညောင်လေးပင်)**

---

# မြန်မာ့စိုက်ပျိုးရေးကဏ္ဍပိုမိုအောင်မြင်စေရေး ဆွေးနွေး



**နေပြည်တော် မေ ၁၂**
စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများအသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် နှစ်ပတ်လည်ညှိနှိုင်းအစည်းအဝေးကို မေ ၉ ရက်က ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် ပုဂ္ဂလိကကဏ္ဍရှိ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရပညာရှင်များ တက်ရောက်ခဲ့သည်။

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရအသင်းကြီး တည်ထောင်လာခဲ့သည်မှာ ဆယ်စုနှစ်တစ်စုကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ အသင်းရုံးခွဲများကိုလည်း မြို့ကြီး ခုနစ်မြို့၌ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အသင်း၏ မူလရည်ရွယ်ချက်၌ တစ်ခုအပါအဝင်ဖြစ်သည့် တောင်သူများထံစိုက်ပျိုးရေး နည်းပညာများ ပြန့်ပွားရောက်ရှိနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အသင်းသားများပိုမိုများပြားလာအောင် စည်းရုံးသွားရန်လိုအပ်သကဲ့သို့ အသင်းဝင်အသစ်များဖြစ်သည့် ဘွဲ့ရပုဂ္ဂိုလ်များ အလုပ်အကိုင်ရှာဖွေရာတွင် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့စိုက်ပျိုးရေးကဏ္ဍပိုမိုအောင်မြင်စေရန်၊ ကျေးလက်နေပြည်သူများနှင့် တစ်သားတည်းဖြစ်စေရန် ရည်မှန်းဆောင်ရွက်သွားနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း အသင်းဥက္ကဋ္ဌ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောသည်။

"အသင်းရုံးခွဲတွေဖွင့်လှစ်နိုင်ခဲ့တာ တိုးတက်မှုတစ်ခုပါ။ ရုံးခွဲတွေအလိုက် အလုပ်အမှုဆောင်ကော်မတီဝင်တွေနဲ့ ဖွဲ့စည်းနိုင်ခဲ့တာလည်း ကောင်းပါတယ်။ ဒါပေမယ့် ဆွေးနွေးချက်တွေကို လက်တွေ့ အကောင်အထည်ဖော်ဖို့နဲ့ တောင်သူ အကျိုးပြုလုပ်ငန်းတွေ အောင်မြင်အောင် လုပ်ပေးဖို့တော့ လိုနေပါသေးတယ်" ဟု အစည်းအဝေးတက်ရောက်ခဲ့သူများထဲမှ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ပြောကြားသည်။

"စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရအသင်းကြီး ရှင်သန်ကြီးထွားလာစေရန် တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့ကြတာ အခုဆို ရုံးခွဲခုနစ်ရုံးဖွင့်လှစ်နိုင်ခဲ့ပြီ၊ ဒါအောင်မြင်မှုပါပဲ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ရုံးခွဲများ အောင်မြင်ဖို့အတွက် ဗဟိုအနေနဲ့လည်း ပံ့ပိုးပေးဖို့လိုပါတယ်၊ အသင်းဝင်များတောင့်တင်းရေး၊ ဘဏ္ဍာငွေကြေးတောင့်တင်းရေး စတာတွေလည်း လုပ်ဖို့လိုပါတယ်။ ၂၀၂၄ ခုနှစ်ဆိုရင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တည်ထောင်ခဲ့တာ နှစ် ၁၀၀ ရှိပါပြီ။ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အနေနဲ့အများပြည်သူလေ့လာကြည့်ရှုနိုင်မယ့် နိုင်ငံတော်အဆင့် စိုက်ပျိုးရေးပြတိုက်မျိုး တည်ထောင်ဖွင့်လှစ်နိုင်ဖို့ ကြိုးစားသွားမယ်ဆိုရင် ဖြစ်နိုင်ပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ပြောသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အသင်းနာယကများ ဖြစ်ကြသည့် ဦးအုန်းသန်း (အငြိမ်းစားဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)၊ ဒေါက်တာစိန်လှဗိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းနှင့်ပြည်နယ်ဦးစီးမှူးများ၊ စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။
**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မေမိုးသဲ**

---

# သထုံမြို့နယ် တောင်အရှေ့ကျေးရွာများ လျှပ်စစ်မီးရရှိ

**သထုံ မေ ၁၂**
သထုံမြို့နယ် တောင်အရှေ့ကျေးရွာများဖြစ်သော ထောင်မှူး၊ တံတားဦးနှင့် ဈေးမသွယ်ကျေးရွာများ၏ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက်က သထုံမြို့နယ် ထောင်မှူးကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ထောင်မှူးကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးကောဝိဒက ဩဝါဒကထာ မြွက်ကြားပြီး မီးခလုတ်ဖွင့်လှစ်၍လည်းကောင်း၊ တက်ရောက်လာကြသော လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များက ဖဲကြိုးဖြတ်၍ လည်းကောင်းဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်သော လျှပ်စစ်မီးသည် ကျေးရွာသူကျေးရွာသားများ စုပေါင်းထည့်ဝင်ငွေနှင့် ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ၁၁ ကေဗွီ လိုင်း ၄ ဒသမ ၂ မိုင်၊ ၄၀၀ ဗို့လိုင်း ၃ ဒသမ ၅ မိုင်နှင့် 11/0.4 KV 100KVA X' mer တစ်လုံး၊ 160 KVA X 'mer တစ်လုံး၊ 200 KVA ထရန်စဖော်မာ တစ်လုံး စုစုပေါင်းသုံးလုံးတည်ဆောက်ပြီး တန်ဖိုးငွေကျပ် ၁၉၉ သိန်းကျော် ကျသင့်ကာ လက်ရှိအိမ်ခြေ ၃၀၀ အားမီးပေးနိုင်ခဲ့ပြီး အိမ်ခြေ ၅၀၀ အထိမီးပေးနိုင်ကြောင်းနှင့် သတ်မှတ်စံချိန်စံညွှန်းကိုက်ညီစွာ တည်ဆောက်ထားကြောင်း သထုံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းမောင်က ပြောသည်။
**နန္ဒကျော်စွာ**

---

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ဒီဂျစ်တယ်သတင်းရေးသားပေးပို့ခြင်းဆိုင်ရာများဆွေးနွေး

**ပြည် မေ ၁၂**
ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှနေ့စဉ်ထုတ်ဝေလျက်ရှိသော သတင်းစာများ၌သတင်းရေးသားပေးပို့ခြင်းနှင့် အွန်လိုင်းစနစ်ဖြင့်ထုတ်ဝေမည့် ဒီဂျစ်တယ်သတင်းစာတွင် မြို့နယ်အသီးသီးရှိ သတင်းထောက်များအတွက် သတင်းများပေးပို့ခြင်းဆိုင်ရာ အလုပ်သဘော ဆွေးနွေးပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရွာဘဲရပ်ကွက် မူယာပင်ပန်းခြံရှိ ခေတ္တာရာ ရတနာမြို့တော်ခန်းမ၌ မေ ၉ ရက်က ကျင်းပခဲ့သည်။



အခမ်းအနားတွင် ကြေးမုံသတင်းစာတိုက်မှ စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်နှင့် ရုံးအဖွဲ့တာဝန်ရှိသူများက ဦးစီးကျင်းပခြင်းဖြစ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်မြို့နယ်အတွင်းရှိ သတင်းရေးသားသူများ နှင့် သတင်းရေးသားခြင်းကို စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့သည်။

စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်က ပြောင်းလဲလာသော ခေတ်စနစ်များနှင့်အညီ မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းကို လူတိုင်းနီးပါး သုံးစွဲလာကြခြင်းအပြင် နေ့စဉ်ဖြစ်ပေါ် လျက်ရှိသော သတင်းများကို အွန်လိုင်းမှတစ်ဆင့် ဖတ်ရှုလေ့လာကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် အွန်လိုင်းတွင်တင်သည့် သတင်းများမှာ မှန်ကန်သည့်သတင်းရှိသလို အခြေအမြစ် မခိုင်လုံသည့်သတင်းများပါဝင်တတ်သည့်အတွက် ပြည်သူများအနေဖြင့်ထင်ယောင်ထင်မှား ဖြစ်ပေါ်တတ်ခြင်းကြောင့် မိမိတို့သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နိုင်ငံနှင့်အဝန်း နေ့စဉ် ဖြစ်ပေါ်လျက်ရှိသော သတင်းများကို မှန်ကန်စွာဖြင့် နေ့စဉ်ထုတ်သတင်းစာများအပြင် အွန်လိုင်းပေါ်မှတစ်ဆင့် ဒီဂျစ်တယ်သတင်းစာအဖြစ် ထပ်မံလွှင့်တင်မည်ဖြစ်၍ သတင်းထောက်များအနေဖြင့် လိုအပ်ချက်များနှင့် သိရှိလိုသည်များကို ရှင်းလင်းဆွေးနွေးနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ဒီဂျစ်တယ်သတင်းများ ရေးသားရိုက်ကူးခြင်းနှင့် လက်တွေ့လေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**ကိုလွင်(ဆွာ)**

---

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ပြန်လည်လွှဲပြောင်း

**တာချီလိတ် မေ ၁၂**
ထိုင်းနိုင်ငံမှ တာချီလိတ်မြို့သို့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ မေ ၈ ရက် အထိ တရားမဝင်မြန်မာအလုပ်သမား ၅၀၀ ကျော် လွှဲပြောင်းပေးအပ်ခဲ့ပြီးကြောင်း လူကုန်ကူးမှုတားဆီးကာကွယ် ရေးအဖွဲ့မှ သိရှိရသည်။

အဆိုပါ လွှဲပြောင်းပေးအပ်သူများ အနက် မေ ၈ ရက်တွင် ထိုင်းနိုင်ငံမှ လဝကမှူး Pol.Cap Katichai Sansil နှင့် တာဝန်ရှိသူများက အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၉ ဦးတို့အား လွှဲပြောင်းပေးအပ်ခဲ့သည်။ ၎င်းတို့သည် ထိုင်းနိုင်ငံအတွင်း တာချီလိတ်-မယ်ဆိုင် ချစ်ကြည်ရေး တံတား (၁)မှ တံတားကူးလက်မှတ်ဖြင့် ဝင်ရောက်ခဲ့ပြီး တရားမဝင် နေထိုင်ခြင်း၊ ဒေသဖြတ်ကျော်ကာ တရားမဝင်ဖြတ်သန်းပြီး ထိုင်းနိုင်ငံ၊ ချင်းရိုင်၊ ချင်းမိုင်၊ ဖယောင်း၊ တပ်ဒ်၊ မယ်ဖလုံတို့တွင် အလုပ်လုပ်ကိုင်နေကြစဉ် ရှောင်တခင်စစ်ဆေးချက်အရ ထိုင်းတာဝန်ရှိသူများ၏ ဖမ်းဆီးအရေးယူခြင်းခံရကြောင်း သိရသည်။

အဆိုပါ အလုပ်သမား ၁၉ ဦးသည် မြန်မာနိုင်ငံမှ တာဝန်ရှိသူများ စစ်ဆေးချက်အရ လူကုန်ကူးခံရခြင်းမရှိကြောင်းနှင့် အခကြေးငွေရယူကာ စည်းရုံးပို့ဆောင်ပေးသူများ မရှိဘဲ ၎င်းတို့၏ ဆန္ဒဖြင့် ကိုယ်တိုင်သွားရောက်အလုပ်အကိုင်ရှာဖွေ လုပ်ကိုင်နေကြသူများဖြစ်ကြောင်းသိရသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ အစီအစဉ်ဖြင့် ၎င်းတို့၏ ဆွေမျိုးများထံ ခံဝန်ချက်ဖြင့် ပြန်လည်အပ်နှံခဲ့ပြီးကြောင်း သိရသည်။
**မြင့်မိုရ်(တာချီလိတ်)**

# အင်္ဂလန်နဲ့ ဂျာမနီလူငယ်တွေ အောင်ပွဲခံမယ့် ယူအီးအက်ဖ်အေ ယူ-၁၇ ကွာတားဖိုင်နယ်



ယူအီးအက်ဖ်အေ ယူ-၁၇ ဘောလုံးပြိုင်ပွဲကို ခရိုအေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေတာဟာ အခုဆိုရင် ကွာတားဖိုင်နယ်တွေအထိ ရောက်ရှိနေပြီဖြစ်ပါတယ်။ ခြေစစ်ပွဲ အောင်မြင်ခဲ့တဲ့အသင်း ၁၆ သင်းကို အုပ်စု (၄)စုဖွဲ့ပြီး မေ ၃ ရက်က စတင်ယှဉ်ပြိုင်နေပါတယ်။ အုပ်စု(A)မှာ စပိန်နဲ့ တူရကီတို့ တက်ရောက်လာခဲ့ပြီး အုပ်စု(B)မှာ ဟန်ဂေရီနဲ့ ပြင်သစ်တို့ တက်လာခဲ့သလို အုပ်စု(C)မှာ ဂျာမနီနဲ့ နယ်သာလန်၊ အုပ်စု(D)မှာ အင်္ဂလန်နဲ့ အိုင်ယာလန်အသင်းတွေ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာခဲ့ကြပါတယ်။ ကွာတားဖိုင်နယ်ပွဲစဉ်တွေကို မေ ၁၂ မှာ စပိန်နဲ့ တူရကီတို့ ကစားခဲ့သလို ဟန်ဂေရီနဲ့ ပြင်သစ်တို့လည်း ယှဉ်ပြိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။ အခု မေ ၁၃ ရက်မှာတော့ အင်္ဂလန်နဲ့ အိုင်ယာလန်၊ ဂျာမနီနဲ့ နယ်သာလန်တို့ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကြပါလိမ့်မယ်။

**အင်္ဂလန်နှင့် အိုင်ယာလန်**

အင်္ဂလန်လူငယ်ကစားသမားတွေဟာ အုပ်စုပွဲစဉ်မှာ ခြေစွမ်းပြနိုင်ခဲ့ကြပြီး ဂိုးသွင်းအားလည်း ကောင်းခဲ့ကြပါတယ်။ အင်္ဂလန်တို့က နော်ဝေကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့ပြီး ယူကရိန်းအသင်းကိုတော့ လေးဂိုးပြတ် အောင်ပွဲခံခဲ့ကြသလို နယ်သာလန်ကိုလည်း သုံးဂိုးပြတ်နဲ့ကျော်ဖြတ်ခဲ့ကြတာဖြစ်ပါတယ်။ ဒီသုံးပွဲမှာ အင်္ဂလန်လူငယ်တိုက်စစ်မှူးတွေဟာ ဂိုးပေါင်း ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့ကြပြီး ပေးဂိုး တစ်ဂိုးသာရှိခဲ့ကြပါတယ်။ အင်္ဂလန်လူငယ်ကစားသမားတွေအနက် ဆန်ချိုနဲ့ ဘလူးစတားတို့က ဂိုးသွင်းခြေစွမ်းကောင်းမွန်ကြသလို ဖိုဒန်ဟာလည်း အခွင့်အရေးရရင် ဂိုးသွင်းနိုင်သူပါ။ ဆန်ချိုဟာ သုံးပွဲမှာ သုံးဂိုးသွင်းယူထားနိုင်တာမို့ အခုကွာတားဖိုင်နယ်မှာသူ့ရဲ့ သွင်းဂိုးတွေကို သတိထား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ အင်္ဂလန်တို့က လက်ရှိချန်ပီယံ ယူကရိန်းကို လေးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့တဲ့ ခြေစွမ်းအပြင် ၂၀၁၀ နဲ့ ၂၀၁၄ ခုနှစ်တွေမှာ ချန်ပီယံဖြစ်ခဲ့တဲ့ သမိုင်းကြောင်းကောင်းတဲ့ ရလဒ်တွေကြောင့် အိုင်ယာလန်ကို အနိုင်ကစားဖို့ စိတ်ခတ်ခွန်အားတွေရှိနေတာတော့ အမှန်ပါပဲ။ အိုင်ယာလန်တို့ကတော့ ၂၀၀၈ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်တွေမှာ အုပ်စုအဆင့်အထိပဲ ကစားနိုင်ခဲ့တဲ့ မှတ်တမ်းရှိပြီး အုပ်စု(C)မှာ သုံးပွဲကစား တစ်ပွဲနိုင်နဲ့ ဂိုးကွာခြားချက်အရ အခုအဆင့်ကို တက်ရောက်လာနိုင်တာဖြစ်ပါတယ်။ အိုင်ယာလန်အသင်းမှာတော့ ရိုအာချီနဲ့ အိုင်ဒက်တို့က ဂိုးသွင်းနိုင်ကြသူတွေဖြစ်ပြီး နေရာစုံလည်း ကစားနိုင်ကြပါတယ်။ ဒါပေမယ့် တစ်ဦးချင်းရော၊ အသင်းလိုက်ပါအားကောင်းနေတဲ့အပြင် ဂိုးသွင်းခြေစွာတဲ့ အင်္ဂလန် လူငယ်တိုက်စစ်မှူးတွေကြောင့် အိုင်ယာလန်တို့ အခုပွဲဟာ နောက်ဆုံးနှုတ်ဆက်ရမယ့်ပွဲ ဖြစ်သွားပါလိမ့်မယ်။

**ဂျာမနီနှင့် နယ်သာလန်**

၂၀၀၉ ခုနှစ်က ယူအီးအက်ဖ်အေ ချန်ပီယံဆုရရှိခဲ့ပြီးနောက်ပိုင်း ချန်ပီယံဆုနဲ့ အလှမ်းဝေးကွာခဲ့တဲ့ ဂျာမနီဟာ အခုနှစ်မှာတော့ ယူအီးအက်ဖ်အေ ချန်ပီယံဖလားကို ရအောင်ယူဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။ အုပ်စု(C)မှာ ပါဝင်ခဲ့တဲ့ ဂျာမနီ လူငယ်တွေဟာ အုပ်စုပွဲစဉ်မှာ ဘော့စနီးယားနဲ့ ဟာဇီဂိုးဗီးယားအသင်းကို ငါးဂိုးပြတ်အနိုင်ယူပြီး ဆာဘီးယားအသင်းကိုတော့ သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့သလို အိုင်ယာလန်အသင်းကိုတော့ ခုနစ်ဂိုးပြတ်နဲ့ ဂိုးဒါဇင်ဝက်ကျော်သွင်းပြီး အောင်ပွဲခံတာဖြစ်ပါတယ်။ အုပ်စုပွဲစဉ်သုံးပွဲကို ၁၅ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဂျာမနီလူငယ်တိုက်စစ်မှူးတွေရဲ့ အားထုတ်မှုက အံ့အားသင့်စရာကောင်းနေပါတယ်။ ခံစစ်ပိုင်းကလည်း သိပ်သည်းပြီး စနစ်တကျကာကွယ်နိုင်တာမို့ အခုပွဲမှာ နယ်သာလန်တိုက်စစ်မှူးတွေအတွက် ဂိုးရဖို့ ခဲယဉ်းမှာတော့ အမှန်ပါပဲ။ နယ်သာလန်တို့ကတော့ ယူအီးအက်ဖ်အေယူ ၁၇ ချန်ပီယံဖလားကို ၂၀၁၁ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်တွေမှာ ချန်ပီယံဖြစ်ခဲ့ပြီးနောက် အခုနှစ်မှာ တစ်ကျော့ပြန်ရယူဖို့ ကြိုးစားနေတဲ့အသင်းဖြစ်ပါတယ်။ အခုနှစ်မှာတော့ နယ်သာလန်အသင်းဟာ အုပ်စု(D)မှာ ပါဝင်ခဲ့ပြီး ယူကရိန်းကို တစ်ဂိုး ဂိုးမရှိနဲ့နိုင်ပြီး နော်ဝေကို နှစ်ဂိုးစီသရေပွဲဖြစ်ကာ အင်္ဂလန်ကိုတော့ သုံးဂိုးပြတ်နဲ့ ရှုံးခဲ့ပြီး အခုအဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ နယ်သာလန်ဟာ ခံစစ်ပိုင်းအားနည်းနေပြီး လူငယ်တိုက်စစ်မှူးတွေကလည်း အခွင့်အရေးအသုံးချနိုင်မှုမှာ လိုအပ်ချက်တွေရှိနေဆဲပါပဲ။ လက်ရှိခြေစွမ်းအရ ဂျာမနီကပဲ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံသွားပါလိမ့်မယ်။ ။

**မိုးမြင့်လင်းလက်**

## ရီးရဲမက်ဒရစ်နဲ့ ဂျူဗင်တပ်စ်တို့ ချန်ပီယံလိဂ်မှာ တွေ့ကြပြီ



ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်မှာ အက်သလက်တီကိုက ရီးရဲမက်ဒရစ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့သော်လည်း ပထမအကျော့ ရီးရဲမက်ဒရစ်က သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့တဲ့အတွက် ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ပါတယ်။ ဇီဒန်းရဲ့ရီးရဲမက်ဒရစ်အသင်းဟာ ပထမအကျော့မှာ နှစ်ဂိုးအသွင်းခံထားရသော်လည်း ဘင်ဇီမာက ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့တဲ့အတွက် ရီးရဲမက်ဒရစ်တို့ ဗိုလ်လုပွဲတက်နိုင်ခဲ့ပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ ဗိုလ်လုပွဲသို့ ဆက်တိုက်တက်ရောက်နိုင်မှုဟာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဇီဒန်းရဲ့ ရီးရဲမက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ်ဖလားကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်တဲ့ ပထမဆုံးအသင်းဖြစ်လာဖို့ ရှိပါတယ်။ ပြင်သစ်ကလပ် မိုနာကိုအသင်းကို အနိုင်ရပြီး တက်လာတဲ့ ဂျူဗင်တပ်စ်နဲ့ ရီးရဲမက်ဒရစ်တို့ဟာ လာမယ့် ဇွန် ၃ ရက်မှာ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ကတော့ ချန်ပီယံဆု ပြန်လည်ဆွတ်ခူးနိုင်တဲ့အသင်းဖြစ်ဖို့ ရေကုန်ရေခန်းကြိုးစားမယ့်အနေအထားရှိပါတယ်။

## အလုပ်ဖြုတ်ခံခဲ့ရသော်လည်း ပေါင် ၁၀ သန်းအထိ ဝင်ငွေရခဲ့တဲ့ ဘင်နီတက်ဇ်

ဘင်နီတက်ဇ်ဟာ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမှာ နယူးကာဆယ်နဲ့အတူ ချန်ပီယံရှစ်တန်းဆင်းဇုန်မှာ စိတ်ပျက်စွာနဲ့ အဆုံးသတ်ခဲ့ရပါတယ်။ သူဟာ ရာသီအစမှာ ရီးရဲမက်ဒရစ် နည်းပြအဖြစ် ခြောက်လကြာ လုပ်ခဲ့ရာမှ ဇန်နဝါရီလမှာ အလုပ်ဖြုတ်ခံခဲ့ရပါတယ်။

သို့သော်လည်း ဘင်နီတက်ဇ်နေရာမှာ ဆက်ခံတဲ့ ဇီဒန်းက ရီးရဲမက်ဒရစ်ကို ချန်ပီယံလိဂ် ဗိုလ်လုပွဲအထိ ပို့ပေးနိုင်ခဲ့ပါပြီ။ ဒီအတွက် အလုပ်ဖြုတ်ခံခဲ့ရသော်လည်း ဘင်နီတက်ဇ်ဟာ ဆုကြေးငွေ ပေါင် ၅၀၀၀၀၀ ရရှိဦးမှာ ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်နဲ့ အတူ ပေါင် တစ်သန်းအထိ လစာရခဲ့ပါတယ်။ ဘင်နီတက်ဇ်ရဲ့ ယခုနှစ်လစာဝင်ငွေဟာ ဆုကြေးငွေတွေ အပါအဝင် ပေါင် ၁၀ သန်းအထိ ဝင်ငွေရခဲ့တယ်လို့ ဆိုပါတယ်။ ဘင်နီတက်ဇ်ဟာ ရီးရဲမက်ဒရစ်ကို ချန်ပီယံလိဂ် ဗိုလ်လုပွဲဆုဖလားရယူပေးနိုင်ခဲ့တဲ့အတွက် ပေါင် ၅၀၀၀၀၀ ရရှိခဲ့ပါတယ်။ သူဟာ နယူးကာဆယ်နဲ့အတူ ချန်ပီယံရှစ်ဖလားကိုလည်း ဆွတ်ခူးပေးနိုင်ခဲ့တဲ့အတွက် ဆုကြေးငွေတွေများစွာ ရယူနိုင်ခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## ဂျိုရှုအာနဲ့ စိတ်မကျေပွဲထိုးသတ်မယ်ဆိုတဲ့ ကလစ်ချ်ကို

ဧပြီလအတွင်းက ၁၁ ချီနဲ့ အလဲထိုးခံလိုက်ရတဲ့ ယူကရိန်း ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ကလစ်ချ်ကိုက သူ့အနေနဲ့ ဂျိုရှုအာကို ပြန်လည်ထိုးသတ်အနိုင်ယူလိမ့်မယ်လို့ မျှော်လင့်ထားကြောင်း အခိုင်အမာပြောဆိုလိုက်ပါတယ်။ ဂျိုရှုအာကို မကြာမီ ပြန်လည်စိန်ခေါ်ထိုးသတ်လိမ့်မယ်လို့လည်း သူက ဆိုပါတယ်။ သူ့အနေနဲ့ ၂၀၁၅ ခုနှစ်အတွင်း တိုင်စန်ဖူရီကို ရှုံးပြီး IBF နဲ့ WBA ချန်ပီယံခါးပတ်တွေကိုလည်း ပြန်လည်ရယူသွားဖွယ် ရှိပါတယ်။ ဗြိတိန်နိုင်ငံသား ဂျိုရှုအာဟာ ကလစ်ချ်ကိုအား ၁၁ ချီနဲ့ အလဲထိုးပြီးတဲ့နောက် ကြေးစားလက်ဝှေ့ကစားသမား ဘဝ အနိုင်ရမှုကို စံချိန်တင်ထားနိုင်ခဲ့ပါတယ်။ ဂျိုရှုအာနဲ့ စိတ်မကျေပွဲအဖြစ် မကြာမီ ပြန်လည်ထိုးသတ်သွားမယ်လို့လည်း ကလစ်ချ်က ဆိုပါတယ်။ ကလစ်ချ်ကိုဟာ ဟဲဗီးဝိတ်ချန်ပီယံလောကမှာ နှစ်ပေါင်းများစွာ စိုးမိုးထားတဲ့ ဟဲဗီးဝိတ် ချန်ပီယံလည်း ဖြစ်ပါတယ်။



# သွေးလွန်တုပ်ကွေး ကာကွယ်ရေးနှင့် မြို့တွင်းရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်



**ငါးသိုင်းချောင်း မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့တွင် မြို့လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုအဖြစ် သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့ပေါ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ မြို့တွင်းနေအိမ်တိုင်းရှိ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး/သွန်/လဲ/စစ် စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက်က မြို့မရပ်ကွက်နှင့် ရှေ့ဆောင်ရပ်ကွက်တို့တွင် အိမ်တိုင်ရာရောက် လိုက်လံဆောင်ရွက်ခဲ့ကြသည်။

မြို့လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုများကို မေ ၇ ရက်မှစတင်၍ ငါးသိုင်းချောင်းမြို့ပေါ် ရပ်ကွက်အလိုက်၊ လမ်းပိုင်းများအလိုက် အိမ်တိုင်းသို့ လိုက်လံဆောင်ရွက်ပေးလျက်ရှိပြီး မေလအတွင်း၌ မြို့လုံးကျွတ်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ငါးသိုင်းချောင်းမြို့တွင် အဆိုပါ မြို့လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုအပြင် မိုးရာသီကာလအတွင်း မြို့တွင်း၌ ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် ရွှေတောင်လမ်းရှိ မြို့တွင်းပင်မရေထုတ်မြောင်း တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကိုလည်း ငါးသိုင်းချောင်းမြို့ စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



# မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်၌ ကဆုန်လပြည့်နေ့က ညောင်ရေသွန်းလောင်းသူများဖြင့် အထူးစည်ကား

**မြဝတီ မေ ၁၂**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်များသည် အစဉ်အလာမပျက် ညောင်ရေသွန်းပွဲတော်များကို နိုင်ငံအနှံ့ ကျင်းပလျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီးတွင်လည်း ကဆုန်ညောင်ရေသွန်းပွဲတော် အခမ်းအနားကို မေ ၁၀ ရက်က ကျင်းပခဲ့ပြီး ညောင်ရေသွန်းလောင်းသူများ၊ စေတနာရှင်ဒါန ပြုသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ကဆုန်ညောင်ရေသွန်းပွဲ အခမ်းအနားတွင် ဘုရားကြီးကျောင်းဆရာတော်က ညီ့ပရိသတ်များအား သီလချီးမြှင့်ပြီး ပြည်နယ်သံဃနာယကအကျိုးတော်ဆောင် ဆရာတော်က ကဆုန်ညောင်ရေသွန်းလောင်းမှု ဖြစ်ပေါ်လာပုံ တရားတော်ကို ဟောကြားကာ တာဝန်ရှိသူများက ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့(ခ်) ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာစူထားနှင့် တာဝန်ရှိသူများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ ဝတ်ရွတ်အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ရွှေမြင်းဝန်စေတီတော်ကြီး မဟာဗောဓိညောင်ပင်တွင် ညောင်ရည်သွန်းလောင်းပူဇော်ကြပြီး အလှူရှင်များကလည်း ညောင်ရေသွန်းသူများအား မုန့်နှင့် အအေးမျိုးစုံကို စေတနာ လှူဒါန်းခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မွေးမြူရေးနှင့်သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် စံချိန်စံညွှန်းမှန်များရရှိရန် လိုအပ်ချက်များရှိနေ

**မကွေး မေ ၁၂**

တိရစ္ဆာန်များ မွေးဖွား၊ သေဆုံးမှုနှင့် စားသုံးနိုင်သည့် ပမာဏတို့နှင့်စပ်လျဉ်းသည့် ရှိနိုင်သော တိရစ္ဆာန်အကောင်ရေစာရင်းကို တွက်ချက်ထားသော Norm (စံနှုန်း) ကိန်းဂဏန်းများမှာ မြေပြင်အမှန်ကောက်ယူမှု ကိန်းဂဏန်းများနှင့် ကွာဟမှုများရှိနေပြီး မွေးမြူရေးနှင့် အသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် စံချိန်စံညွှန်းအမှန်များရရှိရန် ဖြည့်ဆည်းရမည့် လိုအပ်ချက်များလည်း ရှိနေကြောင်း မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

"GDP မီအောင် လုပ်ရတဲ့အခြေအနေတွေ ရှိခဲ့ဖူးတာကြောင့် စံနှုန်းထားတွက်ချက်မှုနဲ့ မြေပြင်စာရင်းဇယားကောက်ယူမှုအပိုင်းမှာ ကွာဟမှုတွေ ရှိနေမှာပါ။ ဦးစီးဌာနမှာ ဝန်ထမ်းအင်အားနည်းတဲ့အတွက် ကျေးလက် တိရစ္ဆာန်ကျန်းမာရေးလုပ်သား (ကြက်ခြေပြာ) တွေ မွေးထုတ်နေရပြီးတော့ မြို့နယ်များမှာ ဝန်ထမ်းလိုအပ်ချက် အခက်အခဲနဲ့ ကြက်ခြေပြာသင်တန်းတွေ ဖွင့်လှစ်ဖို့ ရန်ပုံငွေမရှိတဲ့ အခက်အခဲတွေတော့ ရှိပါတယ်"ဟု တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ယာယီတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာဝင်းမြင့်က ဆိုသည်။

တိုင်းဒေသကြီး စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ တိရစ္ဆာန်စာရင်းများ ကောက်ယူရရှိသည့်နည်းစနစ်များ (အချက်အလက်ရရှိပုံ၊ ရယူပုံအဆင့်ဆင့်)၊ အချက်အလက်များ ကောက်ယူရာတွင် လိုအပ်မည့်အချက်များ၊ အခက်အခဲများ၊ မည်သို့မည်ပုံ ကြီးကြပ်ကွပ်ကဲသည်၊ မည်သို့ပြုလုပ်လျှင် ပိုကောင်းမည်စသည့် အကြံပြုသုံးသပ်ချက်များ ပါဝင်သည့် အစီရင်ခံစာကို တိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့ရုံးသို့ ပေးပို့ရန် ညွှန်ကြားထားချက်အပေါ် လုပ်ငန်းလိုအပ်ချက်များကိုလည်း တင်ပြထားကြောင်း ၎င်းက ဆက်ပြောသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်စာရင်းများ ကောက်ယူရာတွင် မြို့နယ်ဒုတိယဦးစီးမှူးများက မိမိနယ်မြေအတွင်း ကူးစက်ရောဂါကာကွယ်ဆေးထိုးခြင်းနှင့် အသိပညာပေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်ချိန်တွင် စာရင်းဇယားများ ကောက်ယူကြောင်း၊ ဝန်ထမ်းမပြည့်စုံသော မြို့နယ်များတွင် ကျေးလက် တိရစ္ဆာန်ကျန်းမာရေးလုပ်သား(ကြက်ခြေပြာ) သင်တန်းဆင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် စာရင်းကောက်ယူနေရကြောင်း ဌာနဝန်ထမ်းတစ်ဦးထံမှ သိရသည်။

ပြည်သူများ၏ အသားစားသုံးမှု၊ ဥစားသုံးမှု၊ နို့သောက်သုံးမှု၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း၊ တိုင်းဒေသကြီးအတွင်း ဂျီဒီပီ အခြေအနေမှန်ကို တိတိကျကျ တွက်ချက်နိုင်ရန် ၁၉၉၃-၁၉၉၄ ခုနှစ်တွင် နောက်ဆုံးထားကောက်ယူခဲ့သည့် မွေးမြူရေးဆိုင်ရာ သန်းခေါင်စာရင်း ကောက်ယူမှုကို ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ပြန်လည်ကောက်ယူမည်ဖြစ်ကြောင်း၊ ထို့အပြင် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၅ မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း မွေးမြူရေးဆိုင်ရာ ဆင့်ပွားသင်တန်းများ၊ ကောင်းမွန်သော မွေးမြူရေးအလေ့အကျင့် သင်တန်းများကို ဖွင့်လှစ်သွားရန်ရှိကြောင်း မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**



ရှိနိုင်သောတိရစ္ဆာန်အကောင်ရေစာရင်း တွက်ချက်မှုမှာ မြေပြင်ကိန်းဂဏန်းများနှင့် ကွာဟနေ

# လေပြင်းတိုက်၍ ကျေးရွာမူလတန်းကျောင်း အမိုးသွပ်များပျက်စီး



**မြိတ် မေ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း မေ ၉ ရက် ည ၇ နာရီခန့်က လေပြင်းတိုက်ခတ်၍ ပင်းအိုကျေးရွာအုပ်စု လက်ခုတ်တောင်ကျေးရွာ အမကကျောင်းတွင် ကျောင်းဆောင်အမိုးသွပ် ၂၅ ချပ်ခန့် ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ပျက်စီးသွားသော ကျောင်းဆောင်အမိုးသွပ်များကို အသစ်လဲလှယ် ပြုပြင်နိုင်ရန် ပင်းအိုကျေးရွာ အုပ်ချုပ်ရေးအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လက်ခုတ်တောင် အမက ကျောင်းဆောင်သည် အလျား ပေ ၆၀၊ အနံ ပေ ၃၀ရှိကာ ၂၀၀၀ ခုနှစ်ဝန်းကျင်က တည်ဆောက်ထားခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ကျောင်းသားကျောင်းသူ ၁၃၀ ခန့် ပညာသင်ကြားလျက်ရှိကြောင်း ပင်းအိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဌေးဝင်းထံမှ သိရသည်။

**ခိုင်ထူး(မြိတ်)**

# ရွှေသတ္တုထုတ်လုပ်ရာတွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေနှင့်အညီ သုံးစွဲနိုင်ရေး ဆွေးနွေး

**တာချီလိတ် မေ ၁၂**

တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ရှမ်းပြည်နယ် အရှေ့ပိုင်း သတ္တုလုပ်ငန်းရှင်များအသင်းရုံးအစည်းအဝေးခန်းမ၌ ရွှေသတ္တုထုတ်လုပ်ရာတွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေနှင့်အညီ သုံးစွဲနိုင်ရေးအတွက် လမ်းညွှန်ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်က အမှာစကားပြောကြားပြီး လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက ပြဒါး၊ ဆိုင်ရာနိုက်၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သုံးစွဲမှုအား ရွှေလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းရှင်များအား လမ်းညွှန်ဆွေးနွေးခြင်း၊ တက်ရောက်လာသည့် အဖွဲ့အစည်းများနှင့် သတ္တုလုပ်ငန်းရှင်များက သိလိုသည့် အထွေထွေကိစ္စရပ်များကို မေးမြန်းခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဆွေးနွေးပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းနိုင်၊ အကောက်ခွန်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးမြဝင်း၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် အရှေ့ပိုင်း သတ္တုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ဦး၊ ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီများမှ ဒါရိုက်တာနှင့် အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့သည်။

**မြင့်မိုရ်(တာချီလိတ်)**



မူခင်းကျဆင်းရေးအတွက် ဥပဒေအသိပညာနှင့် မူခင်းအသိပညာပေးဟောပြောပွဲကို ပေါက်ခေါင်းမြို့နယ် မကျီးခုံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မေ ၁၁ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်ဇော်က မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးနှင့် ဒုရဲအုပ် အေးမင်းထွန်းက သက်ငယ်မုဒိမ်းမှုကျဆင်းရေး အသိပညာပေးဟောပြောစဉ် (မြို့နယ် ပြန်/ဆက်)

# MPT နှင့် ရှင်သန်ရေးကူညီမှုအသင်းတို့ ပူးပေါင်း၍ ဒလမြို့နယ်တွင် သောက်သုံးရေများလှူဒါန်း

**ရန်ကုန် မေ ၁၂**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)နှင့် ပြည်တွင်း လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သော ရှင်သန်ရေးကူညီမှုအသင်း(Noble Heart)တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ သောက်သုံးရေ အမှန်တကယ်လိုအပ်နေသော ကျေးရွာများသို့ မေ ၉ ရက်က သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အနေဖြင့် သောက်သုံးရေလိုအပ်သော ဒေသများသို့ ရေလှူဒါန်းခြင်းကို ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတို့တွင် မေလအတွင်း ရေသန့်ကားကြီးများနှင့် လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် မြန်မာနိုင်ငံ အလယ်ပိုင်း၊ အပူပိုင်းဇုန်ဒေသများဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင်လည်း သောက်သုံးရေလှူဒါန်းခြင်းကို အဆိုပါဒေသများ၏ အခြောက်သွေ့ဆုံးအချိန်ဖြစ်သည့် မေလကုန်နှင့် ဇွန်လ အစောပိုင်းတို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

“MPT အနေနဲ့ ကျွန်တော်တို့ရဲ့လူမှုပတ်ဝန်းကျင်က လိုအပ်ချက်တွေကို ကူညီဖို့ ဆုံးဖြတ်ထားပါတယ်။ ရေဆိုတာ ကျွန်တော်တို့အတွက် အဖိုးမဖြတ်နိုင်တဲ့ အရင်းအမြစ်ဖြစ်ပြီး အချို့ဒေသတွေမှာ မေလနဲ့ ဇွန်လဟာ အပူပြင်းဆုံးလတွေဖြစ်တာကြောင့် ရေရရှိနိုင်ဖို့ အလွန်ပဲခက်ခဲလှပါတယ်။ MPT အနေနဲ့ အရေးပေါ် ရေလိုအပ်နေတဲ့ ဒေသ ငါးခုကို သောက်ရေသုံးရေတွေ ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့စုစုပေါင်း ကျပ်ငွေသိန်းပေါင်း ၂၅၀၀ သုံးစွဲပြီး ဆောင်ရွက်နေတဲ့ သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ်ရဲ့တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အစီအစဉ်ဟာ ရေတွင်းရေကန်တွေ တည်ဆောက်ပြီး အသန့်ရှင်းဆုံးရေတွေကို ဖြန့်ဖြူးလှူဒါန်းပေးနေသလိုပဲ သောက်သုံးရေ ရေရှည်ရရှိနိုင်ရေး စီမံကိန်းများကိုလည်း ပြုလုပ်ပေးနေပါတယ်”ဟု MPT-KSGM Joint Operations ၏ အမှုဆောင်အရာရှိချုပ် Mr.Toshitake Amamiya က ပြောသည်။

သောက်ရေသန့်များ ပေးဝေလှူဒါန်းရာတွင် မိုးရာသီမတိုင်ခင်ကာလအထိ ရေလှောင်သည့် စည်ကြီးများ၊ ရေသယ်ဆောင်သွားနိုင်သည့် ကားကြီးများနှင့် ရေသန့်ဘူးများဖြင့် လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး MPT ၏ သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ်အရ ရေတွင်းရေကန်များတူးဖော်ခြင်း လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ထင်ပေါ်ဝင်း(ကမာရွတ်)**



# တိုက်နယ်ဆရာဝန်မွမ်းမံသင်တန်း(၁/၂၀၁၇) သင်တန်းဆင်းပွဲကျင်းပ




**နေပြည်တော် မေ ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် တိုက်နယ်ဆရာဝန် မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၇) သင်တန်းဆင်းပွဲကို မေ ၉ ရက်က နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာန၏ ရည်မှန်းချက်(၂)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရာတွင် ကျန်းမာရေးအသိပညာမြှင့်တင်ရေးသည် အရေးကြီးကြောင်း၊ အထူးသဖြင့် ပြည်သူများ ကျန်းမာရေး အသိပညာမြင့်မှသာ ဆေးရုံများသို့ရောက်လာသောလူနာ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှု အဆင့်မြှင့်တင်ပေးရန်အတွက် အရည်အချင်းပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများ တိုးမြှင့်ခန့်ထားပေးခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများကိုလည်း အရည်အသွေးမြင့်မားလာစေရန် စဉ်ဆက်မပြတ် သင်တန်းများပေးလျက်ရှိကြောင်း၊ သင်တန်းများ၏ ထိရောက်မှုကိုလည်း သုတေသနများပြုလုပ်၍ ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လက်ထောက်ကျန်းမာရေးမှူးများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးကြီးကြပ်များ၊ တိုက်နယ်ဆရာဝန်များသည် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် အလွန်အဓိကကျသော နေရာတွင်ရှိ၍ ကျန်းမာရေး စောင့်ရှောက်မှု စနစ်ကြီးတစ်ခုလုံး၏ သော့ချက် သဖွယ် အလွန်အရေးကြီးပါကြောင်း၊ ကျေးရွာဒေသတွင် လုပ်သင့်လုပ်ထိုက်သည်များကို အထက်သို့တင်ပြပြီး လုပ်ဆောင်ကြရန်နှင့် တိုက်နယ်ဆရာဝန်များ၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ သုတေသနပြု လုပ်ဆောင်သင့်ကြောင်း၊ တိုက်နယ်ဆရာဝန်များ၏ လုပ်ဆောင်ချက်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မတူကွဲပြားမှုများရှိ၍ ကိုယ်စားလှယ်များ ရွေးချယ်ကာ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ခု ပြုလုပ်စေချင်ကြောင်း၊ နှီးနှောဖလှယ်ပွဲတွင် တွေ့ရှိချက်များကို ဦးစားပေးအလိုက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးကဏ္ဍလည်း ပါဝင်သည်ဖြစ်၍ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန နှစ်ခုပူးပေါင်း ဆောင်ရွက်စေလိုကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက မှာကြားသည်။

ဝန်ကြီးဌာနအနေဖြင့်လည်း တိုက်နယ်ဆရာဝန်များ၏ ဘဝတိုးတက်ရေးအတွက် ဆေးကုသရေး၊ ပြည်သူ့ကျန်းမာရေး၊ ဆေးရုံအုပ်ချုပ်ရေး စသည်ဖြင့် စိတ်ဝင်စားရာ ရွေးချယ်ပြီး ဘွဲ့လွန်များဆက်တက်နိုင်ရန်လည်း စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုက်နယ်ဆရာဝန်များသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အမြဲတမ်း ဆက်သွယ်မှုရှိနေရမည်ဖြစ်ပြီး တိုက်နယ်ဆရာဝန်များ၏ လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

**ဝန်ကြီးဌာနအနေဖြင့်လည်း တိုက်နယ်ဆရာဝန်များ၏ ဘဝတိုးတက်ရေးအတွက် ဆေးကုသရေး၊ ပြည်သူ့ကျန်းမာရေး၊ ဆေးရုံအုပ်ချုပ်ရေး စသည်ဖြင့် စိတ်ဝင်စားရာ ရွေးချယ်ပြီး ဘွဲ့လွန်များဆက်တက်နိုင်ရန်လည်း စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုက်နယ်ဆရာဝန်များသည် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှင့် အမြဲတမ်း ဆက်သွယ်မှုရှိနေရမည်ဖြစ်ပြီး တိုက်နယ်ဆရာဝန်များ၏ လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း**

ထို့နောက် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော သင်တန်းသားများအား ပြည်ထောင်စုဝန်ကြီးက ဆုများချီးမြှင့်ပြီး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်က သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းဆင်းပွဲသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းဆရာများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**(မြန်မာ့အလင်း)**

# ဒုတိယအကြိမ်မြောက် ကမ္ဘာ့ကင်းထောက်ပညာရေးညီလာခံသို့ မြန်မာနိုင်ငံမှ ကင်းထောက်တစ်ဦးတက်ရောက်

**ရန်ကုန် မေ ၁၂**

ဆွစ်ဇာလန်နိုင်ငံ Kandersteg International Scout Center တွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် ကမ္ဘာ့ကင်းထောက် ညီလာခံ (Second World Scout Education Congress) သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ တက္ကသိုလ်ကင်းထောက်ခေါင်းဆောင် မောင်ကောင်းဆက်ဟိန်း (နောက်ဆုံးနှစ် နိုင်ငံတကာဆက်ဆံရေးပညာ-ဒဂုံတက္ကသိုလ်)သည် ဆွစ်ဇာလန်နိုင်ငံသို့ မေ ၁၁ ရက် ညနေပိုင်းက ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

တက္ကသိုလ်ကင်းထောက်ခေါင်းဆောင် မောင်ကောင်းဆက်ဟိန်းသည် ဆွစ်ဇာလန်နိုင်ငံတွင် အခြားနိုင်ငံပေါင်း ၁၀၀ ကျော်မှ ကင်းထောက်ခေါင်းဆောင်များနှင့်အတူ မေ ၁၁ ရက်မှ ၁၅ ရက်အထိ ကမ္ဘာ့ကင်းထောက် လူငယ်ရေးရာမူဝါဒများ၊ ကင်းထောက်လူငယ်များအတွက် သင်တန်းရေးရာ ကိစ္စရပ်များ၊ ၂၀၁၇-၂၀၂၀တွင် ရင်ဆိုင်ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများရှာဖွေခြင်း၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ ဆွစ်ဇာလန်နိုင်ငံသို့ ထွက်ခွာသည့် တက္ကသိုလ် ကင်းထောက်ခေါင်းဆောင် မောင်ကောင်းဆက်ဟိန်းအား မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ကင်းထောက်ကြီးများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

**(မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်)**

# ကရင်စာပေနှင့်ယဉ်ကျေးမှု စုပေါင်းသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ စည်ကားစွာ ကျင်းပ

**ပေါင် မေ ၁၂**

ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအတွက် ပေါင်မြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီက ဖွင့်လှစ်ခဲ့သည့် (၄၇)ကြိမ်မြောက် ကရင်စာပေနှင့်ယဉ်ကျေးမှုသင်တန်း၏ စုပေါင်းသင်တန်းဆင်းပွဲကို မေ ၁၀ ရက်က ပေါင်မြို့နယ် ဆင်ရွာကျေးရွာရှိ အားကစားကွင်း၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်၊ ကရင်ပြည်နယ် ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ၊ မွန်ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ စောအောင်ကျော်သိန်းတို့က အမှာစကားပြောကြားကြပြီး ကရင်စာပေနှင့်ယဉ်ကျေးမှု ဂုဏ်ထူးဆောင်ဆု၊ စွမ်းဆောင်ဆု၊ စာပေဂုဏ်ဆောင်ဆု၊ ကရင်အနုပညာ ထူးချွန်ဆု၊ ကရင်တေးသီချင်း တောင်းဆိုမှုအများဆုံးဆု(မြန်မာ့အသံ)နှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများကို ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များ၊ တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။



ထို့နောက် ပေါင်မြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု ကော်မတီနှင့် (၄၇)ကြိမ်မြောက် ကရင်စာပေနှင့် ယဉ်ကျေးမှု စုပေါင်းသင်တန်းဆင်းပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ စောတင်ထွန်းက သင်တန်းဖွင့်လှစ်ခဲ့သည့် ရည်ရွယ်ချက်နှင့် မျိုးဆက်သစ် ကရင်လူငယ်များအနေဖြင့် ကရင်စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းဖော်ထုတ်ကြရန် မှာကြားသည်။

(၄၇)ကြိမ်မြောက် ကရင်စာပေနှင့်ယဉ်ကျေးမှုသင်တန်းကို ကရင်စာပေနှင့်ယဉ်ကျေးမှု ပြန့်ပွားရေးအသင်း နာယကချုပ်ဆရာတော် ဒေါက်တာအရှင်ပညာသာမိ၏ မိန့်ကြားချက်နှင့်အညီ မွန်ပြည်နယ်အစိုးရ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ လမ်းညွှန်မှု၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ကရင်စာပေယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်း၏ ကြီးကြပ်မှုတို့ဖြင့် ပေါင်မြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီက ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ (၄၈)ကြိမ်မြောက် ကရင်စာပေနှင့်ယဉ်ကျေးမှု စုပေါင်းသင်တန်းဆင်းပွဲကို ကရင်ပြည်နယ် ကော့ပရံ့ကျေးရွာတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# ရန်ကုန်အတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် အာစရိယပူဇော်ပွဲကျင်းပ

**ရန်ကုန် မေ ၁၂**

ရန်ကုန်အတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ်၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကောလိပ်ရှိ မြတ်ပညာခန်းမ၌ မေလပထမပတ်က ကျင်းပခဲ့သည်။

အာစရိယပူဇော်ပွဲသို့ ရန်ကင်းပညာရေးကောလိပ် တာဝန်ခံကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၊ ပညာရေးမိသားစုဝင်များနှင့် ကန်တော့ခံ အငြိမ်းစား ဆရာကြီး ဆရာမကြီး ၁၆၅ ဦး စုံညီစွာ တက်ရောက်ခဲ့ပြီး ကန်တော့ခံဆရာ ဆရာမကြီးများကိုယ်စား ဆရာကြီးဦးမဲအောင်၊ ဆရာကြီး ဦးအောင်ဘသိန်း၊ ဆရာကြီး ဦးလှမြင့်၊ ဆရာမကြီး ဒေါ်ခင်အေးမူနှင့် ဆရာမကြီး ဒေါ်ခင်ထွေးတင့်တို့က ဩဝါဒစကားများ ပြောကြားကာ ကျောင်းသားဟောင်းများဖြစ်ကြသည့် ဦးနု၊ ဦးရန်အောင်နှင့် ဦးအေးလွင်တို့က ကန်တော့ချီးတိုင်၍ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ ဆရာမကြီးများအား လက်ဆောင်များ၊ အလှူငွေများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။

**ကြည်ဝင်း**

**သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုတိုး**

# ကွန်ပျူတာပညာရှင်အသင်းက နည်းပညာသင်တန်းသုံးခု ဖွင့်လှစ်မည်

**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ အိုင်တီနည်းပညာရပ်များကို စိတ်ပါဝင်စားသော လူငယ်များနှင့် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နေသူများအတွက် နည်းပညာသင်တန်းသုံးခုကို မေလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းသုံးခုမှာ Virtualization နည်းပညာနှင့် VMware များအကြောင်း သင်တန်းဖြစ်သည့် Ready to VMware Industrial Experience Boot Camp သင်တန်း၊ Hardware နည်းပညာများအကြောင်း သင်ကြားမည့် Hardware (A+) and System Troubleshooting သင်တန်းနှင့် ဝိုင်ယာလက်စ်နည်းပညာ အခြေခံကို သင်ကြားမည့် Basic Wireless Networking သင်တန်းများဖြစ်သည်။

VMware Industrial Experience သင်တန်းကို မေ ၂၀၊ ၂၁ နှင့် ၂၇၊ ၂၈ လေးရက်ကြာ တစ်ရက်လျှင် သင်တန်းချိန် ၈နာရီခွဲစီ ဖွင့်လှစ်၍ Virtualization နည်းပညာများ၊ VMware Server Virtulization Firm များအကြောင်း စသည်တို့ကို Professional Experience အဆင့်အထိ နားလည်ကျွမ်းကျင်တတ်မြောက်စေရန် VMware မှ ပေးအပ်သော ၂၀၁၆ ခုနှစ် Partner Engineer ဆုကို ရရှိထားသူ ဆရာဦးဇေယျာထွန်းက သင်ကြားမည်ဖြစ်ပြီး သင်တန်းတက်ရောက်ခြင်းဖြင့် VMware ဆိုင်ရာ Professional စာမေးပွဲများကို ဖြေဆိုရန်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ VMware သင်တန်းအတွက် သင်တန်းကြေးမှာ ကျပ်ခြောက်သိန်းဖြစ်ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းဝင်ထားသူများအနေဖြင့် ကျပ် ၃၆၀၀၀၀ ဖြစ်ကြောင်း၊ သင်တန်းအတွက် မေ ၁၉ ရက် နောက်ဆုံးထား၍ MCPA ရုံးခန်းသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

Hardware နည်းပညာသင်တန်းကို မေ ၂၇ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ပြည်တွင်းအိုင်တီနယ်ပယ်တွင် ကျွမ်းကျင်သော Hardware Engineer များ ပေါ်ထွက်လာစေရေးနှင့် System ပိုင်းကို ထဲထဲဝင်ဝင် ကျွမ်းကျင်ပိုင်နိုင်သော အိုင်တီပညာရှင်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသို့ အခြေခံ ကွန်ပျူတာအသုံးပြုတတ်သူများနှင့် Hardware ပိုင်းကို အခြေခံပိုင်နိုင်လိုသူများ တက်ရောက်နိုင်ပြီး သင်တန်းတက်ရောက်ခြင်းဖြင့် Hardware ပိုင်းကို အခြေခံမှစ၍နားလည်ကာ သင်တန်းပြီးဆုံးပါက Hardware Engineer တစ်ယောက်အဖြစ် လုပ်ငန်းခွင်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ မေ ၂၇ မှ ဇူလိုင် ၂ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေ တစ်ရက် သုံးနာရီကြာ သင်တန်းဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်နှစ်သိန်းဖြစ်ကာ ကွန်ပျူတာပညာရှင်အသင်းဝင်များအတွက် ကျပ်တစ်သိန်းဖြစ်ကြောင်း သိရသည်။

ဝိုင်ယာလက်စ်နည်းပညာသင်တန်းဖြစ်သည့် Basic Wireless Networking သင်တန်းမှာ တိုးတက်ပြောင်းလဲလျက်ရှိသော နည်းပညာခေတ်ကြီးတွင် အသုံးများလာသည့် ဝိုင်ယာလက်စ်နည်းပညာများကို သိရှိနိုင်ရန် ရည်ရွယ်ဖွင့်လှစ်သောသင်တန်းဖြစ်သည်။ လက်ရှိအချိန်တွင် အစိုးရအဖွဲ့အစည်းများ၊ ရုံးများ၊ အသင်းအဖွဲ့များနှင့် နေအိမ်များတွင်ပင် Wireless (Wi-Fi) နည်းပညာကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေပြီဖြစ်ရာ မြန်မာအိုင်တီနယ်ပယ်အတွင်း ကျွမ်းကျင်သော Wireless နည်းပညာရှင်များပေါ်ထွက်လာရေး ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းတွင် လုပ်ငန်းခွင်များ၌ လက်တွေ့အသုံးချလျက်ရှိသော Wireless Standards များ၊ Wireless ချိတ်ဆက်ရာတွင် ကြုံတွေ့ရနိုင်သည့် အခြေအနေများ၊ Radio Frequency များအကြောင်း၊ Wireless Antenna များအကြောင်း၊ Wireless Survey လုပ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များ စသည်တို့ကို စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ နက်ဝပ်နည်းပညာကို အခြေခံသိရှိထားပြီးသူများသာ တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Basic Wireless Networking သင်တန်းကာလမှာ မေ ၂၇ ရက်မှ ဇွန် ၁၁ ရက်အထိ စနေ၊ တနင်္ဂနွေ တစ်ရက်လျှင် သုံးနာရီကြာသင်တန်းဖြစ်ပြီး သင်တန်းကြေးမှာ ကျပ် ၇၀၀၀၀ ဖြစ်ကာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များအတွက် ၃၅၀၀၀ ကျပ်ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ ဖွင့်လှစ်မည့် အဆိုပါ နည်းပညာသင်တန်းသုံးခုသို့ တက်ရောက်လိုသူများနှင့် စိတ်ပါဝင်စားသူများအနေဖြင့် အသေးစိတ် အချက်များကို လှိုင်မြို့နယ် MICT Park အဆောင်(၉) မြေညီထပ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း-၀၁-၆၅၂၂၇၆ တွင် စုံစမ်းနိုင်မည်ဖြစ်သည်။

**သူရဖြိုး**

# အူရီဒူး၏ ဖေ့စ်ဘုတ်စာမျက်နှာသည် မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားမှု ကောင်းမွန်ကြောင်း ဖေ့စ်ဘုတ်မှသတ်မှတ်ပေး

**ရန်ကုန် မေ ၁၂**

အူရီဒူးမြန်မာ၏ တရားဝင် Facebook Page သည် သိရှိလိုသည်များကို ဝင်ရောက်မေးမြန်းသော အူရီဒူးအသုံးပြုသူများအား ပြန်လည်တုံ့ပြန်ဖြေကြားပေးရာတွင် အကောင်းဆုံးဖြေကြားပေးနိုင်သည့် Page တစ်ခုအဖြစ် ဖေ့စ်ဘုတ်က အသိအမှတ်ပြု သတ်မှတ်လိုက်ကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ ဖေ့စ်ဘုတ်စာမျက်နှာသည် ပေးပို့လာသောမေးမြန်းချက်များကို တုံ့ပြန်မှုအားအကောင်းဆုံး(Very Responsive to message)တံဆိပ်ဖြင့် ဖေ့စ်ဘုတ်က အသိအမှတ်ပြုသတ်မှတ်ပေးလိုက်ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဖေ့စ်ဘုတ်၏ အသိအမှတ်ပြုမှုကို ရရှိခြင်းသည် ပြည်တွင်းအော်ပရေတာသုံးခုအနက် အူရီဒူးမြန်မာက ပထမဆုံးရရှိခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ဖေ့စ်ဘုတ်အသုံးပြုသူဦးရေမှာ အလွန်များပြားတိုးတက်လာလျက်ရှိရာ အူရီဒူးမြန်မာ၏ ဖေ့စ်ဘုတ်စာမျက်နှာသည် သုံးစွဲသူအများအပြားနှင့် ထိရောက်မြန်ဆန်စွာ ထိတွေ့ဆက်ဆံလာနိုင်ကြောင်း၊ ဖေ့စ်ဘုတ်အသုံးပြုသူများ၏ စုံစမ်းမေးမြန်းချက်များကို အူရီဒူးမြန်မာ ဖေ့စ်ဘုတ်စာမျက်နှာက ပြန်လည်တုံ့ပြန်ဖြေကြားမှုနှုန်းမှာ ၁၅ မိနစ်အတွင်း ၉၀ ရာခိုင်နှုန်းနှင့်အထက် ရှိခြင်းကြောင့် အူရီဒူးမြန်မာ၏ တရားဝင်ဖေ့စ်ဘုတ်စာမျက်နှာသည် မေးမြန်းချက်များကို တုံ့ပြန်မှုအားအကောင်းဆုံးအဖြစ် ဖေ့စ်ဘုတ်က အသိအမှတ်ပြုသတ်မှတ်ပေးလိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ တာဝန်ရှိသူတစ်ဦးဖြစ်သည့် Mr. Philip Joseph က "အူရီဒူးမြန်မာအနေနဲ့ ယခုလို အသိအမှတ်ပြုတံဆိပ်ကို Facebook ကနေ ရရှိတဲ့အတွက် တကယ်ကို ဂုဏ်ယူရပါတယ်။ ယခုလို အသိအမှတ်ပြုခံရမှုဟာ အူရီဒူးမြန်မာအတွက် ၂၀၁၇ ခုနှစ်အတွက် ထူးခြားလှတဲ့ အောင်မြင်မှုတစ်ခုလည်း ဖြစ်ပါတယ်။ အူရီဒူးမြန်မာဟာ ၂၀၁၇ ခုနှစ်မှာ ဒီဂျစ်တယ်မှတ်တိုင် သုံးစွဲသူဝန်ဆောင်မှုပေးခြင်းအပိုင်းကို အရေးပါတဲ့ မဟာဗျူဟာမဏ္ဍိုင်အဖြစ် ချမှတ်ထားလို့ ဖြစ်ပါတယ်။ ဒီဂျစ်တယ်နှင့် လူမှုကွန်ရက်မှတစ်ဆင့် ဆက်သွယ်ဖြေကြားမှုတွေကို အူရီဒူးမြန်မာရဲ့ သုံးစွဲသူဝန်ဆောင်မှုဌာနမှ ဆက်လက် လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

အူရီဒူးမြန်မာအနေဖြင့် ၎င်းတို့၏ မိုဘိုင်း ဝန်ဆောင်မှုများကို ရယူအသုံးပြုသူများအတွက် အဆိုပါ ဖေ့စ်ဘုတ်စာမျက်နှာမှ သိရှိလိုသည်များကို ဖြေကြားပေးနေသည့်အပြင် အခြားနည်းလမ်းများအနေဖြင့် အူရီဒူးဝက်ဘ်ဆိုက်ရှိ Live Chat နှင့် My Ooredoo App ရှိ Chat Box တို့ကို အသုံးပြု၍လည်း အူရီဒူး၏ဝန်ထမ်းများနှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဝန်ဆောင်မှုနှင့်ပတ်သက်သည်များကို မေးမြန်းနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သူရဖြိုး**




# ဆမ်ဆောင်း Galaxy S8 နှင့် S8+ ကို စိတ်ဝင်စားဝယ်ယူသူများပြား

**ရန်ကုန် မေ ၁၂**

ဆမ်ဆောင်း၏ နောက်ဆုံးပေါ် နည်းပညာမြင့် စမတ်ဖုန်းသစ်များဖြစ်သည့် Galaxy S8 နှင့် S8+ တို့ကို ကြိုတင်မှာယူစနစ်ဖြင့် ရောင်းချခဲ့ပြီးနောက် မေ ၆ ရက်နှင့် ၇ ရက်က ရန်ကုန်မြို့ရှိ Junction City နှင့် မန္တလေးမြို့ရှိ SkyWalk Shopping Mall တို့တွင် လက်ဆောင်ပစ္စည်းများနှင့်အတူ ကြိုတင်မှာယူထားသူများအား ရောင်းချခဲ့ရာ စိတ်ဝင်စားဝယ်ယူသူ များပြားခဲ့ကြောင်း ဆမ်ဆောင်းမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖုန်းသစ်များ ကြိုတင်မှာယူထားသူအားလုံးကို ကျပ်တစ်သိန်းတန်ဖိုးရှိ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ကြိုတင်မှာယူသူများထဲမှ ပထမဆုံး လာရောက်ထုတ်ယူသူရှစ်ဦးအား အထူးလက်ဆောင်အဖြစ် ဆမ်ဆောင်းတံဆိပ် Power Bank များ လက်ဆောင်ပေးအပ်ခဲ့ကြောင်း၊ ထို့အပြင် Galaxy S8 နှင့် Galaxy S8+ ဝယ်ယူသုံးစွဲသူတိုင်းသည် အထူးဝန်ဆောင်မှုအဖြစ် အဆင့်မြင့်အာမခံအစီအစဉ် Samsung Premium Care ကိုလည်း ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။



ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူ ကိုဇာနည်ဝင်းထက်က "Galaxy S8 နှင့် S8+ စမတ်ဖုန်းတွေကို မြန်မာပြည်က သုံးစွဲသူတွေ အခုလို တစ်ခဲနက်အားပေးကြတဲ့အတွက် တကယ်ကို ဝမ်းသာရပါတယ်။ Galaxy S8 နဲ့ S8+ ဝယ်ယူသုံးစွဲသူတွေအနေနဲ့ Service Card ပါဝင်တဲ့ Samsung Premium Care ဝန်ဆောင်မှုကို လက်ခံရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာပြည်က ဆမ်ဆောင်းချစ်သူတွေ နိုင်ငံတကာက သုံးစွဲသူတွေလိုပဲ ပိုမိုကောင်းမွန်တဲ့ဝန်ဆောင်မှုကို ခံစားနိုင်အောင် mySamsung ဆိုတဲ့ အစီအစဉ်ကိုလည်း သိပ်မကြာခင်ကပဲ ကျွန်တော်တို့ စတင်မိတ်ဆက်နိုင်ခဲ့ပါတယ်"ဟု ပြောသည်။

ဆမ်ဆောင်းမှထုတ်လုပ်သည့်ဖုန်းများတွင် တန်ဖိုးမြင့်ဖုန်းစီးရီးစ်ဖြစ်သည့် Galaxy စီးရီးစ်၏ နောက်ဆုံးထုတ်ဖုန်းများဖြစ်သော S8 နှင့် S8+ စမတ်ဖုန်းများကို ကြိုတင်မှာယူထားသူများအား မေ ၆ ရက်နှင့် ၇ ရက်တွင် ထုတ်ပေးခဲ့ပြီးနောက် မေ ၁၂ ရက်မှစတင်၍ မြန်မာနိုင်ငံ တစ်ဝန်း ဈေးကွက်တွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကာ ဈေးနှုန်းမှာ Galaxy S8 က ကျပ် ၁၀၆၀၀၀၀ ဖြစ်ပြီး S8+ က ကျပ် ၁၁၉၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# Oppo F3 မြန်မာနိုင်ငံဈေးကွက်သို့ ယခုမေလလယ်တွင် စတင်ဝင်ရောက်မည်

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံမိုဘိုင်းဈေးကွက်တွင် သိပ်မကြာသေးခင်က မိတ်ဆက်ပေးလိုက်သည့် Oppo F3 စမတ်ဖုန်းသစ်မှာ စမတ်ဖုန်းသုံးစွဲသူများအကြားတွင် ပိုမိုတောင်းဆိုလာသည့် လိုအပ်ချက်တစ်ခုဖြစ်သော အဖွဲ့လိုက် Selfie ဓာတ်ပုံများ ရိုက်ကူးခြင်းကိုဖြည့်ဆည်းပေးလိုက်သည့် စမတ်ဖုန်းပင်ဖြစ်သည်။ လက်ရှိဈေးကွက်တွင် ရှိနေကြသော စမတ်ဖုန်းအားလုံးနီးပါးတွင် Selfie Camera တစ်ပါတည်းပါဝင်ထားပြီးဖြစ်သော်လည်း မြင်ကွင်းကျယ်ရိုက်ကူးနိုင်မှုအပိုင်းတွင် ကန့်သတ်ချက်များရှိနေကြောင်း တွေ့ရှိနေရသည်။

Oppo F3 စမတ်ဖုန်းသစ်တွင် Dual Selfie Camera ကို ထည့်သွင်းပေးထားသည့်အပြင် ပုံမှန် Selfie Camera များက ရိုက်ယူနိုင်သည့်မြင်ကွင်းထက် နှစ်ဆပိုမိုကျယ်ဝန်းသည့် နောက်ခံမြင်ကွင်းကျယ်များကိုပါ ရိုက်ယူစေနိုင်မည့် Double View Group Selfie Camera နည်းပညာကိုပါ ထည့်သွင်းထားသည်။ Oppo F3 ဖုန်းမှာ မျက်နှာပြင် ၅ ဒသမ ၅ လက်မအကျယ်ရှိ Full HD In-Cell Display အမျိုးအစားကို အသုံးပြုထားပြီး မျက်နှာပြင် အကြမ်းခံစေရန် Corning Gorilla Glass 5 ဖြင့် ဖုံးအုပ်ကာကွယ်ပေးထားသည်။ 4G Sim Card နှစ်ကတ်ကို တစ်ပြိုင်တည်းထည့်သွင်းအသုံးပြုနိုင်သလို 128 GB SD ကတ်ကိုလည်း ထပ်စိုက်အသုံးပြုနိုင်ရန် ထောက်ပံ့ပေးထားသည်။

Oppo F3 ၏ Dual Selfie Camera မှာ 16 MP နှင့် 8 MP ကင်မရာနှစ်လုံးကို ပေါင်းစပ်ပေးထားခြင်းဖြစ်ပြီး နောက်ကင်မရာမှာ အလင်းဝင်မှု ပိုမိုအားကောင်းသည့် 13MP ကင်မရာဖြစ်သည်။ စွမ်းဆောင်မှုအပိုင်းအတွက် Octa-core အမျိုးအစား 1.5GHz CPU နှင့်အတူ RAM 4GB နှင့် ROM 64GB တို့ကိုထည့်သွင်းပေးထားသည်။ Android Version 6.0 (Mars- hmallow) ကို အခြေခံထားသော Oppo ၏ Color OS 3.0 ကြောင့် ဖုန်းအတွင်းလုပ်ဆောင်မှုနှင့် Battery သုံးစွဲမှုအပိုင်းတို့ကို မြန်ဆန်သက်သာစေမည်ဖြစ်သည်။ F3 တွင် ထည့်သွင်းပေးထားသည့် 3200mAh battery မှာ တစ်နေ့တာအတွက် အသုံးပြုမှုကို အပြည့်အဝ ထောက်ပံ့ပေးနိုင်ဦးမည်ဖြစ်သည်။ OPPO F3 ကို ရွှေရောင်တစ်မျိုးတည်းသာ ထုတ်လုပ်ထားပြီး ယခု မေလလယ်တွင် မြန်မာနိုင်ငံဈေးကွက်သို့ စတင်ဝင်ရောက်လာမည်ဖြစ်ကြောင်း ဖုန်းဈေးကွက်မှ သိရသည်။

**မင်းခေတ်**



# အာမခံအကြောင်းသိကောင်းစရာများဆွေးနွေး

**ကလေး မေ ၁၂**
နိုင်ငံတော်ပိုင် မြန်မာ့အာမခံလုပ်ငန်းဆောင်ရွက်ချက်များဟောပြောပွဲကို ကလေးမြို့ စုပေါင်းရုံး၌ မေ ၁၀ ရက်က ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် နိုင်ငံတော်ပိုင်မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက အာမခံအကြောင်း သိကောင်းစရာများဆွေးနွေးပြောကြားသည်။

ဟောပြောပွဲတွင် ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးပြီး အာမခံကြေးပေးဆောင်ရသည့်အတွက် မတော်တဆ ကိုယ်တိုင်ကတိုက်မိသော်လည်းကောင်း၊ သူတစ်ပါးမှ တိုက်မိသော်လည်းကောင်း၊ ယာဉ်မောင်းလိုင်စင်၊ ဆိုင်ကယ်လိုင်စင်၊ သုံးဦး သို့မဟုတ် နှစ်ဦးတည်းမောင်းနှင်ချိန်ဟူသောအချက်များပြည့်စုံပါက ဒဏ်ရာနစ်နာမှုအတွက် ဆေးထောက်ခံစာဖြင့် အာမခံလုပ်ငန်းမှ လျော်ကြေးပေးပါကြောင်း၊ သေဆုံးမှုအတွက် ငွေကျပ် ၁၀ သိန်းလျော်ကြေးပေးပါကြောင်း၊ ယင်းကဲ့သို့ မြန်မာ့အာမခံလုပ်ငန်းတွင် လျော်ကြေးများတောင်းဆိုနိုင်ကြောင်းကို အများပြည်သူက မသိကြကြောင်း ၎င်းကရှင်းလင်းဟောပြောသည်။

ယင်းအပြင် အဝေးပြေးမော်တော်ယာဉ်များခရီးသည် တစ်ဦးလျှင်အာမခံကြေးငွေကျပ် ၃၀၀ ထားရှိခြင်းကြောင့် ယာဉ်မတော်တဆမှုမှ ဒဏ်ရာနစ်နာမှုအလိုက်သော်လည်းကောင်း၊ ယာဉ်မတော်တဆမှုဖြင့် သေဆုံးခဲ့ပါက တစ်ယူနစ်ကျပ် ၃၀၀ ထားရှိပြီးသောသူများသည် ငွေကျပ်သိန်း ၃၀ နှင့်သူတစ်ပါးထိခိုက်မှု အာမခံကြေး အပါအဝင်ငွေကျပ်သိန်း ၄၀ လျော်ကြေးရရှိနိုင်ကြောင်းစသည်ဖြင့် မြန်မာ့အာမခံလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ကလေးမြို့ အခြေစိုက်မော်တော်ယာဉ်များကလည်း ခရီးတိုခရီးရှည်များအတွက် နိုင်ငံတော်ပိုင်မြန်မာ့အာမခံလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်ကြပါရန် ထပ်မံပြောကြားခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

# မင်းလှမြို့၌လျှပ်စစ်အန္တရာယ်အသိပညာပေး

**မင်းလှ မေ ၁၂**
မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စု ပန်းတော်ပြင်ကျေးရွာတွင် မေ ၁၀ ရက်က လျှပ်စစ်မီးသုံးစွဲမှုအပေါ် အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မင်းလှမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်ဝင်းက လျှပ်စစ်မီးသုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေးအတွက် သိရှိလိုက်နာရမည့်အချက်များကို ဟောပြောခဲ့သည်။

ထို့နောက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး လျှပ်စစ်အန္တရာယ်ကာကွယ်ရေး ပညာပေးဆိုင်းဘုတ်တစ်ခု စိုက်ထူပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



# သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်

**ထားဝယ် မေ ၁၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ပြည်ထောင်စုမွမ်းမံရန်ပုံငွေဖြင့် နွေရာသီရေရှားပါးသောကျေးရွာများဖြစ်သည့် ဝေဒီကျေးရွာ၊ ကဒက်ငယ်ဆိပ်ကျေးရွာ၊ ကုန်းဇရပ်ကျေးရွာနှင့် သကျက်တောကျေးရွာများတွင်ရေပေးရေးလုပ်ငန်းများဖြစ်သည့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းအား ကျေးရွာတစ်ရွာလျှင် တစ်ကန်နှုန်းဖြင့် စုစုပေါင်း မြေသားကန်လေးကန် စုစုပေါင်းခွင့်ပြုငွေကျပ် ၃၂ ဒသမ ၀၀ သန်းဖြင့် တင်ဒါအောင်မြင်သည့် Nice NST ကုမ္ပဏီမှ မြေသားရေကန်တူးဖော်နေမှုအား ထားဝယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးငွေသိန်း၊ လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးဦးကျော်ဝင်းနိုင်နှင့် ဝန်ထမ်းများ၊ တာဝန်ခံအင်ဂျင်နီယာများနှင့် ရေပေးရေးကော်မတီဝင်များက ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါကျေးရွာများသည် နွေရာသီတွင် ရေအလွန်ရှားပါးပြီး နှစ်စဉ်ရေလှူဒါန်းရသောကျေးရွာများဖြစ်သည့်အပြင် မြေအောက်ရေခက်ခဲမှုရှိခြင်း၊ ရေအရင်းအမြစ်မရရှိနိုင်ခြင်းတို့ကြောင့် မိုးလှောင်ရေကန်၊ မြေသားကန်များတူးဖော်ရခြင်းဖြစ်၍ မြေသားကန်လေးကန်တူးဖော်ပေးခြင်းအားဖြင့် ဝေဒီကျေးရွာရှိ အိမ်ခြေ ၆၈၁ အိမ်နှင့်လူဦးရေ၂၉၄၁ ဦး၊ ကဒက်ငယ်ကျေးရွာရှိအိမ်ခြေ ၁၃၈ အိမ်နှင့်လူဦးရေ ၅၅၅ ဦး၊ ကုန်းဇရပ်ကျေးရွာရှိအိမ်ခြေ ၁၀၂ နှင့် လူဦးရေ ၄၁၈ ဦး၊ သကျက်တောကျေးရွာရှိအိမ်ခြေ ၄၈၃ အိမ်နှင့်လူဦးရေ ၂၃၈၇ ဦးတို့ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်လာမည် ဖြစ်သည်။

**(ခရိုင် ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်

**ရန်ကုန် မေ ၁၂**
ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် မြို့တော်အင်္ဂါရပ်နှင့်အညီ အမြင်တင့်တယ်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဒဂုံမြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာဦးဆောင်သော ဝန်ထမ်းများသည် မေ ၁၀ ရက်က ရွှေတိဂုံဘုရား တောင်ဘက်မုခ် ၅၀၀ ကေဗွီအေထရန်စဖော်မာအထွက် ၄၀၀ ဗို့အားလိုင်း ချွတ်ယွင်းပြီး အမြင်မတင့်တယ်သော ဦးထောင်ဘိုလမ်းထောင့်ရှိ ဓာတ်တိုင်အား ကျောက်တိုင်ဖြင့် အစားထိုးလဲလှယ်ခြင်း ဆောင်ရွက်ခဲ့ပြီး ပြည်လမ်း၊ အလုံလမ်း၊ ဦးဝိစာရလမ်းနှင့် မနော်ဟရီလမ်းရှိ ယိုယွင်းပျက်စီးနေသော လမ်းမီးပုံးများအား အသစ်လဲလှယ် ဆောင်ရွက်ခြင်းနှင့် ဓာတ်အားလိုင်းကြိုးခိုင်ကောင်းမွန်စေရေးနှင့် မီးသုံးစွဲသူပြည်သူများ ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ဓာတ်ကြိုးများနှင့် မလွတ်ကင်းသော သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ ဆက်)**


## နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည် (မြင်းခြံမြို့)

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြင်းခြံမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားကြီး၏ ယခုနှစ်(၁၀၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၅ ရက်မှ လပြည့်ကျော် ၇ ရက်အထိ ၂၈-၆-၂၀၁၇ ရက်မှ ၁၅-၇-၂၀၁၇ ရက်အထိ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ပွဲတော်ဆိုင်ခန်းတင်ဒါနှင့် ဓာတ်ရုံကပြပွဲ မြေနေရာလေလံပွဲကို ၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက် (၁၈-၅-၂၀၁၇)ရက် မွန်းလွဲ ၁နာရီတွင် ဘုရားကြီးရင်ပြင်တော်ပေါ်၌ ကျင်းပပါမည်။ နာယကဆရာတော်ကြီးများ၏ ဩဝါဒအရ လောင်းကစားဆန်သောမည်သည့်လုပ်ရပ်မျိုးကိုမျှ ခွင့်မပြုဘဲ မြန်မာ့ရိုးရာဇာတ်သဘင်၊ အငြိမ့်၊ ဆက်ကပ်နှင့် မျက်လှည့်များကို တင်ဆက်ကပြခွင့်ပြုပါမည်။ ဝါးထောင် လုပ်ငန်းပိုင်ရှင်များ ဆိုင်ခန်းတင်ဒါ ပေးသွင်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**နှစ်ကျိပ်ရှစ်ဆူဘုရားကြီး**
**မြင်းခြံမြို့**
**ဖုန်း-၀၆၆-၂၁၅၁၀/၂၂၈၄၈**
**၀၉-၂၅၆၀၀၇၈၀၄**

## ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ရှိဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၂)တွင် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ဂျပန်နိုင်ငံ၏ (ODA)ချေးငွေဖြင့် ဆောင်ရွက်မည့် တောင်နဝင်းရေလှောင်တမံစီမံကိန်း၊ မြောက်နဝင်းရေလှောင်တမံစီမံကိန်း၊ ဝဲကြီးရေလှောင်တမံစီမံကိန်းနှင့် တောင်ညိုရေလှောင်တမံစီမံကိန်းတို့၏ တူးမြောင်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော ဒေသထွက်တည်ဆောက်ရေး ပစ္စည်းများကို ဝယ်ယူလိုပါသဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

**တင်ဒါထုတ်ယူနိုင်သည့်ရက်** - ၁၅-၅-၂၀၁၇ရက် (တနင်္လာနေ့)
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၉-၅-၂၀၁၇ရက် (တနင်္လာနေ့)
**တင်ဒါဖွင့်မည့်ရက်** - ၃၁-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)
**ဆက်သွယ်ရန်တယ်လီဖုန်း** - ၀၅၃-၂၈၅၃၃
**တင်ဒါပေးပို့ရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ်

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၂)၊ ငွေစာရင်းဌာနစိတ်တွင် ၁၅-၅-၂၀၁၇ရက်မှ ၂၉-၅-၂၀၁၇ရက်အထိ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**တည်ဆောက်ရေး(၂)၊ ပြည်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ အိတ်ဖွင့်တင်ဒါရောင်းချရန်အတွက် နိုင်ငံပိုင်မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ၁၁-၅-၂၀၁၇ရက်၌ ကြော်ငြာထားသည့် အပိုဒ်(၂)ပါ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးအစား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးဟု ပြင်ဆင်ဖတ်ရှုပါရန် အသိပေးကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**


## ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့လှူဒါန်းခြင်း



ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ရတနာမွန်(၃)လမ်း၊ (၅)ရပ်ကွက်၊ အမှတ်၂၈၊ မြေညီထပ်၊ အခန်း(၀၀၁)နေ မိခင်ကြီး ဒေါ်သင်းမြိုင်အားရည်စူး၍ ဖခင် ဦးလှသွင်နှင့် သားသမီးမြေးတစ်စုတို့မှ ကိုသွင်တင့်ဆဏ်း မွေးနေ့အတွက် ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်သုံးသိန်းတိတိလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးမှ လက်ခံယူပါသည်။


## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၆၃×၆၄ လမ်းကြား၊ ၁၆×၁၇ လမ်းကြား၊ အကွက်(၉)၊ အမှတ် (၂၀/၃၁)နေ ဒေါ်ယုနပ် (ဘ)ဦးတနပ် ၁၃/တယန(နိုင်) ၀၅၅၄၅၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မန္တလေးခရိုင်တရားရုံး၊ ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်(၆၂)တွင် ကျွန်ုပ်၏ မိတ်ဆွေ တရားလို ဒေါ်ယုနပ်က တရားပြိုင် ဦးအိုက်ခွက်အပေါ် 'မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု' စွဲဆိုခဲ့ရာ ၂၈-၃-၂၀၁၇ရက်တွင် မန္တလေးခရိုင်တရားရုံးက တရားလို ဒေါ်ယုနပ်အပေါ် အနိုင်ဒီကရီ ချမှတ်ခဲ့ပါသည်။ ထိုသို့ မန္တလေးခရိုင်တရားရုံး၏ အနိုင်ဒီကရီအရ ဒေါ်ယုနပ်နှင့် ဦးအိုက်ခွက်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် ဦးအိုက်ခွက်၏ ကိစ္စအဝဝမှန်သမျှအားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေနှင့် လုံးဝမပတ်သက်တော့ပါကြောင်းကို ၃-၅-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးအိုက်ခွက်၏သမီးဖြစ်သော မယုံကွမ်းနှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး စသည့် ကိစ္စမှန်သမျှအားလုံးတို့သည်လည်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယုနပ်နှင့် လုံး၀(လုံး၀) ပတ်သက်ခြင်း၊ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ယုနပ်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမြငွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၆၄/၂၀၁၃)**
**အိုင်ကြီးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၀၂၆၆၆၈၆၃**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးသန့်ဇင် ၁၂/သကတ(နိုင်) ၁၅၉၆၂၈၏သမီး ပညာနန်းတော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒုတိယတန်း (အင်ကြင်း)မှ မအိရှင်းသန့်အား မမေရှင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ကြီးအောင်(၁)လမ်း၊ အမှတ်(၂၄)ဟု ခေါ်တွင်သော ဘိုးဘွားပိုင်မြေအမျိုးအစား၊ အကျယ်အဝန်း အလျား×အနံပေ(၂၅×၄၀)ရှိ မြေကွက်နှင့်၎င်းမြေပေါ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်၊ ရေ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်၊ အိမ်နှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်နေထိုင်လျက်ရှိပြီး အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့် ဦးဇော်လွင် ၁၂/ဥကမ(နိုင်)၀၈၃၃၀၁၊ ဒေါ်ရည်မွန်ဝင်း ၁၂/မရက(နိုင်)၁၄၂၅၆၇၊ မအေးစန္ဒီထွန်း ၁၂/မရက(နိုင်)၁၄၆၂၂၆၊ မောင်ထူးပြည့်စုံဇော် ၁၂/မရက(နိုင်)၁၇၉၂၅၁တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သည့် ဒေါ်စုစုမော် ၁၂/ဥကမ(နိုင်)၂၃၆၉၅၇က အပြီးအပိုင်ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေ၊ အိမ် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို တရားဝင်ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤကြော်ငြာစာပါသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးယဉ်ထွန်း(စဉ်-၂၄၇၃၆)** (LL.B,LL.M)
**ဒေါ်မျိုးကေသွယ်(စဉ်-၂၄၄၉၆)** (LL.B,LL.M,D.M.L)
**အထက်တန်းရှေ့နေများ**
**အမှတ်(ခ/၄၈၉)၊ ခေမာသီလမ်းမ၊ ရဲစခန်းရှေ့၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၁၁၀၂၅၆၄၊ ၀၉-၃၂၂၄၁၁၁၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၂၄၈ဟု ခေါ်တွင်သော ပေ(၄၀×၆၀)ပေါ်တွင် ဆောက်လုပ်ထားသည့် ကန်ထရိုက်တိုက်ခန်း၏(A-1)မြေညီထပ်၊ ပေ(၁၈×၅၄) အကျယ်အဝန်းရှိ အခန်းအား လက်ရှိပိုင်ဆိုင်ထားကြောင်း အဆိုပြုသူ ဒေါ်သန်းသန်းငွေ ၁၂/သဃက(နိုင်)၀၅၀၂၅၄က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချမည်ဖြစ်ကြောင်း ဝယ်ယူသူများသို့ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းအပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကိုကိုဦး(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၈၀၆၅)
**ဦးခင်မောင်မြင့်** LL.B,D.B.L,D.M.L,D.I.L DPM(CAMBRIDGE) တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၈၃) ဖုန်း-၀၉-၄၃၀၃၂၁၈၁
**ဒေါ်အိသူသူဇင်(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၈၀၆၀)
**အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/6865 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/9714 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**


SAMSUNG
Galaxy S8 | S8+
Unbox your Phone
Best Signal
Premium Care Service
No worry crack
from 12 May 2017 to 12 May 2018
MPT
လစဉ် ၅,၀၀၀ ကျပ်ငွေဖြည့်ပြီး အခမဲ့ အင်တာနက် လစဉ် 1.5 GB (၆) လ ရယူပါ။ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်ရှိသည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
7AM to 11PM

ဘုရား၊ ရဟန်း၊ သိမ်၊ ရေတွင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်ထွေး

(မြို့နယ်ကုန်သွယ်ရေး၊ ငြိမ်း)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ မေယု(၅)လမ်း၊ အမှတ် ၁၅၁နေ ဦးမြင့်ဝေ (တပ်မတော်-လေ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ မန္တလေးမြို့နေ ဒေါ်ရင်နု၏ညီမ၊ ဝေပုလ္လ(၆)လမ်းနေ ဦးကျော်ကျော်ဦး-ဒေါ်ခင်လှကြည်၊ ဦးအောင်ဂျာ-ဒေါ်ချိုချိုမြင့်၊ ဦးမြတ်မင်းစိုး-ဒေါ်လှလှအေး၊ ဦးရန်လင်းထိုက်-ဒေါ်ဥမ္မာမြင့်တို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၂-၅-၂၀၁၇ ရက် နံနက် ၂း၁၆နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် မန္တလေးမြို့ အေးရိပ်ငြိမ်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကံလှ (စစ်ကွင်း)

အသက်(၈၉)နှစ်

စစ်ကွင်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးလှသိန်း-ဒေါ်သန်းသန်းဌေးတို့၏ ဖခင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့ မြို့အလယ်လမ်းနေ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဦးကံလှ အသက်(၈၉)နှစ်သည် ၁၁-၅-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းပါသည်။

အမှုဆောင်အဖွဲ့
စစ်ကွင်းအသင်း

---

## ကျေးဇူးတင်ရှိခြင်း

၃၀-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားသည့် ဒေါ်သန္တာခိုင် (အသက်-၅၇နှစ်) အား အထူးဂရုစိုက်ကြပ်မတ်ကုသပေးခဲ့ကြသည့် ဆေးရုံကြီး တပ်မှူး ဗိုလ်မှူးချုပ် စိုးလိုင်နှင့်ဆေးဝန်ထမ်း၊ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ၊ ၂-၅-၂၀၁၇ ရက်(အင်္ဂါနေ့)တွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ရာတွင် လိုက်ပါပို့ဆောင်ပေးခဲ့ကြသည့် အကြီးအကဲ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်နီးရပ်ဝေးတို့မှ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ လူမှုကွန်ရက်မှလည်းကောင်း၊ သတင်းမေးဆုတောင်းပေးခဲ့ကြပြီး နာရေးကိစ္စအဝဝအတွက် အမျိုးမျိုး အားပေးကူညီခဲ့ကြသော အကြီးအကဲ ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော်(ငြိမ်း)နှင့် ကျန်ရစ်သူမိသားစု

---

## ဦးထွန်းရှိန်(မော်လမြိုင်၊ ဖားအောက်) အသက်(၇၉)နှစ်

မန်နေဂျာ(ယာဉ်/စက်) (ငြိမ်း)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အမှတ် ၁၀၅/၄ နေ (ဦးပါနီ-ဒေါ်ကွန်မေ)တို့၏သား၊ ဦးဝင်းကြည်-ဒေါ်ညွန့်ညွန့်အုန်း၊ ဦးတင်ဝင်း-ဒေါ်ခင်ရွှေတို့၏အစ်ကို၊ ဒေါ်လှမြင့်၏ခင်ပွန်း၊ ဦးသက်လွင်-ဒေါ်အေးအေးချို(အထက၊ သုဝဏ္ဏ)၊(ဒေါ်စန္ဒာထွန်း)၊ဒေါ်နီနီထွန်း၊ ဦးသက်လှင်ထွန်း၊ ဒေါ်ကြည်ကြည်ထွန်းတို့၏ဖခင်၊ တူ၊ တူမ ၁၄ယောက်တို့၏ဘကြီးသည် ၁၁-၅-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၇ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်သိန်း

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၅ နေ ဦးထွန်းရီ[စီမံကိန်းမန်နေဂျာ(လယ်-စိုက်/ရှင်း)]၏ဇနီး၊ ဒေါ်စန်းစန်းသွယ်၊ ဒေါ်မိုးမြင့်သွယ်( Salika CO.,Ltd)-MR. Norinobu Shimji ၊ ဦးကျော်မင်းထွန်း-ဒေါ်ခင်စန်းမြိုင်၊ ဦးတင့်ဇော်-ဒေါ်ခင်သင်းရီ( Pure Water Engineering Services Co.Ltd)၊ ဦးကျော်ဝင်းထွန်း( 3/ Enginner Uniteam Co.,Ltd)တို့၏ မိခင်၊ စုချယ်ရီလှိုင်၏အဘွားသည် ၁၁-၅-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၅း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၇ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးသျှင်

ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်း

အသက်(၇၄)နှစ်

ပြည်မြို့၊အောင်ဆန်းရပ်ကွက်၊ အမှတ် ၇/၈နေနှင့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မာတလီလမ်း၊ တိုက်အမှတ် ၂၂၊ အခန်း ၁၉နေ ဒေါ်တင်တင်နွယ်၏ချစ်လှစွာသောခင်ပွန်း၊ မမြတ်သက်နွယ် (JF Group)၊ ကိုဥက္ကာကျော်-မသဉ္ဇာလှိုင်တို့၏ဖခင်၊ မောင်အောင်ခန့်ပိုင်၊ မောင်မျိုးဆက်ပိုင်တို့၏အဘိုးသည် ၁၁-၅-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၇ရက် (စနေနေ့) ညနေ ၃ နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်၌သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

## ဦးထွန်းဝင်း (စနဲမြို့)

အသက်(၅၂)နှစ်

စနဲမြို့နယ် လူမှုရေးအသင်း(ရန်ကုန်) ဝင် မောင်အောင်ခင်၏ဖခင်၊ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ စနဲမြို့၊ အရှေ့ထိန်ဒွေရပ်ကွက်နေ ဒေါ်စန်းစန်းဝင်း၏ ခင်ပွန်း ဦးထွန်းဝင်းသည် ၁၃-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၇ရက်(စနေနေ့)တွင်အမှတ်(၂/၁)ခ၊ ဝါဦး ၁လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်မှ မွန်းလွဲ ၁း၃၀နာရီတွင် ကားစတင်ထွက်ခွာပြီး ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် စနဲမြို့နယ် လူမှုရေးအသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်ကော်မတီ
စနဲမြို့နယ်လူမှုရေးအသင်း(ရန်ကုန်မြို့)

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်နု

(ကျိုက်လတ်၊ ပန်းပဲစု)

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊အာဇာနည်လမ်း၊အမှတ် ၁၁နေ(ဦးထောင်-ဒေါ်ဝက်မ)တို့၏သမီး၊ (ဦးခင်မောင်)၏ဇနီး၊ ဒေါ်စန်းစန်း-ဒေါက်တာဒေါ်လှလှ၊ (ဦးမောင်မောင်ဦး၊ ဆောက်လုပ်ရေး) - ဒေါ်နုနုထွေး (ဆည်မြောင်း)၊ ဦးမောင်မောင်အေးတို့၏ချစ်လှစွာသောမိခင်၊ မဆွေဇင်စိုး (ခေတ္တ-စင်ကာပူ)၏ အဘွားသည် ၁၁-၅-၂၀၁၇ရက် (ကြာသပတေးနေ့) ည ၉း၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၇ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)

## ဦးအောင်ခိုင်

သက်ကြီးကန်တော့ခံ

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊အမှတ် ၁၃နေ(ဦးညို-ဒေါ်စောရင်)တို့၏သား၊ ဒေါ်မြင့်မြင့်သိန်း(ခ)ဒေါ်ခင်နှင်းဆီ၏ ခင်ပွန်းသည် ၁၁-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

တောင်ကြီးအသင်း(ရန်ကုန်)

## ဦးစိုင်းသက်ဝင်း

(ကန်တော့ခံပုဂ္ဂိုလ်)

ကမ္ဘောဇလွှယ်အိတ်

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်းအနောက်ရပ်ကွက်၊ စကားဝါလမ်း၊ ပထမထပ်၊ အမှတ် ၃၀နေ ဦးဂျဖား-ဒေါ်အမ်တို့၏သား၊ (ဒေါ်နန်းအေးမြင့်)၏ခင်ပွန်း ဦးစိုင်းသက်ဝင်း(ကန်တော့ခံပုဂ္ဂိုလ်)သည် ၉-၅-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

မြေပုံမြို့နယ်အသင်း(ရန်ကုန်)

## ဦးထွန်းဝင်း(ခ) ထွန်းဝင်းချေ

ဂုဏ်ထူးဆောင်အသင်းဝင်

အသက်(၄၈)နှစ်

(ဦးထွန်းမောင်-ဒေါ်ကျင်နု)တို့၏ သား၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အပိုင်း ၁၇၊ ဓမ္မာရုံအနီး (ဝါယာလက်)နေ ဒေါ်မအေးသန်း၏ခင်ပွန်း၊ မစောပြည့်ခိုင်၊ မဆန္ဒခိုင်တို့၏ ဖခင်သည် ၁၁-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (တာမွေအပိုင်းထိပ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြမြသိန်း (သထုံ၊ မော်လမြိုင်မြို့)

အသက်(၉၀)

ရန်ကုန်မြို့၊ အခန်းအမှတ် ၂၀၁၊ Orchid Condo၊ အလုံလမ်း၊ အလုံမြို့နယ်နေ (ဦးလွန်းမောင်-ဒေါ်အုန်းတင်)တို့၏သမီး၊ (ဦးလှမြင့်)၏ဇနီး၊ (ဦးမြသောင်း)၊ ဒေါ်မြင့်မြင့်-(ဦးစောလှိုင်)၊ ဦးလှသိန်း-ဒေါ်လှမွန်တို့၏အစ်မ၊ ဒေါ်ချိုပြုံး၊ ဒေါ်မဉ္ဇူလှိုင်-Captain ဆန်းဦး၊ ဒေါ်နွယ်နီလှိုင်၊ ဦးသိန်းကိုကိုတို့၏ကြီးကြီး၊ ဒေါ်ခင်မာမာ-ဦးအေးကို၊ (ဦးသန့်စင်)တို့၏မိခင်၊ ဒေါ်စိုးစိမ့်စိမ့်အေး-ဦးမောင်မောင်ထွန်း၊ ဒေါ်ခိုင်မို့မို့အေး-ဦးစိုးဝင်း၊ ဒေါက်တာအောင်မြတ်ကို-ဒေါ်အေးအေးသန်း၊ ဒေါ်မိုးမြတ်မြတ်အေး-ဦးခိုင်စိုး၊ ဒေါ်ခင်သန့်စင်ဦး(USA)တို့၏ အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၁၂-၅-၂၀၁၇ရက် (သောကြာနေ့)နံနက် ၆း၃၆နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြမြသိန်း (သထုံ၊ မော်လမြိုင်မြို့)

အသက်(၉၀)

ရန်ကုန်မြို့၊ အခန်းအမှတ် ၂၀၁၊ Orchid Condo၊ အလုံလမ်း၊ အလုံမြို့နယ်နေ(ဦးလွန်းမောင်-ဒေါ်အုန်းတင်)တို့၏သမီး၊ (ဦးလှမြင့်)၏ဇနီး၊ ဒေါ်စိုးစိမ့်စိမ့်အေး-ဦးမောင်မောင်ထွန်း၊ ဒေါ်ခိုင်မို့မို့အေး-ဦးစိုးဝင်း၊ ဒေါက်တာအောင်မြတ်ကို-ဒေါ်အေးအေးသန်း၊ ဒေါ်မိုးမြတ်မြတ်အေး-ဦးခိုင်စိုးတို့၏အဘွား၊ မထွန်းအိသက်ကို၊ မချိုဇင်သက်($4^{th}$ ဗိသုကာ၊ WYTU)၊ မောင်အောင်ခိုင်မင်း[နောက်ဆုံးနှစ်၊ အပိုင်း(က)၊ ဆေးတက္ကသိုလ်(၁)]၊ မဆုမြတ်အောင်( 3rd၊ အင်္ဂလိပ်စာ၊ UFL)၊ မောင်မင်းခန့်ထွန်းနိုင်($1^{st}$ စက်မှု၊ WYTU)တို့၏အဘွားသည် ၁၂-၅-၂၀၁၇ရက်(သောကြာနေ့)နံနက် ၆း၃၆နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

## ဒေါ်သန်းရီ (သရက်မြို့)

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ဒဂုံလွင်လမ်း၊အမှတ်4/B၊ အခန်း ၄၀၂နေ (ဦးဘသော်-ဒေါ်ငွေ)တို့၏သမီး၊ (ရဲမှူးကြီး ကြီးမောင်)၏ဇနီး၊ ဦးမိုးသက် (MD, CBS Co., Ltd.)-ဒေါ်မြသီတာ၏ချစ်လှစွာသောမိခင်၊ ဦးဟန်မင်းဦး-ဒေါ်ရည်မွန်သက် (S.I.E.C School)၊ ဦးဂျိမ်း(စ်)ဇကပ်မန်း(Queens Park Hotel)-ဒေါ်ခိုင်ဝါသက်၊ ဦးညီညီစိုး (သစ်တောဦးစီးဌာန၊ သထုံ)-ဒေါ်အိအိသက်၊ ဦးမိုးဟိန်း(မြဝတီခရီးသွားလုပ်ငန်း) - ဒေါ်ခိုင်တင်ဇာအောင်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၅-၂၀၁၇ရက်(သောကြာနေ့) နံနက် ၉နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၅-၂၀၁၇ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

## ဒေါ်ခင်ရီ (လှည်းကူးမြို့)

အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ဈေးကြီးရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ဈ-၃၁နေ (ဦးကံစိန်-ဒေါ်အုံးမြိုင်)တို့၏သမီး၊ (ဦးဘလှိုင်-ဒေါ်ငယ်)တို့၏သမီးချွေးမ၊ ဦးမြဝင်း(ကြံတိုင်းအောင် ဆန်စက်)၏ဇနီး၊ ဦးသူရဝင်း (လ/ထ ညွှန်ကြားရေးမှူး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်)-ဒေါက်တာအိကေသွယ်(လ/ထညွှန်ကြားရေးမှူး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နေပြည်တော်)၊ ဦးအောင်မြတ်ကို (ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်မာလာဝင်း(အငယ်တန်းအင်ဂျင်နီယာ-၂၊ Y.C.D.C)၊ ဦးကျော်ဇေယျာနိုင်-ဒေါ်မို့မို့ခင်(ကြံ တိုင်းအောင် ဆန်စက်)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၂-၅-၂၀၁၇ ရက်(သောကြာနေ့) နံနက် ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် လှည်းကူးမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

## ဒေါ်ခင်ရီ (လှည်းကူးမြို့)

အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ဈေးကြီးရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ဈ-၃၁နေ (ဦးကံစိန်-ဒေါ်အုံးမြိုင်)တို့၏သမီး၊ (ဦးဘလှိုင်-ဒေါ်ငယ်)တို့၏သမီးချွေးမ၊ ဦးဌေးအောင်(ကျောင်းအုပ်ကြီး၊ ငြိမ်း၊ ပခုက္ကူ ပညာရေးကောလိပ်) - ဒေါ်သိန်းဌေး (အလပြ၊ ငြိမ်း)၊ ဒေါ်သန်းဌေး (အထပြ၊ ငြိမ်း)၊ ဒေါ်အေးအေးမြင့် (အထပြ၊ အထကခွဲ၊ ကျွန်းကလေး၊ လှည်းကူး)၊ ဦးသိန်းထွန်း-ဒေါ်တင်ဥ (တောင်ဥက္ကလာပ၊ ရန်ကုန်)တို့၏အစ်မ၊ ဦးအောင်ဇေယျဌေး-ဒေါ်ဝင်းစန္ဒာအောင်၊ ဦးဝဏ္ဏဌေး၊ ဦးနေလင်းဦး-ဒေါ်နီလာဌေး၊ ဦးဇေယျာထွန်း-ဒေါ်ချယ်ရီဝင်း၊ ဦးသက်နိုင်-ဒေါ်ဝင်းသန္တာထွန်း၊ ဦးတင်လင်းရှိန်-ဒေါ်ဝင်းနန္ဒာထွန်း၊ ဒေါ်နန်းစုလှိုင်တို့၏ အဒေါ်သည် ၁၂-၅-၂၀၁၇ရက် (သောကြာနေ့) နံနက် ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် လှည်းကူးမြို့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမတစ်စု

---

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

## ဒေါ်သန်းရီ (သရက်မြို့)

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ အမှတ် 4/B၊ အခန်း ၄၀၂နေ ဦးမိုးသက်-ဒေါ်မြသီတာတို့၏ ချစ်လှစွာသောမိခင်၊ ဦးမြတ်မင်း-ဒေါ်ခင်ဆွေဝင်း၊ ဦးသန့်ဇော်-ဒေါ်ခင်ညွန့်ရီ၊ ဒေါ်တင်ထားဦး၊ ဦးတင့်စိန်ဖူး-ဒေါ်မီမီဟန်၊ ဦးစိုးဝင်း-ဒေါ်ချိုမာ၊ ဦးမြင့်လွင်-ဒေါ်နီလာထွန်း၊ ဦးမျိုးသက်နွယ်-ဒေါ်မိုးမိုးဟန်၊ ဦးမျိုးသန့်-ဒေါ်ချိုသီတာ၊ ဦးကြည်စိုး-ဒေါ်မြမြခက်၊ ဦးမင်းထွဋ်-ဒေါ်တင်တင်ထွေး၊ ဦးအောင်အောင်-ဒေါ်နန္ဒာလှိုင်တို့၏အဒေါ်သည် ၁၂-၅-၂၀၁၇ရက် (သောကြာနေ့)နံနက်၉နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၈-၅-၂၀၁၇ ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

တူ/တူမများ

---

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဦးကျော်မြင့် (ပုလော)

အသင်းဝင်အမှတ်-၂၈၆၇

အသက်(၆၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ရှမဝ ၂လမ်းနေ ဒေါ်အေးတင်၏ခင်ပွန်းသည် ၉-၅-၂၀၁၇ ရက်(အင်္ဂါနေ့)ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၇ရက် (ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင်နေအိမ်မှပုလောမြို့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

---

သုံးဆယ်မြို့အသင်း(ရန်ကုန်)

ဂုဏ်ထူးဆောင်အသင်းဝင်

## ဒေါ်ခင်ရီ

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သုမနလမ်း၊ အမှတ် (၂၆၁/က)နေ ဦးမြစန်း၏ ဇနီးသည် ၁၁-၅-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၁၇ရက်(စနေနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## မယ်ဖကာနန်းငင်းထီးခမ်း (မိုင်းဖြတ်မြို့)

အသက်(၉၉)နှစ်

မိုင်းဖြတ်မြို့နေ (ဦးဖကာန္တဲ့လုံ-ဒေါ်နန်းခမ်းအီ)တို့၏သမီးထွေး၊ တာချီလိတ်မြို့၊ မိုင်းဖုန်းမြို့၊ ပါခါရွာနေ (ဦးခွန်ဆန်မဟာဝုန်း-ဒေါ်နန်းရုံန်)တို့၏ သမီးချွေးမ၊ (ဦးခွန်စံခတ်)၏ဇနီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အမှတ် ၇၊ ကျောင်းလမ်းနေ (ဦးသန်းလွင်)-ဒေါ်နန်းကျောက်စံခတ်(ခ)Rose Mary Khat၏ချစ်လှစွာသောမိခင်၊ မစန္ဒာလွင်(ခ)နန်းပိုးဖတ်၊ မောင်အောင်ဇော်-မနန်းကေသီလွင်(ခ)နန်းကျန်ရှုန်၊ မောင်မြတ်လွင်(ခ)စိုင်းရှုန်ကျောက်တို့၏ အဘွား၊ မနန်းဝါဝါစိုး(ခ)နန်းဆီခမ်းစံခတ်၏ဘွားဘွားကြီးသည် ၁၂-၅-၂၀၁၇ ရက်(သောကြာနေ့) မွန်းလွဲ ၂း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးမြတင် (ငြိမ်း)

မော်ကွန်းဝင်တတိယဆင့်

တဆရ(၁၀၀၀)မင်္ဂလာဒုံ (ကြည်း/၁၃၄၄၇)

အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ ၁၁လမ်း၊ အမှတ်(၉၁၆/က)နေ (ဦးမောင်ချစ်-ဒေါ်ထားမေ)တို့၏သား၊ (ဒေါ်တင်အိ)၏ ခင်ပွန်း၊ ဦးအုန်းသန်း(ဓာတ်မှန်ကျွမ်းကျင်၊ ငြိမ်း)-ဒေါ်သန်းခင်(အလက၊ ငြိမ်း)၊ (ဦးတင်စိန်၊ ဦးစီးအရာရှိ၊ သမ/ဦးစီး၊ ငြိမ်း)၊ ဦးအောင်သန်း(လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကညန)-ဒေါ်ခင်မာကြည်(အထက-၅၊ မင်္ဂလာဒုံ)၊ ဦးရဲသိန်း (ဦးစီးအရာရှိ၊ ငြိမ်း၊ ကက-ငွေ) - ဒေါ်သန်းသန်းဝင်း[ဆလအ (၉၆၀) ငြိမ်း]၊ ဦးကြည်သန်း(ဆည်မြောင်းဦးစီး)၊(ဦးအောင်စိုးမြင့်)တို့၏ဖခင်၊မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၂-၅-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်မြ (ဒိုက်ဦး)

အသက်(၉၇)နှစ်

ဗိုလ်မှူးချုပ်မျိုးတင့်အောင်-ဒေါ်သက်သက်မွန်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ကျင်မြ(ဒိုက်ဦး)သည် ၁၀-၅-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်သူငယ်ချင်းများ
(၁၉၈၆-၁၉၈၇ တက္ကသိုလ်ခြေလျင်နှင့်တောင်တက်သူငယ်ချင်းတစ်စု)

---

## ဒေါ်သန်းသန်း (မိုးကုတ်)

အသက်(၈၁)နှစ်

မိုးကုတ်မြို့နေ (ဦးစံလင်း-ဒေါ်မြရီ)တို့၏သမီး၊ (ဦးဘနီ-ဒေါ်အေး)၊ (ဒေါ်ဌေး)တို့၏တူမ၊ စစ်ချောင်း(မအူပင်)မြို့နေ (ဦးဘမောင်-ဒေါ်ငွေ)တို့၏ ချွေးမ၊ (ဦးမောင်မောင်မြင့်)၏ဇနီး၊ ဒေါ်လှလှ၏အစ်မ၊ ဒေါ်လီလီမြင့်၊ ဦးသန်းထွဋ်-ဒေါ်နန်းခမ်းဖူး၊ ဦးညီညီလွင်-ဒေါ်နွယ်နွယ်ဝေ၊ ဦးကျော်စိုးလွင်-ဒေါ်မျိုးမျိုးသိန်းတို့၏မိခင်၊ မဆုမြတ်သဇင်၊ မဖြူးကေခိုင်၊ မခင်ကြယ်စင်ဖြူတို့၏ အဘွားသည် ၁၂-၅-၂၀၁၇ရက် (သောကြာနေ့) နံနက် ၂း၂၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အမှတ် ၁၄၆၊ သုနန္ဒာ ၉လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၅-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်ခင်လှရည် (ပဲခူး)

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

အသက်(၇၅)နှစ်

ပဲခူးမြို့၊ မော်ကန် ၂လမ်း၊ အမှတ် ၆၁၉နေ(ဦးချစ်မောင်-ဒေါ်သန်း)တို့၏ သမီး၊ (ဦးထွန်းကြည်-ဒေါ်သန်းရင်)တို့၏ချွေးမ၊ ဒေါက်တာထင်ဇော်မြင့်(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ တောင်ငူတက္ကသိုလ်)-ဒေါ်မိုးမိုးအေး၊ (ဦးဝင်းလှိုင်)-ဒေါ်ဖြူဖြူသင်းမြင့်(SAE ပဲခူးတိုင်းဆောက်လုပ်ရေး)၊ ဦးအောင်ကျော်ဦး-ဒေါ်ချိုချိုသင်းမြင့်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ (ဦးမြင့်ရွှေ၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ဇနီးသည် ၁၁-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၇ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးမော်နီ(ဓနုဖြူ) အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် ၅၁၊ မြေညီထပ်နေ ဒေါ်ခင်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဓနုဖြူမြို့နေ ဦးသိန်း-(ဒေါ်ကျင်ငွေ)တို့၏သား၊(ဒေါက်တာဦးအောင်သာ-ဒေါ်အေးအေးသွင်)တို့၏ သားသမက်၊ (ဦးမော်စီ-ဒေါ်သိန်းနု)၊ (ဦးမော်ရီ)-ဒေါ်ခင်စန်းမော်၊ ဦးမင်းကြည်-ဒေါ်မြမြလွင်တို့၏ညီ/အစ်ကို၊ မောင်ဇေယျာမော်-မခိုင်ဝေဇင်၊ မောင်ဉာဏ်လင်းမော်၊ မောင်ကောင်းထက်မော်တို့၏ဖခင်၊ မြေးတစ်ယောက်၏အဘိုးသည် ၁၂-၅-၂၀၁၇ရက်(သောကြာနေ့)နံနက် ၅း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဥမ္မာကြည်

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ ဗညားဒလလမ်း၊ တိုက် B-2၊ အခန်း ၁၀၆(ပ-လွှာ)နေ (ဦးကြည်)-ဒေါ်ထားညွန့်(ကြည်မိသားစု)တို့၏သမီး၊ (ဦးထိန်လင်းကြည်)၊ ဦးမျိုးမင်းကြည်-ဒေါ်ဖြူဖြူဝင်း၊ ဦးပြည့်ဖြိုးအောင်-ဒေါ်ခင်လေးကြည်တို့၏အစ်မ၊ တူ၊ တူမ ငါးယောက်တို့၏ အဒေါ်သည် ၁၂-၅-၂၀၁၇ရက်(သောကြာနေ့)နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အာရှ-ပစိဖိတ်ဒေသဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲတက်ရောက်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

**နေပြည်တော် မေ ၁၂**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Madam Nguyen Thi Kim Ngan ၏ဖိတ်ကြားချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် အဖွဲ့သည် ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာခဲ့ရာ ဟိုချီမင်းမြို့သို့ မေ ၁၀ ရက် ဒေသစံတော်ချိန် ည ၈ နာရီခွဲတွင် ရောက်ရှိကြသည်။

**ဖွင့်ပွဲတက်ရောက်**

အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မေ ၁၁ ရက် နံနက် ၈နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ GEM Center ၌ " Responding to Climate Change-Action of Legislators to achieve the SDGs " ခေါင်းစဉ်ဖြင့် ကျင်းပသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းသည့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်IPU အဖွဲ့ဝင်နိုင်ငံများမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ IPU ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးချုပ်နှင့် AIPA အထွေထွေအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❄

## မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးတို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

(မိုး/ဇလ)

## တရုတ်နိုင်ငံက ဖော်ဆောင်လျက်ရှိသော ပိုးလမ်းမကြီးသည် ခေတ်မီအဝေးပြေးလမ်းမကြီးဖြစ်လာမည်

စာမျက်နှာ ❖ ၁၀

## ၄၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ ၂၄ မြို့နယ်တွင် သဘာဝဘေးဒဏ်ခံခဲ့ရ

စာမျက်နှာ ❖ ၁၁

## မောင်တောခရိုင်အတွင်း မီးလောင်ပျက်စီးခဲ့သော နေအိမ်များ မိုးမကျမီ အပြီးတည်ဆောက်မည်

စာမျက်နှာ ❖ ၁၂

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) ဆက်လက်ကျင်းပမည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် မေ ၁၂**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃)ကို ယခု တစ်ပတ်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် ဒုတိယနေရာမှ ရှမ်းယူနိုက်တက်အသင်းတို့မှာ အိမ်ကွင်းပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲစဉ်(၁၃)အဖြစ် မေ ၁၃ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် GFA အသင်း၊ မေ ၁၄ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရခိုင်အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရောဝတီအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်အသင်းနှင့် ဟံသာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၁၂)အပြီးတွင် ရန်ကုန်အသင်းက ၃၂ မှတ်၊ ရှမ်းယူနိုက်တက်အသင်း က ၂၈ မှတ်၊ ရတနာပုံအသင်းက ၂၅ မှတ်၊ ရောဝတီအသင်းက ၁၉ မှတ်၊ ရခိုင်အသင်း က ၁၇ မှတ်၊ မကွေးနှင့် ဇွဲကပင်အသင်းတို့က ၁၄ မှတ်စီ၊ Southern အသင်းက ၁၁ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၀ မှတ်၊ GFA နှင့် နေပြည်တော်အသင်းတို့က ကိုးမှတ်စီ၊ ဟံသာဝတီအသင်းက ရှစ်မှတ်တို့ ရရှိထားသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❍



အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နေသည့် ရှမ်းယူနိုက်တက်အသင်း



# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့....

သဘာဝကပေးထားသောလက်ဆောင်များဖြစ်သည့် တောင်တန်း၊ ပင်လယ်၊ မြစ်ချောင်းများနှင့် မြေဆီသြဇာကောင်းမွန်သော မြေပြန့်လွင်ပြင်များပိုင်ဆိုင် ထားသည့် ရခိုင်ပြည်နယ်သည် မူလကပင် လက်ရာမြောက်သောပန်းချီကားတစ်ချပ်လို လှပနေသည်။

မြန်မာနိုင်ငံ အနောက်ဘက်စွန်းတွင်ရှိနေပြီး အရေးပါသောပြည်နယ်တစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်အား ဖွံ့ဖြိုးတိုးတက်မှုဝေစည်စေရန် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းများဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်းနှင့် လျှပ်စစ်မီးများ လင်းဖြာစေနိုင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ယခုအခါ ရခိုင်ပြည်နယ်သည်အလှတွင်အယဉ်ဆင့်ကာ အမြင်တင့်တယ်ရေး ဦးတည်နေပြီ ဖြစ်သည်။


ကျောက်ဖြူမြို့နယ်ရှိ မိုးလေဝသ ရေဒါအဆောက်အအုံ

## ရခိုင်ပြည်နယ်
## ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ

မောင်မောင်မြင့်ဆွေ

### တောင်စွယ် တောင်တန်းများ

ရခိုင်ရိုးမတောင်တန်း၊ မေယုတောင်တန်းနှင့် တောင်စွယ်များက ပြည်နယ်အတွင်းသာမက ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့နှင့် ကူးလူးဆက်ဆံရာတွင် ယခင်က အခက်အခဲအဟန့်အတားများ ဖြစ်စေခဲ့သည်။

### မြစ်ချောင်းကြီးများ

လေကြောင်းခရီးစဉ်ဖြင့်သာ အားထားသွားခဲ့ရသဖြင့် ကုန်စည်စီးဆင်းမှု အားနည်းခဲ့ပြီး ကုန်သွယ်ရေးလုပ်ငန်းများ ဖြစ်ထွန်းမှုနည်းပါးခဲ့သည်။ ထို့အတူ ရခိုင်ပြည်နယ်တွင် မေယုမြစ်၊ လေးမြို့မြစ်နှင့် ကစ္ဆပနဒီမြစ်များအပြင် အခြားသောမြစ်ချောင်းများ ဖြတ်သန်းစီးဆင်းနေသဖြင့် ခရီးလမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို နှေးကွေးအောင် ပိုင်းခြားထားသလို ဖြစ်နေခဲ့သည်။

### ရခိုင်ပြည်နယ်သို့ အဓိက ဝင်ပေါက်လမ်းမကြီး သုံးခု

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်နိုင်ရန် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်အတွက် အဓိကလမ်းမကြီးသုံးခုကို ဖောက်လုပ်ပေးလျက်ရှိသည်။ ထိုလမ်းမကြီးသုံးခုမှာ မင်းဘူး-အမ်း-စစ်တွေလမ်း၊ ပြည်-ပန်းတောင်း-တောင်ကုတ်-ကျောက်ဖြူလမ်း၊ ငါးသိုင်း ချောင်း-ဂွ-သံတွဲလမ်းတို့ ဖြစ်သည်။

ထိုလမ်းမကြီးသုံးခုသည် ရခိုင်ပြည်နယ်သို့ အဓိက ဝင်ပေါက်လမ်းမကြီး သုံးခုဖြစ်ရာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်လမ်းများလည်း ဖြစ်သဖြင့် နိုင်ငံတော်က အလေးထားကြိုးစားအကောင်အထည်ဖော်ပေးနေခြင်း ဖြစ်သည်။

### မင်းဘူး- အမ်း-စစ်တွေလမ်း

မင်းဘူး-အမ်း-စစ်တွေလမ်းသည် ရောဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့မှ ရခိုင်ပြည်နယ် ဂွမြို့ကို ဆက်သွယ်ထားသည့် ငါးသိုင်းချောင်း- ဂွ- သံတွဲ လမ်းမကြီးနှင့်လည်း ဆက်စပ်လျက်ရှိသည်။ ယခင်က အဆိုပါလမ်းမသည် မင်းဘူးမှ အမ်း၊ အမ်းမှ စစ်တွေမြို့အထိ ရောက်ရှိရာ လမ်းမျက်နှာပြင် ချွတ်ယွင်းမှုနှင့် တံတားများ ကြံ့ခိုင်မှု အားနည်းခြင်း၊ အကွေ့အကောက်များခြင်းတို့ကြောင့် ယခင်က မင်းဘူးမှ စစ်တွေသို့ ကားမောင်းချိန် ၁၆ နာရီခန့် မောင်းနှင်ခဲ့ရသည်။

အချပ်ပို (ခ) သို့





မင်းဘူး-အမ်း-စစ်တွေလမ်း မူလ ၁၂ ပေ အကျယ် ကတ္တရာလမ်းမှ ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်

**မြန်မာနိုင်ငံ အနောက်ဘက်စွန်းတွင်ရှိနေပြီး အရေးပါသော ပြည်နယ်တစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်အား ဖွံ့ဖြိုးတိုးတက်မှု ဝေစည်စေရန် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းများ ဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်းနှင့် လျှပ်စစ်မီးများ လင်းဖြာစေနိုင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိ**

အချပ်ပို(က)မှ

**ရာမောင်ကြိုးတံတား**

ထိုလမ်းပိုင်းရှိ ရာမောင်ကြိုးတံတားမှာလည်း ခံနိုင်ရည် လျော့ကျမှုကြောင့် တံတားပေါ်တွင် မော်တော်ကားများ ဖြည်းညှင်းစွာမောင်းနှင်ခဲ့ရသည်။ ကုန်တင်ကားများ တံတားပေါ်မှ ဖြတ်သန်းနိုင်ခြင်း မရှိသည့်ကာလများလည်း ကြုံခဲ့ရသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနှောင့်နှေးခဲ့ရသည်။

ယခုအစိုးရသစ်လက်ထက်တွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများအဆင့်မြှင့်တင်မှု၊ တိုးချဲ့ဖောက်လုပ်မှုများကိုဆောင်ရွက်ခဲ့ရာ မင်းဘူး-အမ်းလမ်းအပိုင်းတွင် အကွေ့အကောက်များကို ဖြေလျှော့ခြင်း၊ အမ်း-စစ်တွေလမ်းပိုင်းပေါ်မှ ယာယီတံတားများကို သံကူကွန်ကရစ်တံတားအဖြစ် တိုးမြှင့်တည်ဆောက်ခြင်း၊ လမ်းများကို ကွန်ကရစ်လမ်းအဆင့်သို့ တိုးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

**အချိန်မရွေး၊ ရာသီမရွေး လျင်မြန်ချောမွေ့စွာ သွားလာနိုင်**

ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ ရာမောင်ကြိုးတံတားကိုလည်း ဂျပန်နိုင်ငံ JFE ကုမ္ပဏီက နည်းပညာဖြင့် အဆင့်မြှင့်တင်နိုင်ခဲ့မှုကြောင့် ရာမောင်တံတားသည်လည်း ကြံ့ခိုင်မှုရာနှုန်းပြည့်ရှိခဲ့သဖြင့် မော်တော်ကားများ အချိန်မရွေး၊ ရာသီမရွေး လျင်မြန်ချောမွေ့စွာ မောင်းနှင်သွားလာနိုင်ခဲ့ရာ ယခုအချိန်၌ မင်းဘူး-အမ်း-စစ်တွေလမ်းသည် သက်သောင့်သက်သာဖြင့် ကားမောင်းချိန် ၁၂ နာရီခန့်ဖြင့် ရောက်ရှိနေပြီဖြစ်သည်။

ယင်းလမ်းပိုင်းကို လေးနှစ်တာကာလအတွင်း ဆက်လက်ပြီး အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းများပြီးစီးပါက မင်းဘူးမှ အမ်းမြို့ကိုဖြတ်ပြီး စစ်တွေမြို့အထိ ကားမောင်းချိန် ၁၀ နာရီဖြင့် ရောက်ရှိနိုင်တော့မည်ဖြစ်သည်။ ထို့အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလျင်မြန်စွာဖြစ်ထွန်းပေါ်ပေါက်စေရန် အထောက်အကူပြုနိုင်မည် ဖြစ်သည်။ အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော ယနေ့ခေတ်တွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝမ်းသာစရာပင်။

**ပြည်- ပန်းတောင်း- တောင်ကုတ်- ကျောက်ဖြူလမ်းမကြီး**

ဒုတိယဝင်ပေါက်လမ်းဖြစ်သည့် ပြည်-ပန်းတောင်း-တောင်ကုတ်-ကျောက်ဖြူလမ်းကိုလည်း ဖောက်လုပ်ထားရှိရာ လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ယခုအစိုးရတစ်နှစ်တာကာလအတွင်း JICA ၏ ODA အကူအညီဖြင့် ကွန်ကရစ်တံတားခြောက်စင်းကို အဆင့်မြှင့်တင်နိုင်ခဲ့သည်။ ထို့အပြင် လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းအဖြစ် တောင်ကုတ်-မအီလမ်းပိုင်း၊ မအီ-အလယ်ချောင်း လမ်းပိုင်းစသည်တို့တွင် ဆောင်ရွက်ခဲ့ပြီး ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းများအဖြစ်လည်း အဆင့်မြှင့်နိုင်ခဲ့သလို တံတားကိုးစင်းကိုလည်း တည်ဆောက်ပေးနိုင်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အထိ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တိုးတက်ခဲ့ပြီး ပြည်-ပန်းတောင်း-တောင်ကုတ်-မအီ-ကျောက်ဖြူမြို့တို့သည်လည်း တစ်ဆက်တစ်စပ်တည်း ဖြစ်လာခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင် အထောက်အကူပြုပေးနိုင်ခဲ့သည်။ ကားလမ်းအနီးဝန်းကျင်ရှိ မြို့နှင့်ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပံ့ပိုးမြှင့်တင်ပေးနိုင်ခဲ့သည်။




**ငါးသိုင်းချောင်း- ဂွ- သံတွဲလမ်း**

တတိယမြောက်ကားလမ်းမှာ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့မှ ရခိုင်ပြည်နယ်ရှိ ဂွမြို့နှင့် သံတွဲမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းသည် ရခိုင်ရိုးမကို ဖြတ်သန်းဖောက်လုပ်ထားသော ကားလမ်းဖြစ်သည်။ တောင်တန်းများကို ဖြတ်သန်းဖောက်လုပ်ရသဖြင့် ကားလမ်းအရည်အသွေးကောင်းမွန်းမှု အားနည်းချက်ရှိခဲ့သဖြင့် ကားမောင်းနှင်သွားလာရာတွင် အခက်အခဲများ၊ ကြန့်ကြာမှုများ ရှိခဲ့သည်။

**ရန်ကုန် - သံတွဲ ၈ နာရီ**

ယခုအစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ယင်းလမ်းပိုင်းတွင်ပါဝင်သော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကားလမ်းများကိုအဆင့်မြှင့်တင်ခြင်း၊ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်း၊ သံတွဲ-ဂွလမ်းပိုင်းကို ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ တံတားများကို အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်နိုင်ခဲ့သဖြင့် ယခင်က ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းကို အသုံးပြုပြီး ရန်ကုန်မှ သံတွဲသို့ ကားမောင်းရာတွင် အချိန် ၁၂ နာရီခန့် မောင်းနှင်ခဲ့ရသော်လည်း ယခုအခါ အချိန် ရှစ်နာရီခန့်သာ မောင်းနှင်ရုံဖြင့် ရောက်ရှိနိုင်ပြီဖြစ်သည်။

**အချပ်ပို(ဂ)သို့**



သံတွဲ-ဂွလမ်း (၁ ဒသမ ၈ ကီလိုမီတာ-၉ ကီလိုမီတာ)အတွင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီးနောက် တွေ့ရပုံ



ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ ရာမောင်ကြိုးတံတားအား ပြင်ဆင်ပြီးစီးပြီးနောက် တွေ့ရပုံ

**ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများအဆင့်မြှင့်တင်မှု၊ တိုးချဲ့ဖောက်လုပ်မှုများကို ဆောင်ရွက်ခဲ့ရာ မင်းဘူး-အမ်းလမ်းအပိုင်းတွင် အကွေ့အကောက်များကို ဖြေလျှော့ခြင်း၊ အမ်း-စစ်တွေ လမ်းပိုင်းပေါ်မှ ယာယီတံတားများကို သံကူကွန်ကရစ်တံတားအဖြစ် တိုးမြှင့်တည်ဆောက်ခြင်း၊ လမ်းများကို ကွန်ကရစ်လမ်းအဆင့်သို့ တိုးမြှင့်ခြင်းများ ဆောင်ရွက်**



မာန်အောင်ကျွန်းပတ်လမ်းအတွင်း တည်ဆောက်ထားသည့် သံကူကွန်ကရစ် အုန်းချောင်းတံတားကို တွေ့ရစဉ်

## ရခိုင်ပြည်နယ်အတွင်း ကားလမ်းများကို စီမံချက်ချပြီး ဆောင်ရွက်ခဲ့ရာ စစ်တွေ-ပုဏ္ဏားကျွန်း- ရသေ့တောင်-ဘူးသီးတောင်-မောင်တော-အလယ်သံကျော်- အင်ူမော် ကားလမ်းမ ကြီးကိုလည်း ဖောက်လုပ်လျက် ရှိသည်။ ယင်းလမ်းမကြီးကို လာမည့် နှစ်နှစ်အတွင်း အပြီးတည် ဆောက်သွားရန် ကြိုးစား လျက်ရှိ

အချပ်ပို(ခ)မှ

ရန်ကုန်မြို့မှ နံနက် ၆ နာရီထွက်လျှင် သံတွဲမြို့သို့ မွန်းလွဲ ၂ နာရီခန့်တွင် ရောက်ရှိပြီဖြစ်သည်။ ရန်ကုန်နှင့် သံတွဲမြို့သို့ နေ့ချင်းပြန်ခရီးနှင်နိုင်ပြီဖြစ်ရာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မင်္ဂလာရှိသောဆောင်ရွက်မှုပင်။

### ငါးသိုင်းချောင်း- ဂွလမ်း အဆင့်မြှင့်တင်မည်

လာမည့် လေးနှစ်တာကာလအတွင်း ကမ္ဘာ့ဘဏ်အကူအညီ အမေရိကန်ဒေါ်လာ သန်း ၂၀ အသုံးပြု၍ ငါးသိုင်းချောင်း-ဂွလမ်းကို အဆင့်မြှင့်တင်ပြီးပါက ရန်ကုန်မှသံတွဲသို့ ယာဉ်မောင်းချိန်ခုနစ်နာရီဖြင့် ရောက်ရှိနိုင်တော့မည်ဖြစ်သည်။ ထိုသို့အချိန်တိုအတွင်း မော်တော်ကားဖြင့် သွားလာနိုင်မှုကြောင့် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုမှာ သိသိသာသာ မြင့်တက်လာနိုင်မည်ဖြစ်သည်။

ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်ပြီး ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များကို ချိတ်ဆက်နိုင်မည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်နိုင်ခဲ့ပြီဖြစ်သည်။

### ကျောက်တော်- ပလက်ဝ- မတူပီ- ဟားခါးလမ်းမကြီး

ရခိုင်ပြည်နယ်မှ ချင်းပြည်နယ် ပလက်ဝမြို့ထိ ဆက်သွယ်မောင်းနှင်သွားလာနိုင်မည့် ကျောက်တော်-ပလက်ဝ-မတူပီ-ဟားခါးလမ်းမကြီးကိုလည်း ငါးနှစ်အတွင်း ကတ္တရာလမ်းအဆင့်ခင်းပြီး ကားလမ်းကူးတံတားများကို ကွန်ကရစ်တံတားအဖြစ် အပြီးတည်ဆောက်သွားမည်ဖြစ်ရာ ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးလမ်းကြောင်းအသစ်တစ်ခု ထပ်မံတိုးလာခြင်းဖြစ်သည်။

ယင်းလမ်းပိုင်းသည် ရခိုင်ပြည်နယ် ကျောက်တော်မြို့၊ ချင်းပြည်နယ် ပလက်ဝမြို့နှင့် ဟားခါးမြို့တို့အထိ သွားလာနိုင်ပြီး ကလေးမြို့၊ ဂန့်ဂေါမြို့တို့ကိုလည်း သွားရောက်နိုင်မည်ဖြစ်သည်။ ကျောက်တော်-ပလက်ဝ-မတူပီ-ဟားခါး လမ်းမကြီးကိုလည်း ယခုတစ်နှစ်တာကာလအတွင်း မြေသားလမ်းဖောက်လုပ်ပြီးစီးနေပြီး တချို့နေရာများတွင် တံတားတည်ဆောက်ခြင်း၊ ကတ္တရာလမ်းခင်းခြင်းတို့ကို ဆောင်ရွက်ပြီးစီးခဲ့ပြီ ဖြစ်သည်။

### ပြည်နယ်တစ်ခုလုံးဆီသို့

ထိုလမ်းသည် ပခုက္ကူ-ဂန့်ဂေါကားလမ်းပိုင်းနှင့် ဟားခါးမြို့တွင် လာရောက်ဆုံတွေ့မည်ဖြစ်ရာ လမ်းကွန်ရက်များ ကျယ်ပြန့်စွာချိတ်ဆက်နိုင်မှုကြောင့် ရခိုင်ပြည်နယ်သို့ နေရာဒေသအသီးသီးမှ ကုန်သွယ်မှု၊ ကုန်ပစ္စည်းစီးဆင်းမှု၊ ခရီးသွားလာမှုများ လွယ်ကူမြန်ဆန်လာမည် ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း နေရာဒေသအနှံ့အပြားတွင် မော်တော်ကားဖြင့် ရာသီမရွေး၊ အချိန်မရွေး သွားလာနိုင်ရန် လမ်းတံတားများကို အခက်အခဲအမျိုးမျိုးကြားမှ တိုးမြှင့်ဖောက်လုပ်တည်ဆောက်ခဲ့ရာ ယခုအခါ ရခိုင်ပြည်နယ်တစ်ခုလုံးနေရာအတော်များများဆီသို့ မော်တော်ယာဉ်ဖြင့် သွားလာနိုင်ကြပြီဖြစ်သည်။

### စစ်တွေ-ပုဏ္ဏားကျွန်း- ရသေ့တောင်-ဘူးသီးတောင်-မောင်တော-အလယ်သံကျော်-အင်ူမော်ကားလမ်းမကြီး

ယခုအစိုးရသစ်လက်ထက်တွင် ရခိုင်ပြည်နယ်အတွင်း ကားလမ်းများကို စီမံချက်ချပြီး ဆောင်ရွက်ခဲ့ရာ စစ်တွေ-ပုဏ္ဏားကျွန်း- ရသေ့တောင်-ဘူးသီးတောင်-မောင်တော-အလယ်သံကျော်-အင်ူမော်ကားလမ်းမကြီးကိုလည်း ဖောက်လုပ်လျက်ရှိသည်။ ယင်းလမ်းမကြီးကို လာမည့် နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားရန် ကြိုးစားလျက်ရှိသည်။ ယခုအခါ စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင် တစ်ဖက်ကမ်းအထိ မော်တော်ယာဉ်များသွားလာနိုင်ပြီဖြစ်သည်။

ဘူးသီးတောင်-မောင်တော-ရသေ့တောင်မြို့တို့သည် ကားဖြင့် သွားရာတွင် ခက်ခဲသော မြို့များဖြစ်ခဲ့ပြီး ယခင်က ရေလမ်းခရီးဖြင့်သာ သွားလာ၍ရသည့် နေရာများဖြစ်သည်။




စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်-မောင်တော-အင်ူမော် လမ်းပြမြေပုံ

### ရသေ့တောင်နှင့် ဘူးသီးတောင်အကြား တံတားများ တည်ဆောက်ခြင်း

ရသေ့တောင်မှ ဘူးသီးတောင်မြို့နယ်အထိ လမ်းပိုင်းတွင် တံတားများ တည်ဆောက်ရန်ရှိရာ နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ဘူးသီးတောင်-မောင်တောလမ်းပိုင်းတွင်လည်း ယခင်က ၆၅၈ ပေရှိသော လိုဏ်ခေါင်းကြီးရှိနေရာ ယာဉ်ကြီးများသွားလာရာတွင် အဟန့်အတားသဖွယ်ဖြစ်နေသဖြင့် ယခုအခါ လမ်းသစ်ဖောက်လုပ်ခဲ့သည်။

ထို့ကြောင့် ဘူးသီးတောင်-မောင်တောကို အချိန်မရွေး၊ ရာသီမရွေး လွယ်ကူချောမွေ့စွာဖြင့် မြန်မြန်ဆန်ဆန်သွားရောက်နိုင်ပြီဖြစ်သည်။ မောင်တောမြို့နယ်မှ အလယ်သံကျော်၊ အလယ်သံကျော်မှ အင်ူမော်အထိ မိုင် ၅၀ ခရီးကို လွန်ခဲ့သောနှစ်များက လမ်းတံတားများ မပြင်ဆင်နိုင်ခဲ့မှုကြောင့် မော်တော်ကားဖြင့် ငါးနာရီခန့်ကြာအောင် သွားခဲ့ရသောခရီးကို ယခုအစိုးရလက်ထက်တွင် လမ်းအဆင့်မြှင့်တင်နိုင်ခဲ့သဖြင့် မောင်တောမှ အင်ူမော်အထိ ယာဉ်မောင်းချိန် နှစ်နာရီဖြင့် ရောက်ရှိနိုင်မည်ဖြစ်သည်။

ထိုသို့သွားလာနိုင်မှုကြောင့် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပံ့ပိုးပေးနိုင်တော့မည်ဖြစ်သည်။ လမ်းကွန်ရက်များအဆင့်မြှင့်တင်ပြီးပါက ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများဖြစ်သော ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်တို့သာမက ရခိုင်ပြည်နယ်တစ်ခုလုံးနှင့် ချိတ်ဆက်နိုင်မည့်အပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များကိုလည်း ကျယ်ပြန့်စွာ အချိန် ရာသီမရွေး သွားရောက်နိုင်မည်ဖြစ်ရာ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများကဲ့သို့ ရခိုင်ပြည်နယ်သည်လည်း ဟန်ချက်ညီညီ တိုးတက်လာနိုင်တော့မည်မှာ မလွဲဧကန်ဖြစ်သည်။

အချပ်ပို(ဃ)သို့



ဘူးသီးတောင်-မောင်တောလမ်း မိုင် (၆/၇-၇/၀) ကြား အရှည်ပေ ၄၀ တံတားအမှတ် (၁၃/၇) ကို သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း ဆောင်ရွက်ပြီးနောက် တွေ့ရပုံ

အချပ်ပို(ဂ)မှ

**သီးသန့်ရန်ပုံငွေမှ သန်း ၃၆၀၀ ကျော်**

ယခုအချိန်တွင် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေ ၃၆၅၆ ဒသမ ၈၄၀ သန်းဖြင့် ရခိုင်ပြည်နယ်တွင် ကျေးလက်လမ်းတံတားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ အသစ်ဖောက်လုပ်ခြင်း၊ ကျေးရွာချင်းဆက်လမ်းများကို ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်း၊ မြေသားလမ်းများဖောက်လုပ်ခြင်း၊ ကျောက်ချောလမ်းခင်းခြင်းနှင့် ကွန်ကရစ်တံတားများ တည်ဆောက်ပေးခြင်းတို့ကို ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၆ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ရခိုင်ပြည်နယ်အတွင်း လမ်းအရှည် မိုင် ၁၂၂၀ ကျော်**

ရခိုင်ပြည်နယ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့က စီမံခန့်ခွဲသော လမ်း ရှစ်လမ်း၊ လမ်းမိုင်ရှည် ၅၁၄ မိုင် ခြောက်ဖာလုံရှိပြီး ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ၄၃ လမ်း၊ လမ်းအရှည်မိုင် ၇၁ မိုင် ၄ ဖာလုံ ၇၀ ပေရှိရာ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့က ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော စုစုပေါင်းလမ်း ၅၁ လမ်းရှိပြီး လမ်းအရှည်မှာ ၁၂၂၆ မိုင် ၂ ဖာလုံ ၇၀ ပေ ရှိနေပြီ ဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အစိုးရသစ်လက်ထက် တစ်နှစ်တာ ကာလအတွင်း ၁၈ ပေ ကျယ်သော ကွန်ကရစ်လမ်း ၁၄ မိုင် ၃ ဖာလုံ ၅၉၄ ပေ၊ ၂၃ ပေ ကျယ်သော ကတ္တရာကွန်ကရစ်လမ်းခင်းခြင်းနှင့် ၁၂ ပေကျယ်သော ကတ္တရာလမ်းခင်းခြင်း ၂၀ မိုင် ၃၃၀ ပေ၊ ကတ္တရာလမ်းတိုးချဲ့ခြင်း ၁၇ မိုင် ၂ ဖာလုံ ၄၆၂ ပေ၊ ကျောက်ချော လမ်းခင်းခြင်း ၃၄ မိုင် ၄ ဖာလုံ စသည်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**မြစ်ကူးချောင်းကူးတံတားများ**

ရခိုင်ပြည်နယ်သည် မြစ်ချောင်းများပေါများသည်ဖြစ်ရာ မြစ်ကူးချောင်းဖြတ်တံတားများကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးတွင်



ကျောက်တော်-ပလက်ဝ လမ်းအား ကတ္တရာ လမ်းအဖြစ် အဆင့်မြှင့် တင်ခြင်း လုပ်ငန်း ဆောင်ရွက်ထားမှုကို တွေ့ရစဉ်

ဟန့်တားပိုင်းခြားမှုသဖွယ်ဖြစ်နေသည့် မြစ်ကူးချောင်းကူးတံတားများကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေးလျက်ရှိသည်။

ရန်ကုန်-စစ်တွေ ကားလမ်းပေါ်ရှိ ရာမောင်တံတားကို တည်ဆောက်ပေးနိုင်ခဲ့ပြီး အဆင့်မြှင့်တင်မှုများလည်းလက်ရှိအစိုးရသစ်လက်ထက်၌ ထပ်မံပြုလုပ်နိုင်ခဲ့ရာ ယခုအခါ ခရီးသည်တင်ကားများနှင့်ကုန်တင်ကားများပါ ရာသီမရွေး၊ အချိန်မရွေး ဖြတ်သန်း မောင်းနှင်နိုင်နေပြီဖြစ်သည်။

**တောဖျားချောင်းတံတား**

ပုဏ္ဏားကျွန်းနှင့် ရသေ့တောင်လမ်းပိုင်းတွင်ရှိသော ပေ ၁၂၀၀ ရှည်သည့် တောဖျားချောင်းတံတားကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ရာ စစ်တွေမြို့မှ ပုဏ္ဏားကျွန်း မြို့နယ်ကိုဖြတ်၍ ရသေ့တောင်မြို့နယ်အထိ မော်တော်ယာဉ်များ အခက်အခဲမရှိ အချိန်ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။ ပုဏ္ဏားကျွန်းစက်မှုဇုန် အကောင်အထည်ဖော်လျက်ရှိရာ တောဖျားချောင်းတံတား တည်ဆောက်ပေးနိုင်မှုကြောင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေပြီဖြစ်သည်။

**ထွန်းရဝေတံတား**

ထို့ပြင် ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်းပိုင်းပေါ်ရှိ အရှည်ပေ ၄၅၀ ရှိသော ထွန်းရဝေတံတား တည်ဆောက်နိုင်ခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိအောင် ပံ့ပိုးနိုင်ခဲ့သည်။



ရသေ့တောင်-ဘူးသီးတောင်လမ်း ပန်ဇင်းချောင်းတံတား အဆင့်မြှင့်တင်ဆောင်ရွက်သည့် အရှည်၂၉၃ မီတာ သံကူကွန်ကရစ်တံတား ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်

**ပန်ဇင်းချောင်းတံတား**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်အကြား ကားလမ်းပေါ်တွင် အရှည်ပေ ၉၆၀ ရှိသော ပန်ဇင်းချောင်းတံတားကိုလည်း တည်ဆောက်ပေးထားသဖြင့် ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့အကြား လမ်းပန်းဆက်သွယ်ရေးအခက်အခဲမရှိ အချိန်နှင့်တစ်ပြေးညီ သွားလာနိုင်ကြပြီဖြစ်သည်။

**အောင်သာချောင်းတံတား**

ရသေ့တောင်-ဘူးသီးတောင်မြို့နယ် လမ်းပိုင်းအတွင်း ပေ ၁၈၀ ရှည်သော အောင်သာချောင်းတံတားကိုလည်း ထပ်မံတည်ဆောက်ပေးထားသဖြင့် မြစ်များ၊ ချောင်းများကြောင့် ကားလမ်းများ ပြတ်တောက်မှုမရှိစေရန် တံတားများကို တည်ဆောက်ပေးထားခြင်းဖြစ်သည်။

**အုန်းချောင်းတံတား**

မာန်အောင်မြို့နယ် မာန်အောင်ကျွန်းပတ်လမ်းတွင် အုန်းချောင်းကို ဖြတ်သန်းတည်ဆောက်ထားသော အရှည်ပေ ၂၁၀ ရှိသည့် အုန်းချောင်းတံတားကို တည်ဆောက်ထားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အကုန်တွင် အဆိုပါတံတား ငါးစင်း တည်ဆောက်မှုပြီးစီးတော့မည်။ တံတားများ တည်ဆောက်ပြီးစီးပါက ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် မာန်အောင်မြို့နယ်တို့တွင် ခရီးသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုများ လျင်မြန်လာမည်ဖြစ်သည်။

**ဒါးလက်ချောင်းတံတား**

မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်ရှိ အရှည်ပေ ၉၆၀ ရှိသော ဒါးလက်ချောင်းတံတားကိုလည်း တည်ဆောက်လျက်ရှိပြီး လာမည့်နှစ်တွင် ပြီးစီးမည်ဖြစ်သည်။

**ကြပ်စင်မြစ်ကူးတံတား**

မြေပုံမြို့နယ်နှင့် မင်းပြားမြို့နယ်နှစ်ခုကို ဆက်စပ်ပေါင်းကူးပေးမည့် အရှည်ပေ ၁၉၂၀ ရှိသော ကြပ်စင်မြစ်ကူးတံတားကိုလည်း တည်ဆောက်လျက်ရှိပြီး လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ကြပ်စင်မြစ်ကို ဖြတ်သန်းတည်ဆောက်နေသော ကြပ်စင်မြစ်ကူးတံတားကြောင့် ကုန်းလမ်းဆက်သွယ်ရေးနှင့် ဆက်သွယ်မှုပြတ်တောက်နေသော မြေပုံမြို့သည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

**ရသေ့တောင်ချောင်းတံတား**

ပုဏ္ဏားကျွန်း-ရသေ့တောင် ကားလမ်းပိုင်းတွင်ရှိသော အရှည်ပေ ၈၀၀ ရှိသည့် ရသေ့တောင်ချောင်းတံတားကိုလည်း တည်ဆောက်ပေးလျက်ရှိရာ လာမည့် နှစ်နှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။

အချပ်ပို(င)သို့

**ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင် မြို့နယ်အကြား ကားလမ်းပေါ်တွင် အရှည်ပေ ၉၆၀ ရှိသော ပန်ဇင်းချောင်းတံတားကိုလည်း တည်ဆောက်ပေးထားသဖြင့် ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့အကြား လမ်းပန်းဆက်သွယ်ရေးအခက်အခဲမရှိ အချိန်နှင့်တစ်ပြေးညီ သွားလာနိုင်ကြပြီ ဖြစ်သည်။**



မင်းဘူး-အမ်း-စစ်တွေလမ်း မူလဘေလီ+သစ်သားတံတားမှ သံကူကွန်ကရစ်တံတားသို့ အဆင့်မြှင့်တင်ဆောင်ရွက်သည့် ကင်းချောင်းတံတား အရှည်ပေ ၄၄၀ အား ဆောင်ရွက်ပြီးနောက် တွေ့ရပုံ

အချပ်ပို(ဃ)မှ

**စိုင်းဒင်ချောင်းတံတား**

ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့ကို ဆက်သွယ်ထားသည့် ကားလမ်းပေါ်တွင် အရှည်ပေ ၆၀၀ ရှိသော စိုင်းဒင်ချောင်းတံတားကိုလည်း တည်ဆောက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးရန် သတ်မှတ်ထားသည်။

**ဆတ်ရိုးကျတံတား**

စစ်တွေမြို့နယ်အတွင်းရှိ ဆတ်ရိုးကျချောင်းကို ဖြတ်သန်းဖောက်လုပ်ထားသည့် အရှည်ပေ ၁၃၄၀ ရှိသော ဆတ်ရိုးကျတံတားကိုလည်း တည်ဆောက်လျက်ရှိရာ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများပြီးစီးရန် ကြိုးစားလျက်ရှိသည်။

ဆတ်ရိုးကျတံတားသည် ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက် အရေးပါပြီး ရခိုင်ပြည်နယ်၏ ကုန်သွယ်မှုလုပ်ငန်းများကို အထောက်အကူပြုပေးနိုင်မည့် တံတားဖြစ်သည်။

**ကစ္ဆပနဒီမြစ်ကူးတံတား**

ပုဏ္ဏားကျွန်းမှ မင်းပြားမြို့ကို ဆက်သွယ်မည့် ကစ္ဆပနဒီမြစ်ကူးတံတားအသစ်တစ်စင်းကိုလည်း အိန္ဒိယနိုင်ငံက တည်ဆောက်ပေးမည်ဟုကမ်းလှမ်းထားရာ ငါးနှစ်အတွင်း အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ကစ္ဆပနဒီမြစ်ကူးတံတားအသစ်တည်ဆောက်နိုင်ပါက ကုန်တင်ယာဉ်များနှင့် ခရီးသည်ယာဉ်များ ပိုမိုလျင်မြန်စွာဖြင့် ဘေးကင်းစွာ သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်ရာ ဒေသခံပြည်သူများအတွက် မျှော်လင့်ချက်ရောင်ခြည်ပင်ဖြစ်သည်။

**ကင်းချောင်းတံတား**

မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်ရှိ ကင်းချောင်းကို ဖြတ်သန်းတည်ဆောက်ထားသော အရှည်ပေ ၄၄၀ ရှိသည့် ကင်းချောင်းတံတားကိုလည်း မူလသစ်သားတံတားမှ သံကူကွန်ကရစ်တံတားအဖြစ်သို့ အဆင့်မြှင့်တင်ပေးနိုင်ခဲ့ရာ ယခုအခါ မော်တော်ယာဉ်များ ဘေးကင်းစွာသွားလာနိုင်ကြပြီဖြစ်သည်။




ရခိုင်ပြည်နယ်သို့ လာရောက်ကြသည့် ပြည်တွင်း ပြည်ပခရီးသည်များအတွက် အဓိကလေဆိပ်တစ်ခုဖြစ်သည့် စစ်တွေလေဆိပ်ကို တွေ့ရစဉ်



စစ်တွေမြို့နယ် ခတင်ပိုက်ကျေးရွာတွင် စိုက်ပျိုးထားသော မိုးကောင်းသောက် သက်လတ်လယ်စပါးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်ကို တွေ့ရစဉ်

**တန်လွဲတံတား**

ရန်ကုန်-ကျောက်ဖြူကားလမ်းပေါ်ရှိ တောင်ကုတ်-မအီလမ်းပိုင်းတွင်ရှိသော အရှည်ပေ ၆၀၀ ရှိသည့် တန်လွဲတံတားကို သစ်သားတံတားမှ သံကူကွန်ကရစ် တံတားအဆင့်သို့ အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ခဲ့ရာ မော်တော်ယာဉ်များ ဘေးကင်း လုံခြုံစွာသွားလာနိုင်နေပြီ ဖြစ်သည်။

**တံတားကြီး ၁၂ စင်း အဆင့်မြှင့်တင်**

ရခိုင်ပြည်နယ်တွင် ပေ ၁၈၀ နှင့်အထက် သံကူကွန်ကရစ် သံပေါင်တံတား ၁၂ စင်းကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။

ယင်းတံတားများမှာ -

(၁) ပေါက်တော-မင်းပြားလမ်းပေါ်ရှိ အရှည် ၁၂၁၆ ပေရှိသော စွန်ရဲတံတား၊

(၂) အရှည်ပေ ၉၀၀ ရှိသော ဆင်ခုံတိုင်တံတား၊

(၃) ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ အရှည်ပေ ၄၄၀ ရှိသော ကင်းချောင်းတံတား၊

(၄) အရှည်ပေ ၆၀၀ ရှိသော အမ်းချောင်းတံတား၊

(၅) အရှည်ပေ ၃၆၀ ရှိသော ပီကောက်တံတား၊

(၆) ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်းပေါ်ရှိ အရှည်ပေ ၄၈၀ ရှိသော စံမတီးချောင်းတံတား၊

(၇) မင်းဘူး-အမ်းလမ်းပေါ်ရှိ အရှည်ပေ ၄၀၀ ရှိသော သယုပဲပုဒ့်ကြိုးတံတား၊

(၈) တောင်ကုတ်-သံတွဲလမ်းပေါ်ရှိ အရှည်ပေ ၄၈၀ ရှိသော ကွေ့ချောင်းတံတား၊

(၉) အမ်း-တပ်တောင်လမ်းပိုင်းရှိ အရှည်ပေ ၃၆၀ ရှိသည့် ဂါယ်လောင်းတံတား၊

(၁၀) ကျောက်တော်-မြောက်ဦး-မင်းပြားလမ်းပိုင်းရှိ အရှည်ပေ ၁၈၀ ရှိသော သဲတန်းတံတား၊

(၁၁) မြေပုံ-ကံသာ-ကပိုင်လမ်းပေါ်ရှိ အရှည်ပေ ၁၈၀ ရှိသော ပဲကောက်တံတား၊

(၁၂) ရမ်းဗြဲ-ကျောက်နီမော်လမ်းပေါ်ရှိ အရှည် ၁၉၅ ပေရှိသော တရောင်းချောင်းတံတားတို့ကို အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးခဲ့သည်။

၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ ပေ ၁၈၀ အထက် တံတားအကြီး တစ်စင်း၊ ပေ ၁၈၀ အောက်နှင့် ပေ ၅၀ အထက် တံတား ၁၄ စင်း၊ ပေ ၅၀ အောက်တံတားနှင့် Culvert များ ၁၉၃ စင်း တိုးမြှင့်တည်ဆောက်နိုင်ခဲ့ပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ ထူးခြားပီပြင်စွာ ထွက်ပေါ်လာခဲ့ပြီဖြစ်ရာ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားများပင်ဖြစ်သည်။

**လေကြောင်းခရီး**

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ဆောင်ရွက်နေသကဲ့သို့ လေကြောင်းခရီးစဉ်ဖြင့် ကူးလူးသွားလာနိုင်ရေးအတွက် လေဆိပ်များအဆင့်မြှင့်တင်ခြင်း၊ လေဆိပ်အသစ်များ တည်ဆောက်ခြင်း၊ လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

လေဆိပ်အသစ်တည်ဆောက်ခြင်းတွင် မြောက်ဦးလေဆိပ်နှင့် မာန်အောင်လေဆိပ်တို့ကို တည်ဆောက်ပေးလျက်ရှိသည်။ မြောက်ဦး လေဆိပ်အသစ် တည်ဆောက်မှုကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ လေဆိပ်အဝင်လမ်းမြေနေရာနှင့် လေယာဉ်ပြေးလမ်း မြေနေရာများကို ရှင်းလင်းပြီး မြေပြင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အချပ်ပို(စ)သို့

**ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဆောင်ရွက်နေသကဲ့သို့ လေကြောင်း ခရီးစဉ်ဖြင့် ကူးလူးသွားလာနိုင်ရေးအတွက် လေဆိပ်များအဆင့်မြှင့်တင်ခြင်း၊ လေဆိပ်အသစ်များ တည်ဆောက်ခြင်း၊ လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိ**



ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း တောဖျားချောင်းတံတား အဆင့်မြှင့်တင်ဆောင်ရွက်သည့် အရှည် ၃၆၅ ဒသမ ၇ မီတာ သံကူကွန်ကရစ်တံတား ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်



ရခိုင်ပြည်နယ်၏ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် အသုံးပြုရန် ဂျပန်နိုင်ငံမှ အကူအညီပေးသည့် ရေယာဉ်ကစ္ဆပနဒီ(၁) ရေယာဉ်ကို တွေ့ရစဉ်

အချပ်ပို(င)မှ

**မြောက်ဦးလေဆိပ်**

မြောက်ဦးလေဆိပ်တည်ဆောက်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ခဲ့ပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်တွင် ပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ယခင် မြောက်ဦးလေဆိပ်အဟောင်းသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ကျရောက်နေသဖြင့် အသစ်ပြန်လည်ရွှေ့ပြောင်းတည်ဆောက်ခြင်းဖြစ်သည်။ မြောက်ဦးလေဆိပ် တည်ဆောက်ပြီးပါက ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ တိုးတက်များပြားစွာ ရောက်ရှိလာကြမည်ဖြစ်ရာ မြောက်ဦးဒေသ၏ အနာဂတ်အလှကလည်း ဝေဖြာနေဦးမည်ဖြစ်သည်။

**မာန်အောင်လေဆိပ်**

မာန်အောင်လေဆိပ်ကိုလည်း အသစ်ပြုပြင်တိုးချဲ့မှုများ ဆောင်ရွက်လျက်ရှိသည်။ လေယာဉ်ငယ်များ အဆင်းအတက် အသုံးပြုနိုင်ရန် လေယာဉ်ပြေးလမ်းအရှည် ပေ ၄၀၀၀ နှင့် အကျယ် ပေ ၁၀၀ ကို တိုးချဲ့ပြုပြင်ထားပြီး တစ်ထပ်လေဆိပ် အဆောက်အအုံကိုလည်း တည်ဆောက်ခဲ့ရာ လေယာဉ်ငယ်များဖြင့် ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသည်။

ATR 72 လေယာဉ်များ ဆင်းသက်အသုံးပြုနိုင်သည်အထိ ပြေးလမ်းကို တိုးချဲ့သွားမည်ဖြစ်သည်။

**စစ်တွေလေဆိပ်**

လေဆိပ်များအဆင့်မြှင့်တင်ခြင်းတွင် စစ်တွေလေဆိပ်ကို မူလပြေးလမ်း အရှည် ပေ ၆၀၀၀၊ အကျယ် ပေ ၁၅၀ မှ ယခုအခါ အရှည်ပေ ၇၅၀၀၊ အကျယ် ပေ ၁၅၀ သို့ တိုးချဲ့ခဲ့သည်။ ယခင်က




သံတွဲလေဆိပ်ကို တွေ့ရစဉ်

ATR 72 လေယာဉ်များသာ ဆင်းသက်အသုံးပြုနိုင်ခဲ့ရာမှ ယခုအခါ Airbus 320 လေယာဉ်ကြီးများနှင့် Embraer 190 လေယာဉ်များ အဆင်းအတက် အသုံးပြုနိုင်တော့မည်ဖြစ်သည်။

စစ်တွေလေဆိပ် အဆောက်အအုံအသစ်ကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်ပေးနိုင်ခဲ့သလို အရေးကြီးပုဂ္ဂိုလ်နားနေဆောင်သစ် အဆောက်အအုံကိုလည်း တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ရခိုင်ပြည်နယ်၏ မျက်နှာစာအလှက ပိုမိုပေါ်လွင်လာခဲ့ပြီ။

**ကျောက်ဖြူလေဆိပ်**

ကျောက်ဖြူလေဆိပ်ကိုလည်း အဆင့်မြှင့်တင်ခဲ့ပြီး မူလလေယာဉ်ပြေးလမ်း အရှည် ပေ ၄၆၂၀ နှင့် အကျယ် ပေ ၁၀၀ အား ယခုအခါ ပြေးလမ်းအရှည် ပေ ၇၅၀၀ နှင့် အကျယ် ပေ ၁၀၀ အထိ တိုးချဲ့ပေးခဲ့သည့်အတွက် ယခုအခါ Airbus 320 လေယာဉ်ကြီးများနှင့် Embraer 190 လေယာဉ်များ အဆင်းအတက်အသုံးပြုနိုင်တော့မည်ဖြစ်သည်။

**သံတွဲလေဆိပ်**

နိုင်ငံခြားခရီးသည် အဝင်အထွက်များပြားသော သံတွဲလေဆိပ်ကိုလည်း လေယာဉ်ပြေးလမ်း အရှည်ပေ ၈၀၀၀ နှင့် အကျယ် ပေ ၁၀၀ အား လေးလက်မထု နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ခင်းနိုင်ခဲ့သည်။

လေဆိပ်အဆောက်အအုံကို တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည့်အပြင် လေကြောင်းထိန်းမျှော်စင်အသစ်ကိုလည်း တည်ဆောက်ပေးခဲ့ရာ ငပလီကမ်းခြေသို့ လာရောက်ကြသည့် ဧည့်သည်များအတွက် တင့်တင့်တယ်တယ်ရှိခဲ့ပြီ ဖြစ်သည်။

**လေကြောင်းလိုင်းများ**

ရခိုင်ပြည်နယ်သို့ ပြည်တွင်း ပြည်ပ ခရီးသည်များ လာရောက်မှု တိုးတက်များပြားလာသဖြင့် လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲလျက်ရှိရာ ရန်ကုန်-စစ်တွေ ခရီးစဉ်အတွက် မြန်မာအမျိုးသားလေကြောင်းလိုင်း၊ Air KBZ လေကြောင်းလိုင်း၊ Air Mandalayလေကြောင်းလိုင်း၊ Golden Myanmar လေကြောင်းလိုင်း၊ FMI လေကြောင်းလိုင်းနှင့် မန်းရတနာပုံလေကြောင်းလိုင်းများ ပြေးဆွဲပျံသန်းလျက်ရှိသည်။

ရန်ကုန်-ကျောက်ဖြူခရီးစဉ်အတွက် မြန်မာအမျိုးသားလေကြောင်းလိုင်း၊ Golden Myanmar လေကြောင်းလိုင်းတို့က ပျံသန်းပြေးဆွဲလျက်ရှိပြီး ရန်ကုန်-သံတွဲ ခရီးစဉ်တွင် မြန်မာအမျိုးသားလေကြောင်းလိုင်းက နေ့စဉ်ပြေးဆွဲလျက်ရှိသည်။ ရန်ကုန်-အမ်းခရီးစဉ်အတွက် မြန်မာအမျိုးသားလေကြောင်းလိုင်းက တစ်ပတ်လျှင်နှစ်ရက် ပြေးဆွဲနေပြီး ရန်ကုန်-မာန်အောင်ခရီးစဉ်အတွက် မြန်မာအမျိုးသားလေကြောင်းလိုင်းက တစ်ပတ်လျှင် သုံးရက်ပြေးဆွဲလျက်ရှိသည်။

လေကြောင်းခရီးစဉ်များ ပြေးဆွဲပျံသန်းနိုင်မှုကြောင့် ရခိုင်ပြည်နယ်သို့ လာရောက်ကြမည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ခရီးသွားဧည့်သည်များအတွက် အချိန်တိုအတွင်း လာရောက်နိုင်လျက်ရှိရာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းခရီးစဉ်များသည်လည်း အထောက်အကူပြုလျက်ရှိသည်။

**ရေကြောင်းသယ်ယူပို့ဆောင်ရေး**

ရခိုင်ပြည်နယ်အတွင်း ရေကြောင်းခရီးစဉ်များပြေးဆွဲရန် ဂျပန်နိုင်ငံမှ ရေယာဉ် သုံးစင်းအား ထောက်ပံ့ကူညီပေးခဲ့သဖြင့် ရခိုင်ပြည်နယ်တွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်ပံ့ပိုးပေးနိုင်တော့မည်ဖြစ်သည်။

**ဂျပန်နိုင်ငံမှ ရေယာဉ်အသစ်များ**

ဂျပန်နိုင်ငံမှ ပထမရေယာဉ်ကို ၂၀၁၇ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် လွှဲပြောင်းလက်ခံနိုင်မည်ဖြစ်သည်။

ဒုတိယရေယာဉ်မှာ ယခုနှစ် မေလနှင့် နောက်ဆုံးရေယာဉ်သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ရောက်ရှိမည်ဖြစ်ရာ ရခိုင်ပြည်နယ်အတွင်း ပြည်သူများအား ရေကြောင်းခရီးစဉ်များ ဘေးကင်းလုံခြုံစွာ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

**ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ယာဉ်များ**

ရခိုင်ပြည်နယ်အတွင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် စက်ရှိ၊ စက်မဲ့ရေယာဉ် ၁၄ စင်း၊ ပုဂ္ဂလိက ကုန်တင်ရေယာဉ် ၇၇ စင်း၊ စက်တပ်မြင်းကောင်ရေအား ၂၀ အထက် ရေယာဉ်အစင်း ၇၀၀၊ စက်တပ်မြင်းကောင်ရေ ၂၀ အားအောက် ရေယာဉ်အစင်း ၈၀၀ တို့ဖြင့် ခရီးသည်နှင့် ကုန်စည်များကို ပို့ဆောင်ပေးလျက်ရှိသည်။ အချပ်ပို(ဆ) သို့



ကျောက်ဖြူဓာတ်အားခွဲရုံကို တွေ့ရစဉ်



ရခိုင်ပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသော ဆိပ်ကမ်းတစ်ခုဖြစ်သည့် စစ်တွေဆိပ်ကမ်းကို တွေ့ရစဉ်

အချပ်ပို(စ)မှ

**ကမ်းပြိုကာကွယ်ရေးနှင့် လှိုင်းကာမြေထိန်းနံရံလုပ်ငန်း**

ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် သံတွဲမြို့နယ် တောင်ကုတ်မြို့ ရသေ့တောင်မြို့ ကျောက်တော်မြို့နယ် မင်းပြားမြို့နယ်၊ မာန်အောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်တို့တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ လှိုင်းကာမြေထိန်းနံရံလုပ်ငန်းနှင့် သောင်တူးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ရေကြောင်း ဘေးကင်းလုံခြုံရေးများအတွက်လည်း ရေယာဉ်ဝန်ထမ်းများဖြင့် ရေယာဉ်များကို ကျွမ်းကျင်ပညာရှင်များအဖွဲ့က စစ်ဆေးကြပ်မတ်လျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်း ဆိပ်ကမ်းများတွင် အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ရထားလမ်းစီမံကိန်းများ**

ရခိုင်ပြည်နယ်အတွင်း ရထားလမ်းစီမံကိန်းများ ဖောက်လုပ်ဆောင်ရွက်ပေးခဲ့ရာ အရှည် ၂၉၉ ဒသမ ၂၅ မိုင် ရှည်လျားသည့် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းစီမံကိန်းတွင် ပါဝင်သည့် စစ်တွေ-မြောက်ဦးရထားလမ်းဖောက်လုပ်ခြင်းကို ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်၌ စစ်တွေ-ရေချမ်းပြင်၊ ကွမ်းတောင်-ယိုးတရုတ်၊ ယိုးတရုတ်-ကျောက်တော်လမ်းပိုင်း သုံးခုအတွက် ၅၄ မိုင်နှင့် ရေချမ်းပြင်-ကွမ်းတောင်လမ်းပိုင်းအတွက် အရှည် ၆ မိုင် ဖောက်လုပ်ပြီးဖြစ်သည်။

**စစ်တွေမှ မြောက်ဦး**

ရထားလမ်းပိုင်းဖောက်လုပ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရထားလမ်းဖောက်လုပ်ပြီးစီးပါက စစ်တွေမှ မြောက်ဦးသို့ ရထားဖြင့် နေ့ချင်းပြန်သွားလာနိုင်ပြီး ဒေသခံပြည်သူများနှင့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များအတွက် ခရီးသွားလာရေး အဆင်ပြေမည်ဖြစ်သည်။

**ဆက်သွယ်ရေးကဏ္ဍ**

ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးကဏ္ဍတွင် အော်တိုအိတ်ချိန်းစက်ခန်း ၂၀ ခု၊ မိုက်ခရိုဝေ့ဗ်စခန်း ၂၂ ခု၊ CDMA 450 စက်ခန်း ၁၉ ခု၊ CDMA 800 စက်ခန်း နှစ်ခုနှင့် GSM/UMTS စက်ခန်း ၁၈၄ ခု တည်ဆောက်ထားပြီးဖြစ်သည်။ မိုလ်ဘိုင်းတာဝါတိုင်များ တည်ဆောက်မှုမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်က ၂၉၇ တိုင်သာရှိခဲ့ပြီး ယခုအစိုးရ တစ်နှစ်တာကာလအတွင်း မိုလ်ဘိုင်းတာဝါတိုင်ပေါင်း ၄၇၉ တိုင် တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်။

ဖိုင်ဘာကေဘယ်အနေဖြင့်လည်း ယခင်က ၁၉၅၉ ဒသမ ၈၀ ကီလိုမီတာရှိခဲ့ရာမှ ယခုအခါ ၃၃၀၃ ဒသမ ၂၂ ကီလိုမီတာအထိ တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ရခိုင်ပြည်နယ်အတွင်း နေရာဒေသအနှံ့ ဖုန်းကွန်ရက်များ ချိတ်ဆက် ပြောဆိုနိုင်ပြီဖြစ်သည်။

**မိုးလေဝသရေဒါအဆောက်အအုံ**

ရခိုင်ပြည်နယ်သည် ကမ်းခြေဒေသတစ်ခုဖြစ်ရာ သဘာဝဘေးအန္တရာယ်ဖြစ်သော မုန်တိုင်းဒဏ်ကို ကြုံတွေ့ရလေ့ရှိသဖြင့် ဒေသခံပြည်သူများအား အကာအကွယ်ပေးနိုင်ရန်အတွက် မုန်တိုင်းတည်နေရာ၊ ပြင်းအားနှင့် ရွေ့လျားမည့်လမ်းကြောင်းကို တိကျစွာထောက်လှမ်းနိုင်သော မိုးလေဝသရေဒါအဆောက်အအုံကို ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ကျောက်ဖြူမြို့နယ် ကင်းရွာ၌ တည်ဆောက်တပ်ဆင်ခဲ့သည်။

**အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာများ**

ယင်းမိုးလေဝသရေဒါမှ နေ့စဉ်မုန်တိုင်းသတိပေးချက်ထုတ်ပြန်လျက်ရှိပြီး စစ်တွေ-ကျောက်ဖြူ-သံတွဲနှင့် ဂွမိုးလေဝသစခန်းများတွင်လည်း အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာများတပ်ဆင်ပြီး ဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ် ဂွမြို့နယ်တွင်လည်း အိန္ဒိယနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် မြေလျှင်တိုင်းစက်ကိုလည်း ယခုနှစ်အတွင်း တပ်ဆင်သွားမည်ဖြစ်သည်။

**ဟိုတယ်နှင့် ခရီးသွားလာရေး**

ရခိုင်ပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့ရာတွင် ယခင်က ဟိုတယ်နှင့် တည်းခိုရိပ်သာ စုစုပေါင်း ၄၄ လုံးနှင့် အိပ်ခန်းပေါင်း ၁၃၄၇ ခန်း ရှိခဲ့ရာမှ ယခုအစိုးရသစ်လက်ထက် တစ်နှစ်တာကာလအတွင်း ဟိုတယ်နှင့်တည်းခိုရိပ်သာ ငါးလုံးနှင့် အိပ်ခန်းပေါင်း ၁၉၃ ခန်းကို လုပ်ငန်းလိုင်စင်ထပ်မံခွင့်ပြုနိုင်ခဲ့ရာ စစ်တွေမြို့၌ တည်းခိုရိပ်သာ နှစ်လုံးနှင့် အိပ်ခန်း ၃၁ ခန်း၊ ကျောက်ဖြူမြို့တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာသုံးလုံး အိပ်ခန်း ၉၃ ခန်း ထပ်မံတိုးတက်လာခဲ့သည်။

ခရီးလှည့်လည်ရေးလုပ်ငန်းအတွက်လည်း ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်များကို စစ်တွေမြို့တွင် နှစ်ခု၊ သံတွဲမြို့တွင် နှစ်ခု ခွင့်ပြုပေးခဲ့ရာမှ ယခု အစိုးရလက်ထက်တွင် စစ်တွေမြို့၌ ခရီးသွားလုပ်ငန်းလိုင်စင်တစ်ခု အသစ်ထပ်မံခွင့်ပြုပေးခဲ့သည်။



ရခိုင်ပြည်နယ်သို့ လာရောက်ကြသည့် နိုင်ငံခြားခရီးသွားဧည့်သည်များ ဆင်စီး၍ သဘာဝတောတောင်ရှုခင်းများကို လေ့လာကြည့်ရှုနေစဉ်

ငပလီကမ်းခြေတွင် အစိုးရသစ် တစ်နှစ်တာကာလအတွင်း ဟိုတယ်နှင့် အဆင့်မြင့်တည်းခိုရိပ်သာ တစ်လုံးတို့အတွက် တည်ဆောက်ခြင်း ကြိုတင်ခွင့်ပြုမိန့်များကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်**

ရခိုင်ပြည်နယ်အတွင်း လက်ရှိအစိုးရ၏ တစ်နှစ်တာကာလအတွင်း မောင်တောမြို့နယ် သာသနာ့ဗိမာန်တော်ကြီး ဆောက်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ စုပေါင်းအလှူရှင်များ၏ လှူဒါန်းမှုအပါအဝင် ငွေကျပ် သိန်း ၂၅၀၀ အကုန်အကျခံကာ တည်ဆောက်ခဲ့သည်။

မောင်တောမြို့နယ်တွင် မောရဝတီသာသနာပြုကျောင်းအတွင်း သိမ်တော်တည်ဆောက်မှုလုပ်ငန်းကိုလည်း သိန်း ၁၀၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးခံခဲ့ရသော မြောက်ဦးမြို့ ရတနာ့မာန်အောင်စေတီတော် ပြုပြင်မှုကို အပြီးဆောင်ရွက်နိုင်ခဲ့သည်။

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ခြံချောင်းသာသနာပြုဌာနအတွင်း အာရုံခံတန်ဆောင်းအပါအဝင် ဘာသာရေးအဆောက်အအုံများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

အချပ်ပို(ဇ)သို့



မင်းဘူး-အမ်း-စစ်တွေလမ်း ပေါ်ရှိ (၁၀၉ ဒသမ ၅ ကီလိုမီတာ-၁၁၀ ကီလိုမီတာ)အတွင်း ကျောက်စီမြေထိန်းနံရံ တည်ဆောက် ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်

**ရခိုင်ပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့ရာတွင် ယခင်က ဟိုတယ်နှင့် တည်းခိုရိပ်သာ စုစုပေါင်း ၄၄ လုံးနှင့် အိပ်ခန်းပေါင်း ၁၃၄၇ ခန်း ရှိခဲ့ရာမှ ယခုအစိုးရသစ်လက်ထက် တစ်နှစ်တာကာလအတွင်း ဟိုတယ်နှင့်တည်းခိုရိပ်သာ ငါးလုံးနှင့် အိပ်ခန်းပေါင်း ၁၉၃ ခန်းကို လုပ်ငန်းလိုင်စင်ထပ်မံခွင့်ပြုနိုင်ခဲ့**

အချပ်ပို(ဆ)မှ

**လယ်ယာနှင့်ဆည်မြောင်းများ တူးဖော်ပေးမှု**

ရခိုင်ပြည်နယ်အတွင်း အစိုးရသစ် တစ်နှစ်တာကာလအတွင်း လယ်ယာဆည်မြောင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စု ရန်ပုံငွေဖြင့် စစ်တွေမြို့ ကန်တော်ကြီးကန် တူးဖော်ခြင်း၊ ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်တို့တွင် နွေစပါး ရေရရှိရေးချောင်း၊ မြောင်းများတူးဖော်ဆောင်ရွက်ခြင်း၊ မြေပုံမြို့နယ်တွင် ငမန်းရဲကျွန်းတာပြုပြင်ခြင်းစသည့် လုပ်ငန်းများကို ငွေ သန်း ၂၁၃၂ ဒသမ ၉၂၃ သန်း အကုန်အကျခံကာ ဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ရမ်းဗြဲမြို့နယ်၊ မင်းပြားမြို့နယ်၊ မြေပုံမြို့နယ်၊ တောင်ကုတ်မြို့နယ်တို့တွင် လျှိုပိတ်ဆည်များ တည်ဆောက်ခြင်း၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မင်းပြား၊ မြေပုံ၊ အမ်း၊ ရမ်းဗြဲနှင့် စစ်တွေမြို့နယ်များတွင် တာတမံများ၊ ဆည်များ၊ လယ်သမားတာများ တည်ဆောက်ပေးခဲ့သည့်အပြင် စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မင်းပြား၊ မြေပုံမြို့နယ်များတွင် ရေငန်တားတာများ၊ ရေလှောင်တမံများ၊ ရေမြောင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ရာ ဒေသခံတောင်သူလယ်သမားအတွက် အကျိုးသက်ရောက်စေခဲ့သည်။

**နယ်စပ်စည်းရိုး**

ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်စည်းရိုးကာရံခြင်းလုပ်ငန်းကိုလည်း ယခု အစိုးရသစ် လက်ထက် ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း တုံချောင်းဝမှ အငူမော်ကျေးရွာအထိ မိုင် ၄၀ ရှိသော အပိုင်းတွင် ၁၀ မိုင် အရှည်အား ခွင့်ပြုရန်ပုံငွေ ၁၂၈၇၅ ဒသမ ၆၇၂ သန်း အကုန်အကျခံကာ ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်ပြီး နယ်စပ်ကင်းစခန်းများ၊ ကင်းလှည့်လမ်းရှိ တံတားနှင့် ပျက်စီးနေသော နယ်စပ်ခြံစည်းရိုး ၆၉ နေရာအား ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။




ကျောက်ဖြူလေဆိပ်ကို တွေ့ရစဉ်

**ဆေးရုံဆေးခန်းများ**

ကျန်းမာရေးကဏ္ဍတွင် ဆေးရုံနှင့် ဆေးပေးခန်းများ၊ ကျေးလက်ကျန်းမာရေး ဌာနများမှာ ပုံမှန်အတိုင်းကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်နေပြီဖြစ်သည်။ မောင်တောခရိုင် အပါအဝင် ရခိုင်ပြည်နယ်အတွင်း နေရာဒေသမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုများရရှိနိုင်ရန် ဘက်စုံပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ်အတွင်းရှိလူဦးရေ ၃ ဒသမ ၃သန်းကျော်ရှိသည့်အတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ခုတင် ၅၀၀ ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင် ၁၀၀ ဆံ့ဆေးရုံ ငါးရုံ၊ ခုတင် ၅၀ အောက်ဆေးရုံ ၅၂ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၂၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၅၈ ခုတို့ဖြင့် ကျန်းမာရေးလွှမ်းခြုံမှု ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

**လျှပ်စစ်မီးလင်းရေး**

ရခိုင်ပြည်နယ်တွင် တစ်နှစ်တာကာလအတွင်း လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ခဲ့ရာ မအီဓာတ်အားခွဲရုံ၊ တောင်ကုတ်ဓာတ်အားခွဲရုံ၊ ကျောက်ဖြူဓာတ်အားခွဲရုံ၊ ပုဏ္ဏားကျွန်း ဓာတ်အားခွဲရုံနှင့် မင်းပြားဓာတ်အားခွဲရုံများ တည်ဆောက်နိုင်ခဲ့ပြီး ၆၆ ကေဗွီ တောင်ကုတ်-မအီ ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ တောင်ကုတ်-ဖုန်ညို ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ ကျောက်ဖြူ-ကျောက်ဖြူ(SEZ) ဓာတ်အားလိုင်းအမှတ်(၁)၊ ၆၆ ကေဗွီ ကျောက်ဖြူ-ကျောက်ဖြူ (SEZ) ဓာတ်အားလိုင်းအမှတ်(၂)၊ ၆၆ ကေဗွီ မြောက်ဦး-မင်းပြား ဓာတ်အားလိုင်း၊ ၂၃၀ ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်- ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်း၊ ၃၃ ကေဗွီ မင်းပြား-မြေပုံ ဓာတ်အားလိုင်းနှင့် ၃၃ ကေဗွီ အမ်း-ကမ်းထောင်းကြီး ဓာတ်အားလိုင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ဓာတ်အားခွဲရုံများ တည်ဆောက်**

လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းနိုင်ခြင်း၊ ဓာတ်အားခွဲရုံများ တည်ဆောက်နိုင်ခြင်းတို့ကြောင့် မအီမြို့၊ တောင်ကုတ်မြို့၊ ကျောက်ဖြူမြို့၊ မင်းပြားမြို့၊ မြောက်ဦးမြို့တို့အပါအဝင် ကျေးရွာ ၅၅ ရွာတို့၌ လျှပ်စစ်မီးများ ထပ်မံသုံးစွဲနိုင်မည်ဖြစ်သည်။ ကျေးလက်နေပြည်သူများအထိ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ခံစားနိုင်ပြီဖြစ်သည်။

**အနာဂတ်အလင်းတန်းများ ဝေဖြာမည့်မြေ**

လမ်း၊ တံတား၊ လျှပ်စစ် စသည့်အခြေခံအဆောက်အအုံများ ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် လက်ရှိအစိုးရသစ်၏ တစ်နှစ်တာကာလ ကြိုးပမ်းလုပ်ဆောင်ချက်များကလည်း ပေါ်လွင်လျက်ရှိရာ သဘာဝကပေးထားသော ရေမြေသယံဇာတ၊ အခြေခံကောင်းများရှိပြီးဖြစ်သည့် ရခိုင်ပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအလင်းတန်းများမှာ မကြာမီကာလမှာပင် ဝေဖြာနေတော့မည်ဟု ယုံကြည်မျှော်လင့်မိပါတော့သတည်း။ ။

**လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းနိုင်ခြင်း၊ ဓာတ်အားခွဲရုံများ တည်ဆောက်နိုင်ခြင်းတို့ကြောင့် မအီမြို့ တောင်ကုတ်မြို့ ကျောက်ဖြူမြို့ မင်းပြားမြို့ မြောက်ဦးမြို့တို့အပါအဝင်ကျေးရွာ ၅၅ ရွာတို့၌ လျှပ်စစ်မီးများ ထပ်မံသုံးစွဲနိုင်မည်ဖြစ်သည်။ ကျေးလက်နေပြည်သူများအထိ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ခံစားနိုင်**



ရခိုင်ပြည်နယ် သံတွဲမြို့ရှိ စက်မှုလက်မှုသိပ္ပံကျောင်းကို တွေ့ရစဉ်

ရခိုင်ပြည်နယ်အတွင်း တရားမဝင် ဖြတ်သန်းသွားလာဝင်ရောက်သူများနှင့် မူးယစ်ဆေးဝါးကာကွယ် တားဆီးရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိသည်။

**စာသင်ကျောင်းများ တိုးချဲ့တည်ဆောက်**

ရခိုင်ပြည်နယ်အတွင်း အစိုးရသစ်လက်ထက် တစ်နှစ်တာအတွင်း အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ရာ အထက်တန်းကျောင်း ၁၁ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၂ ကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း ခွဲ ၇၉ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၆၇ ကျောင်း၊ မူလတန်းကျောင်း ၁၉ ကျောင်းနှင့် မူလတန်းကျောင်းခွဲ ၂၉ ကျောင်း စုစုပေါင်း ၃၂၄ ကျောင်းအား အဆင့်တိုးမြှင့်ပေးနိုင်ခဲ့သည်။

တိုးတက်လာသောကျောင်းသားကျောင်းသူများအတွက် လိုအပ်သော ဆရာ၊ ဆရာမ များ အင်အားဖြည့်ဆည်းပေးခဲ့ရာတွင် မူလတန်းပြ ၁၃၃၂ ဦးကို ခန့်အပ် တာဝန်ပေးခဲ့သည်။ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (သံတွဲ)၊ အစိုးရစက်မှုလက်မှု အထက်တန်းကျောင်း (စစ်တွေ) တို့ကို ဖွင့်လှစ်ကာ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားတတ်မြောက်စေခဲ့ခြင်းဖြင့် လူမှုဘဝ တိုးတက်မှုများ ဖြစ်ပေါ်လာစေမည် ဖြစ်သည်။ စစ်တွေတက္ကသိုလ်၊ တောင်ကုတ်ကောလိပ်နှင့် ကျောက်ဖြူပညာရေးကောလိပ်တို့အပြင် ယခုအစိုးရသစ်လက်ထက်တွင် တောင်ကုတ်ကောလိပ်ကို တောင်ကုတ်ဒီဂရီကောလိပ်အဖြစ် အဆင့်မြှင့်တင် ပေးနိုင်ခဲ့သည်။



ရခိုင်ပြည်နယ် တောင်ကုတ်မြို့ရှိ လျှပ်စစ်ဓာတ်အားခွဲရုံကို တွေ့ရစဉ်